# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကိုရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၅၅)


# ဆီဆိုင်မြို့ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေး စီမံကိန်းများ ဖွင့်လှစ်

**ဆီဆိုင် မတ် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုဖြစ်သည့် (Terra People Association - TPA) (ကမ္ဘာ့လူသားအဖွဲ့အစည်း) အစီအစဉ်ဖြင့် (MoU) လက်မှတ်ရေးထိုး သဘောတူညီချက်အရ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဆီဆိုင်မြို့ မြို့ပေါ် ခြောက်ရပ်ကွက်နှင့် မြို့နှင့်ဆက်စပ်လျက်ရှိသည့် အနီးပတ်ဝန်းကျင်ကျေးရွာဖြစ်သည့် ဘုရားဖြူကျေးရွာ၊ ဟော်တောင်ကျေးရွာ၊ ဟော်မြောက်ကျေးရွာ၊ ပန်လိုင်းကျေးရွာ၊ ဝါးတောကျေးရွာနှင့် တခေါ့တန်ကျေးရွာတို့တွင် သန့်ရှင်းသောသောက်သုံးရေ ပေးဝေရေးလုပ်ငန်းနှင့် တစ်ဖက်ပိတ်ဆည် တည်ဆောက်ရေးလုပ်ငန်းများ ဖွင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက ဆီဆိုင်မြို့ မြကန်သာရပ်ကွက်ရှိ မြို့ဦးရေထွက်ဦးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❄


**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သန့်ရှင်းသောသောက်သုံးရေ ပေးဝေရေး စီမံကိန်းဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာ ပက်ဖျန်းပေးစဉ်။**





# မြန်မာ -ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး

# ပြန်လည်လက်ခံရေးအတွက် သဘောတူညီချက်ပါအတိုင်း မြန်မာဘက်မှ အဆင်သင့်ဖြစ်

**နေပြည်တော် မတ် ၃**

မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂ ရက် ညနေ ၄ နာရီမှ ၄ နာရီ ၅၅ မိနစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း နှစ်နိုင်ငံ နယ်စပ်မှတ်တိုင် ၃၁/၁ ဝေါင်းဒုံ BGB စခန်း၌ ကျင်းပခဲ့သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီး တရားမဝင် နေရပ်စွန့်ခွာနေထိုင်သူများနှင့်ပတ်သက်၍ ကိစ္စရပ်များ၊ နှစ်နိုင်ငံညှိနှိုင်း၍ လုည့်ကင်းဆောင်ရွက်မည့် အစီအမံများ၊ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ သတင်းညှိနှိုင်းဖလှယ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အမှတ် ၁ နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စောဇေယျာလင်းနှင့် အဖွဲ့ဝင် ကိုးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမှတ် ၃၄ BGB တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မောန်ဇူရပ်ဟာဆာန်ခါန်းနှင့် အဖွဲ့ဝင်ခြောက်ဦး တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အပြုသဘော ပါဝင်ကူညီမှုကို ကြိုဆိုသွားမည်**


စာမျက်နှာ-၅





မြန်မာ့အလင်း

# ထိရောက်တဲ့ ဥပဒေစိုးမိုးမှု

ရာစုနှစ်ဝက်ကျော် ဒီမိုကရေစီ အမှောင်ကျမှု၏ရလဒ်များအတွင်း ဆင်းရဲမွဲတေစွာ နေထိုင်ခဲ့ရသည့် မြန်မာနိုင်ငံအဖို့ ဒီမိုကရေစီ တစ်စိတ်တစ်ပိုင်းကို အမိအရဆုပ်ကိုင်ရင်း မျှော်လင့်ချက်ကြီးစွာဖြင့် လူးလွန့်ရုန်းကန်နေရသည်။ ဆင်းရဲတွင်းထဲဒုတ်ဒုတ်ထိ အခြေအနေမှ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သော တိုးတက်ဖွံ့ဖြိုးသည့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံအဖြစ်သို့ဟူသော ပန်းတိုင်ဆီသို့ လျှောက်လှမ်းသည့် ခရီးလမ်းက ခက်ခဲကြမ်းတမ်းမည်မှာ အမှန်။

ဒီမိုကရေစီစနစ်က သယ်ဆောင်သွားလိမ့်မည်ဟု ပြည်သူတို့ယူဆထားသော ဥပဒေစိုးမိုးမှု အရိပ်အာဝါသက ပြည့်ပြည့်ဝဝမရသေး။ ပြည်သူတို့ အသက်ရှင်သန် ကျန်းမာရေး၊ လွတ်လပ်မျှတစွာ စီးပွားရှာဖွေလုပ်ဆောင်နိုင်ရေး၊ လုံခြုံစိတ်ချစွာ သွားလာနေထိုင်နိုင်ရေး စသည့် လူချင်းတူတူ သူချင်းမျှမျှ ဘဝရပ်တည်နိုင်ရေး စသည်တို့က အတော်ပင်ကြိုးစားထူထောင်ရဦးမည့် အခြေအနေ။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဟူသည်တို့က ပြည်သူ့အစိုးရထူထောင်ရန် စတင်ပြင်ဆင်ချိန်ကတည်းက ရည်မှန်းချက်ထားခဲ့သည့် အဓိကဦးတည်ချက်များဖြစ်ခဲ့သော်လည်း အဓိကထောက်တိုင်များကို စုစုစည်းစည်းဖြင့် အုတ်မြစ်မချနိုင်သေးသည်က ပင်မပြဿနာဖြစ်နေ၏။

ပြည်သူတို့ကြားထဲမှာ စိတ်အထိခိုက်အခံစားရဆုံး ဖြစ်ရသည်ကလည်း စစ်ပွဲများ မရပ်နိုင်သေးဘဲ ငြိမ်းချမ်းရေးအလှမ်းဝေးနေသည့် အဖြစ်နှင့် မြန်မာနိုင်ငံမှာ ရာဇဝတ်မှုတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ဟု သိမြင်ခံစားနေကြရခြင်းတို့ ဖြစ်မည်ထင်၏။

လွန်စွာ ကြမ်းတမ်းရက်စက်လှသော လုယက်သတ်ဖြတ်မှုများ၊ အထူးအဆန်းမဟုတ်တော့သလို ဖြစ်နေရသည့် နေ့စဉ်ဘဝများထဲရှိ ဘတ်စ်ကားပေါ်က သို့မဟုတ် လမ်းများပေါ်က မတော်မတရားမှုများ၊ မယုံကြည်နိုင်လောက်အောင် ထုထည်ကြီးမားများပြားလှသည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ၊ လူမှုအဖွဲ့အစည်းတစ်ရပ်တွင်းက ဘယ်လိုမှ ခွင့်မလွှတ်နိုင်လောက်အောင် ဆိုးရွားလှသည့် အဓမ္မမှုများ၊ အထူးသဖြင့်တော့ သက်ငယ်မုဒိမ်းမှုများ...။

ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသော ထောက်တိုင်များအားလုံး အချင်းချင်း အပြန်အလှန်ထိန်းညှိခြင်း၊ အပြန်အလှန်ကူညီခြင်း၊ အတူလက်တွဲဆောင်ရွက်ဖြေရှင်းခြင်းစသည်တို့ကို အမှန်တကယ် အကောင်အထည်ဖော်ကြရန်လိုသည်ဟု ယူဆပါသည်။

ထိရောက်သော အရေးယူမှုများ မရှိလျှင် ရာဇဝတ်မှုများကို လျော့ပါးသွားအောင်လုပ်ရန် ခက်ခဲနေလိမ့်မည်ဖြစ်ပါသည်။ ဥပဒေနှင့်အညီ တရားစီရင်နိုင်ရေးတွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးအရေးယူနိုင်ရေးသာမက ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်များကို ချမှတ်အရေးယူနိုင်ရေးကလည်း အရေးကြီးပါမည်။ မဏ္ဍိုင်များအကြား ထိန်းညှိရာ၌လည်း ခေတ်အခြေအနေနှင့်လျော်ညီသော ပြစ်မှုပြစ်ဒဏ်များဆိုင်ရာ ဥပဒေတို့ကို ပြင်ဆင်နိုင်ရေးစသည့်လုပ်ငန်းတို့ကလည်း မဖြစ်မနေ လုပ်ဆောင်ကြရမည်ဟု ထင်မြင်ပါသည်။

အထူးသဖြင့် ယနေ့ဖြစ်ပွားနေသော သက်ငယ်မုဒိမ်းမှုလို ရာဇဝတ်မှုများဆိုလျှင် အထူးကြပ်ကြပ်မတ်မတ်နှင့် ဦးစားပေး အရေးယူဆောင်ရွက်ရမည်ဟု ယူဆပါသည်။ ထို့ပြင် များစွာသော ရာဇဝတ်မှုများမှာ မူးယစ်ဆေးဝါးပြဿနာနှင့် ဆက်စပ်နေသည်ဟု ထင်မြင်မိပါသည်။

အချို့သော ရက်စက်မှုများမှာ တော်ရုံလူစိတ်ဖြင့် ဖြစ်ပွားဖို့ရန် အလွန်ခဲယဉ်းလှသည်ကို တွေ့မြင်နိုင်ပါ၏။ စဉ်းစားကြည့်၍ပင် မရနိုင်သော ရက်စက်မှုများမှာ မူးယစ်ဆေးဝါးတို့၏ အရှိန်ဖြင့် လူစိတ်ပျောက်ကုန်ကြခြင်းကြောင့်ဟု ယူဆရပါသည်။ တိတိကျကျ စုံစမ်းဖော်ထုတ်ခြင်းဖြင့် အရင်းအမြစ်အထိ တူးဖော်အရေးယူရန် လိုပါလိမ့်မည်။

တိုင်းပြည်၏ အနာဂတ်ကို အမှန်တကယ် ရှုမြင်မည်ဆိုပါက သက်ငယ်မုဒိမ်းမှုများနှင့် မူးယစ်ဆေးဝါးပြဿနာတို့ကို အထူးတလည် အာရုံစိုက် အရေးယူဆောင်ရွက်သင့်ကြပြီဟု ယူဆပါကြောင်း ဒီမိုကရေစီမဏ္ဍိုင်ကြီးများအား နှိုးဆော်လိုက်ရပါသည်။

# တိုင်းရင်းသားများအားလုံး ဝိုင်းဝန်းကြိုးပမ်းမှ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာဖြစ်




**မန္တလေး မတ် ၃**

ကျွန်တော်တို့တွေမှာ တူညီသည့် ဘုံရည်မှန်းချက်များ ရှိလာပြီးဖြစ်ပါကြောင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းဆိုသည့် လောကပါလတရားနှင့် ပြည့်စုံသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြမည်ဆိုသည့် ပိုင်းဖြတ်မှုဖြစ်ပါကြောင်း၊ နောက်ဆုံးမျှော်မှန်းနေသည့် ငြိမ်းချမ်းရေးရအောင် ကျွန်တော်တို့နိုင်ငံတွင် မှီတင်းနေထိုင်နေကြသည့် အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းမှ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မှာဖြစ်ပါကြောင်း ယမန်နေ့က မန္တလေးမြို့မဟာအောင်မြေမြို့နယ် ၅၉ လမ်း ၄၁ လမ်းနှင့် ၄၂ လမ်းကြားရှိ ချိန်စည်ခန်းမ၌ ကျင်းပသော (၂၁) ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆု နှင်းသဘင် အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

(၂၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရှမ်းလူမျိုးများသာရေး နာရေးအသင်းမှ တာဝန်ရှိသူတစ်ဦးနှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက (မန္တလေး)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံတော်အလံနှင့် ပအိုဝ်းအမျိုးသား အလံတော်တို့ကို အလေးပြုခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခြင်း၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ပေးပို့သော သဝဏ်လွှာကိုဖတ်ကြားခြင်း၊ ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင်ကျင်းပရခြင်းအကြောင်း ဖတ်ကြားခြင်းတို့ကို ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူး၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသော တိုင်းရင်းသားလူမျိုးများ အဖွဲ့တို့က စာအောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

မိမိတို့လူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်၊ အမျိုးဘာသာ၊ သာသနာကို ချစ်မြတ်နိုးကြစေရန်၊ မိမိအမျိုးသားစာပေနှင့် ဘာသာစကား ဝတ်စားဆင်ယင်ထုံးဖွဲ့မှုစသည့် ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း ဥမကွဲ သိုက်မပျက် ချစ်ကြည်ရင်းနှီးစွာ စည်းလုံးညီညွတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် (၂၁)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့နှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အထူးစည်ကား

**သီပေါ မတ် ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ၁၃၇၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့အထိ ခြိမ့်ခြိမ့်သဲ စည်ကားစွာ ကျင်းပသည်။

ရှမ်း၊ ပလောင် တိုင်းရင်းသားများသည် ပေါ်ကြိုဘုရားကြီးကို ဖူးမြော်ရန် အဖိတ်နေ့တွင် တောင်ပေါ်ဒေသအသီးသီးမှ ထွက်ခွာကြပြီး လပြည့်နေ့တွင် ဘုရားကြီးသို့ အရောက်လှမ်းကြသည်။ ပေါ်ကြိုဘုရားကြီး မုခ်လေးမုခ်မှ ဗုဒ္ဓဆင်းတုတော်များအား ရွှေသင်္ကန်းကပ်လှူကြပြီး တပေါင်းလပြည့်နေ့ နံနက် ၄ နာရီမှ စတင်ကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကို သဒ္ဓါကြည်ညိုစိတ်အားထက်သန်စွာဖြင့် ကပ်လှူပူဇော်ကြသည်။

ပွဲတော်ရက်များတွင် ပေါ်ကြိုဘုရားကြီး ရင်ပြင်တော်ပေါ်၌ အသံမစဲမဟာပဋ္ဌာန်းပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ ရှမ်း၊ မြန်မာဇာတ်၊ စင်တင်တေးဂီတ၊ ရိုးရာယဉ်ကျေးမှု အကများ၊ အခြားပျော်ပွဲရွှင်ပွဲများအပြင် ဒေသထွက်ကုန် အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ၊ အလှကုန်နှင့် ရှမ်းရိုးရာအဝတ်အထည်ဆိုင်များကို ရောင်းချပေးလျက်ရှိသည်။ ပွဲတော်လာဘုရားဖူးများ အခက်အခဲမရှိစေရေးအတွက် ပွဲတော် ကျင်းပရေး ဦးစီးကော်မတီနာယက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ဘုရားကြီးအဖွဲ့ ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီစဉ်ပေးထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃-၃-၂၀၁၈

ရွှေစျေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၈၅၀/၈၆၀ ကျပ် | (လက်လီစျေး) |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၉ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၇ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၅ ・၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၆ ・၄ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ・၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဆီဆိုင်မြို့ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❋ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးဌာနမှ ဒုတိယအတွင်းဝန်အီဝဆဲခေးအိတ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင် တို့က အမှာစကားပြောကြားကာ (TPA)အဖွဲ့မှ စီမံကိန်းမန်နေဂျာ ရှီဘတက လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို (TPA) အဖွဲ့မှ စီမံကိန်းမန်နေဂျာ ရှီဘတက မြို့ရေဖြန့်ဝေရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ ပစ္စည်းများအား ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးဌာနမှ ဒုတိယအတွင်းဝန် အီဝဆဲခေးအိတ၊ (TPA)အဖွဲ့မှ စီမံကိန်းမန်နေဂျာ ရှီဘတတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ပေးရေးဌာနမှ ဒုတိယအတွင်းဝန် အီဝဆဲခေးအိတ၊ (TPA)အဖွဲ့မှ စီမံကိန်းမန်နေဂျာ ရှီဘတတို့က အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၁၃) ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးညှိနှိုင်းမှုကွန်ဂရက်၏ ပထမဆုံးအစည်းအဝေး စတင်ဖွင့်လှစ်

**ပေကျင်း မတ် ၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ (၁၃) ကြိမ်မြောက် (Chinese People’s Political Consultative Conference-CPPCC) တရုတ်ပြည်သူ့နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုကွန်ဂရက်၏ ၂၀၁၈ ခုနှစ်အတွက် ပထမဆုံး အစည်းအဝေးကို ပေကျင်းမြို့ရှိ လူထုအစည်းအဝေးခန်းမကြီးတွင် ယနေ့ ညနေ ဒေသစံတော်ချိန် ၃ နာရီက စတင်ဖွင့်လှစ်ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာ လီခတ်ချန်နှင့် (၁၂) ကြိမ်မြောက် တရုတ်ပြည်သူ့နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှု ကွန်ဂရက် (Chinese People’s Political Consultative Conference-CPPCC)၏ အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ယွီကျိန့်စိန်းတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပထမဆုံးအစည်းအဝေး ပထမနေ့အဖြစ် အစည်းအဝေးကြီး၏ အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ယွီကျိန့်စိန်းက ပြီးခဲ့သည့် သက်တမ်းငါးနှစ်တာကာလအတွင်း အမျိုးသားကော်မတီ အနေဖြင့် တစ်နိုင်ငံမူဝါဒ နှစ်ရပ်၊ ဟောင်ကောင်လူထုက ဟောင်ကောင်ကို အုပ်ချုပ်ခြင်း၊ မကာအိုလူထုက မကာအိုကို အုပ်ချုပ်ခြင်းတို့ကို တိကျစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ကလည်း ဟောင်ကောင် အထူးဒေသ အခြေခံဥပဒေများနှင့် ပတ်သက်၍ တရားဝင်ရှင်းလင်းမှုများ



ပြုလုပ်ပေးနိုင်ခဲ့ပြီး ဟောင်ကောင်ဒေသသည် အမိမြေသို့ ရောက်ရှိခြင်း နှစ် ၂၀ ပြည့်အခမ်းအနားကိုလည်း တက်ရောက်နိုင်ခဲ့ကြောင်း၊ ဟောင်ကောင်နှင့် မကာအိုဒေသရှိ လူငယ်များ အလုပ်အကိုင်များ ပိုမိုအခွင့်အလမ်းရရှိရေးနှင့် ဟောင်ကောင်၊ မကာအို၊ တရုတ်နိုင်ငံတို့ကို ပိုမိုချစ်ခင်ရင်းနှီး၍ အင်အားတိုးပွားကြီးထွားလာစေရန် တွန်းအားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

**အဆင့်မြှင့်တင်နိုင်ခဲ့**

ထို့ပြင် မစ္စတာ ယွီကျိန့်စိန်းက အမျိုးသားကော်မတီသည် ထိုင်ဝမ်ဒေသရှိ ပြည်သူများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖလှယ်မှုများကို တိုးမြှင့်နိုင်ခဲ့ပြီး တရုတ်တစ်နိုင်ငံတည်း အခြေခံမူဝါဒဖြစ်သည့် ၁၉၉၂ ခုနှစ် အခြေခံသဘောတူညီချက်မှ အချက်များကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သမ္မတ ရှီကျင့်ဖျင် ဦးဆောင်သော တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအနေဖြင့် CPPCC ၏ လုပ်ငန်းများအပေါ် ဦးဆောင်ဦးရွက်ပြုမှုများကို အားတက်သရော လုပ်ဆောင်ခဲ့ခြင်း၊ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီမှ ချမှတ်ခဲ့သော အတွေးအခေါ်သစ်များ၊ သုံးသပ်ဆုံးဖြတ်ချက်အသစ်များနှင့် လိုအပ်ချက်အသစ်များကို ကျယ်ကျယ် ပြန့်ပြန့် ဖော်ဆောင်နိုင်ခဲ့ရာ CPPCC ၏ ရည်မှန်းချက်များ အထမြောက်ခဲ့ကြောင်း၊ ထို့ကြောင့် သမ္မတ ရှီကျင့်ဖျင်၏ လမ်းညွှန်ချက်များကို စနစ်တကျလေ့လာပြီး CPPCC လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း အလေးထားပြောကြားခဲ့သည်။

ယနေ့ အခမ်းအနားတွင် နိုင်ငံအတွက် လုပ်ဆောင်ခဲ့သည့် အကြောင်းအရာများအား ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး၊ ပြဋ္ဌာန်းခဲ့သည့် ဥပဒေရေးရာများ၊ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများနှင့် ရှေ့လာမည့်အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ထားဖွယ်ရာများ၊ လုပ်ငန်းဆောင်ရွက်မှုများကို တက်ရောက်လာသည့် လူမျိုးစုကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခဲ့သည်။ အဓိကအားဖြင့် ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်ရှိ တရုတ်လူမျိုးများ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အိပ်မက်ကို အနာဂတ်တွင် အတူတကွ အကောင်အထည်ဖော်ကြရေး ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တရုတ်နိုင်ငံရှိ ဒေသအသီးသီးမှ ကော်မတီအဖွဲ့ဝင်စုစုပေါင်း ၂၁၅၈ ဦးခန့် တက်ရောက်ခဲ့ပြီး ကော်မတီဝင်များ၏ တောင်းဆိုချက်များမှာ နှစ်သောင်းကျော်ခန့်ရှိခဲ့ကြောင်း၊ ယင်းတို့အနက်မှ ၉၉ ရာခိုင်နှုန်းကို ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ပြီး အများစုမှာ ဒေသခံများ၏ ပညာရေးနှင့် သုတေသနလုပ်ငန်းများအတွက်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သတင်းမီဒီယာများ၊ ဟောင်ကောင်၊ မကာအိုနှင့် ထိုင်ဝမ်ရှိ သတင်းမီဒီယာများ၊ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများမှ သတင်းမီဒီယာများ အပါအဝင် မီဒီယာစုစုပေါင်း ၃၀၀၀ ခန့် တက်ရောက်သတင်းယူခဲ့ကြသည်။ **သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ဇူလိုင်မိုး**

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “ မနေ့ညနေပိုင်းက နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့တာ ရှိပါတယ်၊ နယ်စပ်မှာတော့ ပုံမှန်ပါပဲ၊ ဒီနေ့လည်း ထူးခြားမှုအခြေအနေ သတင်းပို့လာတာတော့ မရှိသေးပါဘူး၊ နယ်နိမိတ်မျဉ်းမှာ ရောက်နေတဲ့သူ အရေအတွက်က ၁၀၀၀ ကျော်လောက် ကျန်နေသေးတယ်လို့ သိရပါတယ်။

**အဆင်သင့်ဖြစ်**

“ကျွန်တော်တို့ဘက်က နေရပ်စွန့်ခွာသူတွေကို ပြန်လည်လက်ခံဖို့ ဆောင်ရွက်ထားတာ ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းကပါ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးစီးတဲ့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို သွားတုန်းက သူတို့ဘက် ပထမအသုတ် လွှဲပြောင်းပေးမယ်ဆိုတဲ့ အိမ်ထောင်စု ၁၆၀၀ ကျော်၊ လူဦးရေ ၈၀၀၀ ကျော်စာရင်း ပေးလိုက်တာ ရှိပါတယ်၊ ဒါပေမယ့် သူတို့ပေးလိုက်တဲ့စာရင်းက သူတို့ စိတ်ကြိုက်၊ သူတို့ ဖြည့်ချင်သလို ဖြည့်စွက်ထားတဲ့ပုံစံဖြစ်ပြီး ကျွန်တော်တို့ဘက်က ပေးထားတဲ့ ပုံစံအတိုင်း မဟုတ်လို့ အခုလဝကကို ကိုယ့်ပုံစံအတိုင်း ဝင်အောင်ပြန်လုပ်ခိုင်း၊ စိစစ်ခိုင်းထားပါတယ်၊ နှစ်နိုင်ငံ သဘောတူညီချက်ပါအတိုင်း ကျွန်တော်တို့ဘက်ကတော့ ဇန်နဝါရီလ ၂၃ ရက်နေ့ကတည်းက ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်” ဟု ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လည်လက်ခံရေးအတွက် လှဖိုးခေါင် ကြားစခန်း၊ တောင်ပြိုလက်ဝဲနှင့် ငါးခူရ လက်ခံရေးစခန်းတို့ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ကတည်းက ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံမည့်သူများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းထောက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး စသဖြင့် သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။**
သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဏ္ဏဝါရှင်မော်စေတီတော် တည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှု

**နေပြည်တော်  မတ်  ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံး မြို့နယ်ရှိ ရှင်ကိုးရှင်သမိုင်းဝင် မြတ်ရှင်မော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် အံတော်မြတ်စေတီရှိ ဘုရားရှင်၏အံတော်အား ဖူးမြော်ကြည်ညိုကြပြီး သက်တော်(၉၂)နှစ်ရှိ ကျောက်နီမော်ကျောင်းတိုက်ဆရာတော် အရှင်နေမိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၇ ခုနှစ် ဇွန်လ ၇ ရက်က တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် Y-8 ပျက်ကျစဉ် ပါရှိသွားသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရည်စူးတည်ဆောက်လျက်ရှိသည့် အဏ္ဏဝါရှင်မော်စေတီတော် တည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုပြီး စေတီတော်ကြီး တည်ဆောက်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စမ်းလှမ်းကျေးရွာရှိ သီရိအဏ္ဏဝါကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးသုမနအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စမ်းလှမ်းကျေးရွာမှ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဏ္ဏဝါရှင်မော်စေတီတော် တည်ဆောက်နေမှုအခြေအနေများအား ကြည့်ရှုစဉ်။ သတင်းစဉ်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်နှင့် မြိတ်ရေလုပ်ငန်းရှင်များမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြိတ်ခေတ်မီငါးလေလံဈေး တည်ဆောက်ရန်အတွက် အဆိုပြုတင်ပြလာသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြိတ်ခေတ်မီငါး လေလံဈေးစီမံကိန်းအကောင်အထည်ဖော်တည်ဆောက်မည့်နေရာအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်သူလယ်သမားများနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေ နည်းဥပဒေရှင်းလင်းပွဲများ ကျင်းပပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်မည်

**နေပြည်တော်  မတ်  ၃**

တောင်သူလယ်သမားအများစုမှာ သက်ဆိုင်ရာ ဥပဒေများကို သိရှိနားလည်မှု အားနည်းချက်များကြောင့် ထိခိုက်နစ်နာမှုများ ကြုံတွေ့နေကြရသည်ကို မကြာခဏ တွေ့မြင်နေရပါသဖြင့် မြေယာဆိုင်ရာ ဥပဒေများအပါအဝင် တောင်သူလယ်သမားများနှင့် တိုက်ရိုက်သက်ဆိုင်သည့် ဥပဒေ နည်းဥပဒေ ရှင်းလင်းပွဲများ ကျင်းပပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပိုင်ဆိုင်မှုအငြင်းပွား ပြဿနာကင်းရှင်းပြီး အချက်အလက် ပြည့်စုံမှန်ကန်သော်လည်း သတ်မှတ်ကာလအတွင်း ပုံစံ-၇ မရရှိပါက ဆက်သွယ်တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များပါရှိသည့် ကြော်ငြာဆိုင်းဘုတ်များကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတိုင်းတွင် ထားရှိပြီး ချက်ချင်းအရေးယူဆောင်ရွက်ပေးလျက်လည်းရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးတွင် တောင်သူလယ်သမားများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာ လယ်မြေ ၁၂၁ ဒသမ ၄၄ ဧက အား အဆင့်မြှင့်တင် ဖော်ထုတ်ပေးနေမှုကို ကွင်းဆင်း



ကြည့်ရှုစစ်ဆေးရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ SRI စိုက်ပျိုးနည်းစနစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ လယ်မြေကို အခြားနည်း သုံးစွဲခွင့်ပြုချက်ရယူပြီး ခြောက်လအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိပါက အဆိုပါမြေကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူရန် ဥပဒေတွင် ပြဋ္ဌာန်းထားသည်ကိုလည်း သတိမူကြရမည်ဖြစ်ကြောင်း။

မြေလွတ်မြေလပ်နှင့် ပတ်သက်၍ ဒေသခံလယ်သမား မည်သူမဆို လျှောက်ထားလုပ်ကိုင်နိုင်ကြကြောင်း၊ တိုင်းအဆင့်တွင် ၁၀ ဧကမှ စတင်လျှောက်ထားနိုင်ကြောင်း၊ ထိုမှ အောင်မြင်လျှင် ဧက ၂၀ ၊ ဧက ၅၀ ဆက်လက်လျှောက်ထားနိုင်ပြီး တောင်သူ၏ လုပ်ကိုင်နိုင်မှုစွမ်းအားနှင့် အရင်းအနှီးအပေါ် အခြေခံ၍ ဧက ၅၀၀၀ ထိ လျှောက်ထားနိုင်ရန် ဥပဒေတွင် ပြဋ္ဌာန်းထားပါကြောင်း။

သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေတွင် ပါဝင်ခြင်း မရှိသေးသော်လည်း ဒေသနေ ပြည်သူများ၏ လတ်တလောလိုအပ်ချက်အခက်အခဲများကို မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော မျှဝေခြင်းအစီအစဉ်မှ စုပေါင်းထည့်ဝင်လှူဒါန်းငွေများ၊ ဌာနမှ စက်ယန္တရားအင်အား ပညာရှင်ဝန်ထမ်းအင်အားများဖြင့် ရေတွင်း၊ ရေကန်၊ သောက်ရေတွင်းများ တူးဖော်ပေးခြင်း၊ ချောင်းကောမြောင်းကော ဆည်ရေသောက်များ ဆောင်ရွက်ပေးခြင်းဖြင့် မိမိဝန်ကြီးဌာနမှ အများအကျိုးအတွက် အမြဲအားထုတ်ကြိုးစားလျက် ရှိနေပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များနှင့် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များအားလုံးတို့က ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပိုးသတ်ဆေးများတွင် မြန်မာစာတန်းပါရှိသော ဆေးဝါးသက်တမ်းနှင့် အညွှန်းအပြည့်အစုံပါရှိသည့် ဆေးဝါးများကိုသာ အသုံးပြုကြရန်နှင့် စိုက်ပျိုးရေးဆေးဝါး၊ သွင်းအားစု ဓာတ်မြေသြဇာများတွင် မမှန်ကန်မှုတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာအကူအညီများ လိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန Call Center ကို ဖွင့်လှစ်ဆောင်ရွက် ပေးလျက်ရှိရာ ဖုန်းနံပါတ် ၀၁-၂၃၉၉၅၅၅၊ ၀၆၇-၄၁၀၁၃၉ တို့သို့ ရုံးဖွင့်ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီ အတွင်း ဆက်သွယ်နိုင်ကြပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း SRI စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်နေမှု အခြေအနေများ၊ လက်တွေ့စိုက်ပျိုးထားသော စပါးပင်နမူနာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၄ ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏သီးသန့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး ကျင်းပ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု အခြေအနေ ဆွေးနွေး

**နေပြည်တော်  မတ်  ၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၃ ရက်အထိ စင်ကာပူနိုင်ငံ Shangri La Hotel ၌ ကျင်းပသည့် ၂၄ ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ဝန်ထမ်းများ စုစုပေါင်းကိုယ်စားလှယ် ၁၀၀ ခန့် ပါဝင်တက်ရောက်ကြပြီး ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံ၏ အာဆီယံစီးပွားရေးဝန်ကြီး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Lim Hng Kiang က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၇ နာရီတွင် Dutch Pavilion ခန်းမ၌ ကျင်းပသည့် အလုပ်သဘောညစာစားပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများက ၂၀၁၈ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ အတည်ပြုခြင်း၊ ၃၃ ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးမှ စီးပွားရေးဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာအပေါ် လမ်းညွှန်မှုပေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တင်ပြသည့် အေအီးစီလုပ်ငန်းစဉ်များ အကောင် အထည်ဖော်မှုအခြေအနေကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်ကြသည်။

၂၄ ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို Tower Ballroom ၌ ကျင်းပရာ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှု၊ အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်၏ ဒသမအသုတ်အတွက် ဝန်ဆောင်မှုကဏ္ဍများ ဖြေလျှော့မှုအခြေအနေ၊ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ်ချုပ်ဆိုရေး ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂ ရက်တွင် Tower Ballroom ၌ ကျင်းပသည့် ၁၆ ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်မှုကော်မရှင်နာ အစည်းအဝေးတွင် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် ၂၀၁၇-၂၀၁၈ ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ အာဆီယံ - အီးယူ လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်နိုင်ရေးအတွက် မူဘောင်ရေးဆွဲနေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မတ် ၃ ရက်တွင် Island Ballroom ၌ ကျင်းပသည့် အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်ဖက်နိုင်ငံများ ပါဝင်ညှိနှိုင်းလျက်ရှိသည့် ၄ ကြိမ်မြောက် အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးအဆင့် ကြားဖြတ်ညှိနှိုင်းအစည်းအဝေးတွင် ၂၁ ကြိမ်မြောက် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီ အစည်းအဝေးမှ ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘော ပါဝင်ကူညီမှုကို ကြိုဆိုသွားမည်

## (၃၇) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၃

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၇) ကြိမ်မြောက် အဆင့်မြင့်ကဏ္ဍအစည်းအဝေး (High-Level Segment) သို့ ပါဝင်တက်ရောက်ခဲ့ပြီး မတ် ၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အဆင့်မြင့်ကဏ္ဍ အစည်းအဝေးတွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာ မြန်မာနိုင်ငံ၏ သိမ်မွေ့နက်နဲရှုပ်ထွေးသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အခြေအနေနှင့် ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး ဦးစားပေးဆောင်ရွက်နေ**

ယင်းသို့ ပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးမှ နိုင်ငံတွင်း၌ စိန်ခေါ်မှုပြဿနာ အများအပြား ရင်ဆိုင်နေရသော်လည်း ရခိုင်ပြည်နယ်အရေးကိစ္စအား သတင်းမီဒီယာများက ဘာသာရေးပြဿနာအဖြစ် စဉ်ဆက်မပြတ် ပုံဖော်နေကြခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်အရေးကိစ္စကိုသာ အဓိကအာရုံစိုက်နေကြကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် ဘာသာရေးပြဿနာတစ်ရပ်မဟုတ်ဘဲ တရားမဝင် ဝင်ရောက်မှု၊ သဘာဝသယံဇာတများ ပိုင်ဆိုင်နိုင်ရေး ပြိုင်ဆိုင်ကြိုးပမ်းမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေး ပြဿနာရပ်များသာ ဖြစ်ကြောင်း၊ ယင်းမှာ နိုင်ငံ၏ လုံခြုံရေးနှင့် အကြမ်းဖက်မှုပြဿနာအသွင်သို့ ယခုအခါ ပြောင်းလဲရောက်ရှိလာကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် တာဝန်များ စတင်ထမ်းဆောင်ချိန်မှစ၍ ရခိုင်ပြည်နယ်အရေးကိစ္စအား ဖြေရှင်းရေးအတွက် ကိုဖီအာနန် အကြံပေးကော်မရှင် တည်ထောင်ခြင်းအပါအဝင် လုပ်ငန်းအစီအစဉ်များကို ချက်ချင်းချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ အရှိန်အဟုန်ရရှိလာပြီး နိုင်ငံတကာ အသိုက်အဝန်းမှ အပြုသဘော တုံ့ပြန်မှုများ ရရှိနေချိန်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ လဆန်းပိုင်း၌ ရဲကင်းစခန်းသုံးခုကို တိုက်ခိုက်မှုများ ဖြစ်ပေါ်လာမှုကြောင့် ရခိုင်ပြည်နယ် အခြေအနေမှာ လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ကိုဖီအာနန် အကြံပေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ ထုတ်ပြန်ပြီး နာရီပိုင်းအတွင်း ARSA အကြမ်းဖက်အဖွဲ့မှ လုံခြုံရေးစခန်း ၃၀ နှင့် ရဲတပ်ရင်းဌာနချုပ်တို့ကို တစ်ပြိုင်တည်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားများစွာ သေကျေထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်မှုများကို နှိမ်နင်းရန်၊ တရားဥပဒေစိုးမိုးမှုရှိရေးနှင့် အပြစ်မဲ့ပြည်သူများအား ကာကွယ်ရန်အတွက် ဆောင်ရွက်ခဲ့ရကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် စိုးရိမ်ထိတ်လန့်မှုများကြောင့် မူဆလင်ရွာသားများသည် နေရပ်စွန့်ခွာပြီး နယ်စပ်ဖြတ်ကျော် ထွက်ခွာခဲ့ကြကြောင်း၊ သို့သော်လည်း မူဆလင်ကျေးရွာ အများအပြားမှာလည်း အေးချမ်းစွာ ဆက်လက်နေထိုင်နေကြဆဲဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဒေသခံတိုင်းရင်းသားများဖြစ်သည့် ဒိုင်းနက်၊ မြို၊ သက်၊ မရမာကြီးနှင့် ရခိုင်လူနည်းစု တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များ နေရပ်ပြောင်းရွှေ့ခဲ့ရမှုများကိုမူ သတင်းမီဒီယာများတွင် ဖော်ပြကြခြင်းမရှိကြောင်း၊ ARSA အဖွဲ့၏ လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများနှင့် မမှန်ကန်သော မျှော်လင့်ချက်များ ပေးမှုသည်လည်း လူအများအပြား နေရပ်စွန့်ခွာရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း၊ International Crisis Group (ICG) ၏ အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ ARSA ၏ တိုက်ခိုက်မှုများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တုံ့ပြန်လာစေရန် တမင်ရည်ရွယ်၍ ရန်စတိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ ယင်းအကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ သို့ရာတွင် အများစုမှာ အကြမ်းဖက် တိုက်ခိုက်မှုများကို ရှုတ်ချဝေဖန်မှုများ ပြုလုပ်ခြင်း မရှိကြကြောင်း၊ အကြမ်းဖက်မှုဟူသမျှ မည်သည့်ရည်ရွယ်ချက်၊ မည်သည့်ပုံစံဖြင့်ဖြစ်စေ ပြုလုပ်လာပါက ခွင့်ပြုလက်ခံရန် မသင့်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် နေရပ်မှစွန့်ခွာသူများကို ပြန်လည်လက်ခံရေးအပေါ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိနေကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကြက်ခြေနီလှုပ်ရှားမှုနှင့် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့မှတစ်ဆင့် ပံ့ပိုးပေးလျက်ရှိပြီး FAO နှင့် WFP အဖွဲ့တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအနေဖြင့် ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုချက်များကို လမ်းပြမြေပုံတစ်ရပ်အဖြစ် အကောင်အထည်ဖော်လျက်ရှိရာတွင် တိုးတက်မှုများ ရရှိနေကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးအတွက် တာဝန်ပေးအပ်ထားသည့် ဝန်ကြီးအဆင့် ကော်မတီမှလည်း မကြာသေးမီက ပထမအကြိမ် တိုးတက်မှု အစီရင်ခံစာကို ပြည်သူလူထုအား ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်နေမှု




**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၇) ကြိမ်မြောက် အဆင့်မြင့်ကဏ္ဍအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။**

အခြေအနေများကို ကိုယ်တိုင်လေ့လာသိရှိနိုင်စေရန် ကုလသမဂ္ဂအေဂျင်စီများ အပါအဝင် သံတမန်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်သို့ နေ့ချင်းပြန်ခရီးစဉ်များ သုံးကြိမ် စီစဉ်ပေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင် လူမှုအသိုက်အဝန်းအားလုံး လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် မြန်မာအစိုးရမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့အနေဖြင့် ပါဝင်လက်တွဲဆောင်ရွက်ကြရန်လည်း မကြာသေးမီက ဖိတ်ခေါ်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**အပြုသဘောပါဝင်မှုကို ကြိုဆိုသွားမည်**

ပြည်ထောင်စုဝန်ကြီးမှ အရပ်သားများ၏ အင်အားကို အသုံးပြုကြသည့် အကြမ်းဖက်မှုများအား နှိမ်နင်းရာတွင် မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများနှင့် သေကျေဒဏ်ရာရရှိမှုများ ဖြစ်နိုင်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ ခိုင်လုံသည့် အထောက်အထားရှိပါက အစိုးရအနေဖြင့် ကျူးလွန်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လူမျိုးတုံးသတ်ဖြတ်မှု (သို့မဟုတ်) လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းစသည့် စကားလုံးများ သုံးစွဲနေမှုကို မိမိတို့အနေဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်း၊ ရခိုင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကဏ္ဍများတွင် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အပြုသဘောပါဝင်မှုကို ကြိုဆိုသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စ၏ ရှုပ်ထွေးသိမ်မွေ့နက်နဲမှုများအပေါ် နားလည်မှုရှိပြီး ရေရှည်တည်တံ့သည့် အဖြေတစ်ရပ် ပေါ်ထွက်ရေးအတွက် ကြိုးပမ်းရာတွင် အပြုသဘော အကူအညီများပေးနိုင်ပါကြောင်း၊ အပြုသဘောမဆောင်သည့် အရေးယူဆောင်ရွက်မှုများသည် ဆန့်ကျင်ဘက်သက်ရောက်မှုများကို ဖြစ်ပေါ်လာစေနိုင်ပြီး လူမှုအသိုက်အဝန်းများအကြား ပိုမိုကွဲပြားမှုများကို ဖြစ်ပေါ်စေနိုင်ကာ ပြန်လည်ရင်ကြားစေ့ရေး ရေရှည်ကြိုးပမ်းမှုများကို ထိခိုက်စေနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတွင် လက်ရှိအချိန်သည် စိန်ခေါ်မှုများ အမြင့်မားဆုံး ရင်ဆိုင်နေရသည့် အချိန်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယင်းစိန်ခေါ်မှုများကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းများအဖြစ် ပြောင်းလဲကာ ဒီမိုကရေစီ အင်အားတောင့်တင်းရန်အတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်လာသည်နှင့်အမျှ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားစေနိုင်မည်ဟု ယုံကြည်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အဏုမြူလက်နက် ဖျက်သိမ်းရေးမိန့်ခွန်းတစ်ရပ်ပြော**

ပြည်ထောင်စုဝန်ကြီးသည် ဂျီနီဗာမြို့တွင် ရှိနေစဉ်အတွင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် လက်နက်ဖျက်သိမ်းရေးညီလာခံ၏ အဆင့်မြင့်ကဏ္ဍအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အဏုမြူလက်နက်ဖျက်သိမ်းရေးနှင့် အဏုမြူလက်နက်မပြန့်ပွားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

**မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု ရှင်းလင်း**

ပြည်ထောင်စုဝန်ကြီးသည် ဂျီနီဗာမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးထင်လင်း လိုက်ပါလျက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. Manabu Horii နှင့် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး Lord Ahmad of Wimbledon တို့အား သီးခြားစီ လက်ခံတွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။ အလားတူ ပြည်ထောင်စုဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer အားလည်း ICRC ဌာနချုပ်တွင် သွားရောက်တွေ့ဆုံခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရန်အတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် ICRC မှ ပါဝင် ကူညီပေးနိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ Bern မြို့၌ ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Johannes Matyassy နှင့်အတူ မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပပြုလုပ်သည်။ ဆွေးနွေးပွဲတွင် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ အစီအစဉ်သစ် (၂၀၁၉-၂၀၂၃ ခုနှစ်) အရ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များအပါအဝင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **မြန်မာအစိုးရအနေဖြင့် နေရပ်မှစွန့်ခွာသူများကို ပြန်လည်လက်ခံရေးအပေါ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ သိသာထင်ရှားသည့် တိုးတက်မှုများရရှိနေ**
- **ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ လူမျိုးတုံးသတ်ဖြတ်မှု (သို့မဟုတ်) လူအစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း စသည့်စကားလုံးများ သုံးစွဲနေမှုကို မိမိတို့အနေဖြင့် ပြင်းထန်စွာကန့်ကွက်**
- **ရခိုင်ပြည်နယ်အရေးကိစ္စ၏ ရှုပ်ထွေးသိမ်မွေ့နက်နဲမှုများအပေါ် နားလည်မှုရှိပြီး ရေရှည်တည်တံ့ သည့် အဖြေတစ်ရပ် ပေါ်ထွက်ရေးအတွက် ကြိုးပမ်းရာတွင် အပြုသဘော အကူအညီ များပေးနိုင်၊ အပြုသဘောမဆောင်သည့် အရေးယူဆောင်ရွက်မှုများ သည် ဆန့်ကျင်ဘက်သက်ရောက်မှုများကို ဖြစ်ပေါ်လာစေနိုင်။**

# ခါးနာခြင်းအမျိုးမျိုးနှင့် ဆင်ခြင်စရာများ

ကြည်လွင်မြင့် (မုံရွာ)

**ခါးနာခြင်း အမျိုးမျိုးရှိရာ ဒဏ်ကြောင့်ဖြစ်သော ခါးနာရောဂါ၊ အထိုင်များ၍ဖြစ်သော ခါးနာ၊ အလေးအပင်မရင်းဖြစ်သော ခါးနာတို့ထက် အိပ်ရာကြောင့်ဖြစ်သော ခါးနာက ပို၍များလိမ့်မည် ထင်ပါသည်။**

စာရေးသူကိုယ်တိုင် ငယ်စဉ်က ခါးနာဖူးသည်။ နာသည်မှာ တစ်နှစ်ခန့်ကြာအောင် နာခဲ့သည်။ ကျောင်းတွင်ထိုင်တာကြာပြီး ပြန်ထလျှင် မနည်းထရသည်။ ကြာကြာထိုင်လျှင်လည်း ခါးဆတ်ထဲမှ ပူပြီးနာလာသည်။ ခါးနာ၊ ခါးကိုက်ပျောက်ဆေးသောက်သည်။ ဘမ်းပရုတ်ဆီလိမ်းသည်။ ခဏသက်သာပြီးနောက် ပြန်နာသည်။

ခါးနာဖြစ်ရသည့် အကြောင်းအရင်းကို ပြန်စဉ်းစားကြည့်သောအခါ ထိုခေတ်က အသုံးပြုလေ့ရှိသော စပရင်မွေ့ရာနှင့် အိပ်မိသောကြောင့်ဖြစ်သည်။ ထိုစပရင်မွေ့ရာမှာ အဟောင်းဖြစ်သဖြင့် အားပျော့ပြီး အချို့နေရာများတွင် ခွက်နေသည်။ အချို့နေရာတွင် ပေါက်ပြဲပြီး စပရင်အပြင်သို့ ကန်ထွက်နေသည်။ ပေါက်သည့်နေရာကို အပေါ်က ဂုန်နီအိတ်အထူခင်းပြီး အိပ်သဖြင့် မွေ့ရာမှာ မြင့်သည့်နေရာတွင် မြင့်၊ ခွက်သည့်နေရာတွင် ခွက် ဖြစ်နေသည်။

စာရေးသူ ရန်ကုန်တက္ကသိုလ်တက်စဉ်က အဒေါ်တစ်ယောက်၏ နေအိမ်မှ တက်ခဲ့ခြင်းဖြစ်သည်။ သူတို့အိမ်မှ ရှေးက သိမ်းထားသော မိဘများလက်ထက်က မွေ့ရာကို စာရေးသူအိပ်ရန် ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကျောင်းတစ်နှစ်ပြီး၍ နယ်မြို့လေးသို့ ပြန်သောအခါ ကိုယ့်အိမ်မှ အိပ်ရာနှင့် ပြန်အိပ်ရသည်။ စာရေးသူ၏ မိဘအိမ်က အိပ်ခန်းမှာ ခုတင်မရှိ၊ မွေ့ရာမရှိ၊ ကြမ်းပြင်တွင် သင်ဖြူးဖျာခင်းပြီး ခြင်ထောင် ထောင်အိပ်ရသည်။ ကျောင်းတက်ရင်းရခဲ့သော ခါးနာသည် နယ်ကအိမ်ရောက်ပြီး တစ်လခန့်ကြာသောအခါ အလိုလိုသက်သာပြီး ပျောက်ကင်းသွားသည်။ ထိုအခါကျမှ စပရင်မွေ့ရာကြောင့်ဖြစ်သော ခါးနာဖြစ်ကြောင်းကို သတိထားမိတော့သည်။

စပရင်မွေ့ရာသာမဟုတ် ကြာရှည်အသုံးပြုထားသဖြင့် ခါးနေရာတွင် ခွက်ဝင်နေသော ဆိုဖာမွေ့ရာ၊ ဝါဂွမ်းမွေ့ရာများဖြင့် အိပ်လျှင်လည်း ခါးနာနိုင်ပါသည်။ အိပ်ပျော်သောအခါ လူ၏အလေးချိန်ဖိအားနှင့် ခါးမှာ မွေ့ရာအတွင်း ခွက်ဝင်သွားသောကြောင့် ဖြစ်သည်။

ခါးဆစ်ရိုး ငါးဆစ်ရှိရာ အိပ်ရာအနေအထားမမှန်လျှင် ခါးရိုးအဆစ်များပါ အနေအထားပျက်ယွင်းပြီး ကြာလျှင် ကျီးပေါင်းတက်လာနိုင်သည်။ ခါးရိုးဆစ်များအတွင်းမှ အရွတ်ပြားများအနေအထား ပျက်ယွင်းခြင်း၊ အပြင်သို့ ကန်ထွက်ခြင်းတို့ ဖြစ်နိုင်သည်။

ခါးရိုးဆစ်ကျီးပေါင်းတက်လျှင် ခါးရိုးဆစ်နံပါတ်(၄) နှင့် (၅) ကြားနှင့်၊ (၅)နှင့် မြီးညောင်းရိုးကြား အကြောညပ်လျှင် အနာကျင်ဆုံးဖြစ်သည်။ အချို့မှာ မီးညောင်းရိုးဆစ်အထက်တွင် မခံနိုင်အောင်နာတတ်သည်။ ထိုင်လျှင်လည်းနာ၊ ပက်လက်လှန်အိပ်လျှင်လည်းနာနှင့် ဘေးနှစ်ဖက်ကို တစ်လှည့်စီ စောင်းအိပ်မှ သက်သာလေ့ရှိသည်။

ခါးနာကြာလျှင် ကုသမှုစနစ်တကျမခံယူလျှင် အာရုံကြောရောင်ကာ ခြေတစ်ဖက်တွင် ကိုက်ခဲပြီး လမ်းကောင်းကောင်း မလျှောက်နိုင်သော ဝေဒနာခံစားရတတ်သည်။ ဆိုင်ရာတီကာဟုခေါ်သော အာရုံကြောနှင့် ခါးဆစ်ကျီးပေါင်းညပ်ပြီး ပေါင်တစ်လျှောက် ထုံကျင်နာသောရောဂါမှာ အလွန်ဆိုးသည်။ ဆိုင်ယက်တစ် နာဗ်ကြောရောင်သောရောဂါကြောင့် ခြေတစ်ဖက်ကိုခဲနှင့် ဆွဲပြီးအိပ်ရာထဲတွင် ရက်ရှည်အိပ် နေရတတ်သည်။

အချို့ခါးကျီးပေါင်းနှင့် အာရုံကြောညပ်သော ဝေဒနာသည်များမှာ ခဲဆွဲရုံနှင့် မရတော့သဖြင့် ခွဲစိတ်ကုသရတတ်သည်။ ခါးခွဲစိတ်ကုသခြင်းသည် စွန့်စားရပြီး အလွန်အန္တရာယ်များသည်။ အခန့်မသင့်၍ ခါးအောက် ကိုယ်တစ်ပိုင်းသေသွားသူများ ရှိခဲ့ဖူးသည်။ ထို့ကြောင့် ခါးနာလျှင် ဖြစ်စကတည်းက ဂရုစိုက်ကုသသင့်သည်။ ခွဲစိတ်ကုသရသည့် အဆင့်ထိရောက်အောင် အချိန်မဆွဲသင့်ပေ။

ခါးနာကုသရာတွင် Lumber attraction ခေါ် ခါးဆွဲကုသခြင်းဖြင့် ခါးနာသက်သာစေနိုင်သည်။ သို့သော် အမြဲတမ်း ခဲဆွဲနေခြင်းသည်လည်း မကောင်းပေ။ ခါးရိုးဆစ်အားလုံးကိုဟသွားအောင် ဆွဲခြင်းဖြစ်သဖြင့် အလိုအပ်သော ခါးဆစ်များနှင့် အရွတ်ကြော၊ ဆိုင်းကြော၊ ခုတုံးများမှာ ဒဏ်ဖြစ်ပြီး ခါးနှင့် အောက်ပိုင်း အားပျော့သွားစေနိုင်သည်ကို သတိပြုရန် လိုအပ်သည်။

အိပ်ရာကြောင့် ခါးနာခြင်းဟုတ်၊ မဟုတ်ကို နံနက်အိပ်ရာထလျှင် သိနိုင်သည်။ တစ်ချိန်က စာရေးသူ၏ ဖခင်ကြီး ခါးနာဖူးသည်။ နံနက်အိပ်ရာထလျှင် ထူပေးဖို့ လူအကူကို အော်ခေါ်ရသည်။ နေ့လယ် နေ့ခင်းအကောင်း ကြာတော့ ထူပေးရသူများကို အားနာသဖြင့် အိပ်ရာဘေးနံရံအမြင့်မှ ကြိုးတစ်ချောင်းချထားသည်။နံနက်လင်းလျှင် ယင်းကြိုးကို ဆွဲယူပြီး အိပ်ရာမှ ထသည်။

စာရေးသူဖခင်၏ မွေ့ရာကို အထူမှ အပါးသို့ပြောင်းလိုက်သည်။ ထို့အပြင် မွေ့ရာအရွယ် သုံးထပ်သား အပါးတစ်ချပ် ကို အိပ်ရာပေါ်တွင်တင်၊ ထိုအပေါ်မှ စောင်တစ်ထည်ခင်းပြီး အိပ်စေသည်။ ခါးနာမှာ တဖြည်းဖြည်း သက်သာလာပြီး နောက်ပိုင်းတွင် ပျောက်ကင်းသွားသည်။

အသက်ကြီးသူများတွင် ခါးရိုးဆစ်များကို ဓာတ်မှန်ရိုက်ကြည့်လျှင် ကျီးပေါင်းတက်နေသည်ကို တွေ့ရမြဲဖြစ်သည်။ သစ်ပင်များ အသက်ရင့်လာလျှင် အခေါက်ထူပြီး အပွေးတက်သကဲ့သို့ဖြစ်သည်။ အဆန်းမဟုတ်ပါ။ ကျီးပေါင်းရှိသော အဆစ်နှင့် ခါးအာရုံကြောများ မညပ်မိစေရန်သာ အိပ်ရာမှအစ ဂရုစိုက်ပေးရန်ဖြစ်သည်။ မမာလွန်း၊ မပျော့လွန်းသော မွေ့ရာမျိုးဖြင့်သာ လူကြီးများကို အိပ်စေသင့်သည်။

## ပက်လက်ကုလားထိုင်ကြောင့် ဖြစ်သောခါးနာ

ခေါက်၍ ဆန့်၍ရသော ပတ္တူဖျင်ဖြင့် ပြုလုပ်ထားသော ထိုင်ခုံများကို ပက်လက်ကုလားထိုင်ဟု ခေါ်ကြသည်။ ကုလားထိုင်ဟူသော ဝေါဟာရမှာ အင်္ဂလိပ်ခေတ်က ပေါ်လာခဲ့ခြင်း ဖြစ်ပုံရသည်။ မြန်မာများက အင်္ဂလိပ်များကို ကုလားဟု ခေါ်ခဲ့ကြသည်။ သူတို့ထိုင်ခဲ့သော ထိုင်ခုံများကို ကုလားထိုင်ဟု ခေါ်ခဲ့ကြပုံရသည်။

စာရေးသူ၏ ညီငယ်တစ်ဦးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် ခါးနာဖူးသည်။ သူ့အကျင့်မှာ နေအိမ်အနောက်ဘက် သစ်ပင်အရိပ်ကောင်းသောနေရာတွင် ပက်လက်ကုလားထိုင်နှင့် စာကျက်လေ့ရှိသည်။ တစ်ခါတစ်ရံ သူသည်စာကျက်နေရင်း အိပ်ပျော်သွားလေ့ရှိသည်။ စာမေးပွဲကြီးနီးချိန်တွင် သူ့မှာခါးနာရောဂါ စွဲကပ်နေပြီး ဝမ်းလျားမှောက်ပြီး ခါးကိုအနင်းခံသည်။ ပရုတ်ဆီများလိမ်းသည်။ မသက်သာ။ နောက်ဆုံး ပက်လက်ကုလားထိုင်နှင့် စာမကျက်တော့မှ သက်သာသွားသည်။ သူသည် ယခုအခါ မေ့ဆေးဆရာဝန်ကြီး ဖြစ်နေပြီဖြစ်သည်။

စာရေးသူ၏ ဖခင်မှာလည်း တစ်ခါက ပက်လက်ကုလားထိုင် ဖျင်ပြဲပြီး ကျွံကျသဖြင့် ခါနာဖူးသည်။ ပြုတ်ကျရုံမျှမက ကုလားထိုင်တန်းများကခေါက်ပြီး ဦးခေါင်းနောက်စေ့သို့ ရိုက်မိသဖြင့် ဦးခေါင်းတွင်ပါ ဒဏ်ရာရလေသည်။ ခါးတွင်ရသောဒဏ်ရာမှာ အရိုးဖုသွားပြီး ကျီးပေါင်းတက်နေသဖြင့် ခါးမတ်၍မရသည်မှာ ယခုတိုင် ဖြစ်သည်။



“ခါးနာကြာလျှင် ကုသမှုစနစ်တကျမခံယူလျှင် အာရုံကြောရောင်ကာ ခြေတစ်ဖက်တွင် ကိုက်ခဲပြီး လမ်းကောင်းကောင်း မလျှောက်နိုင်သော ဝေဒနာခံစားရတတ်သည်။ ဆိုင်ရာတီကာဟုခေါ်သော အာရုံကြောနှင့် ခါးဆစ်ကျီးပေါင်းညပ်ပြီး ပေါင်တစ်လျှောက် ထုံကျင်နာသောရောဂါမှာ အလွန်ဆိုးသည်။ ဆိုင်ယက်တစ် နာဗ်ကြောရောင်သော ရောဂါကြောင့် ခြေတစ်ဖက်ကို ခဲနှင့်ဆွဲပြီး အိပ်ရာထဲတွင် ရက်ရှည်အိပ်နေရတတ်သည်”

ဖျင်ကုလားထိုင် မဟုတ်သော်လည်း ဝါးဖြင့်ပြုလုပ်သော ပက်လက်ကုလားထိုင်၊ ကြိမ်ဖြင့်ပြုလုပ်သော ပက်လက်ကုလားထိုင်၊ နောက်ဆုံးခေတ်ပေါ် Dream bed ဖြင့်အိပ်သူများမှာလည်း ခါးနာသည်ကို မကြာခဏတွေ့ရသည်။ ဝါးဖြင့်ပြုလုပ်သော ခေါင်းတင်တန်းပါသည့် ကုလားထိုင်ဖြင့် အိပ်ပျော်သူများမှာ ခါးသာမက ဇက်ကျီးပေါင်းတက်ခြင်းပါ ဖြစ်နိုင်သည်။ မကြာခဏ ခေါင်းမူးသူတစ်ဦးကို တွေ့ဖူးသည်။ သည် ဇက်ကြောတက်သက်သာစေရန် ဝါးကုလားထိုင်ဝယ်ပြီး ဇက်တင်အိပ်ရာမှ ကျီးပေါင်းတက်ပြီး မူးလာခြင်းဖြစ်သည်။

## အနှိပ်သည်ဖုကြောင့် ဖြစ်သောခါးနာ

ရှေးလူကြီးများသည် “အနှိပ်သည် ဖု” ခေါ် သစ်သားဖုလုံးနှစ်ခုကို တစ်လက်မခန့်အကွာထားသည့် ပွတ်လုံးဖြင့် ဇက်ရင်းတွင်ထား၍ အိပ်ခြင်း၊ ခါးဆစ်တွင်ခု၍ အိပ်ခြင်းကို ပြုလုပ်လေ့ရှိကြသည်။

သီလရှင်စာသင်တိုက်မှ ဆရာကြီးတစ်ပါးခါးနာ၍ ကုသပေးရဖူးသည်။ ခြေတစ်ဖက်ကို ဆန့်ထား၍မရ ကွေးထားရသည်။ ဆွဲဆန့်လျှင် နာ၍အော်ရသည်။ လမ်းမလျှောက်နိုင် ပွေ့ယူလာရသည်။ ထိုသီလရှင်ဆရာကြီးသည် အနှိပ်သည်ဖုကို ခါးအောက်ခုထားရင်း အိပ်ပျော်သွားရာမှ တစ်နာရီခန့်အကြာတွင် ခါးထဲမှပူပြီး နိုးလာသည်ဟု ဆိုသည်။ ထို့နောက် ခြေတစ်ဖက်တွင်ပါ ကျဉ်ထုံပြီး ကိုက်ခဲလာသည်။ သူသည် အနှိပ်သည်ဖုကြောင့် ခါးအာရုံကြောညပ်သော ရောဂါဝေဒနာရခဲ့ခြင်းဖြစ်သည်။ အနှိပ်သည်ဖုခံပြီး အိပ်ပျော်သွားရာမှ ဒုက္ခရောက်သူများစွာရှိသဖြင့် အထူးသတိပြုသင့်သည်။

အနှိပ်သည်ဖုကို ရှေးကမည်သူက တီထွင်ခဲ့သည်ကို မသိရသော်လည်း ဘုရားစောင်းတန်းဈေးသည်များ၊ ပန်းပုဆိုင်များတွင် အများအပြားရောင်းချသည်ကို တွေ့ရသည်။ တုတ်နှစ်ချောင်းကို သစ်သားဝက်အူရစ်ဖြင့် လှည့်ညှစ်သော အနှိပ်ကိရိယာများလည်း ရောင်းချနေသည်ကို တွေ့ရသည်။ ပေါင်ကိုက်သည်ကို ၎င်းတုတ်နှစ်ချောင်းနှင့် အချိန်ကြာမြင့်စွာ ညှစ်ထားမိသဖြင့် ပေါင်တွင်းသွေးလွှတ်ကြောမကြီး ပိတ်သွားကာ ခြေတစ်ချောင်းလုံး ဖြတ်ပစ်လိုက်ရသူရှိသည်ဟု ဆရာဝန်ကြီးတစ်ဦးက ပြောပြဖူးသည်။

အရပ်သုံးလက်ဖြစ် အနှိပ်ကိရိယာများသည် အန္တရာယ်ရှိသည်။ အမှုမဲ့ အမှတ်မဲ့ သုံးစွဲရာမှ အကြောညပ်ခြင်း၊ အဆစ်လွဲခြင်း၊ သွေးကြောပိတ်ခြင်း၊ အာရုံကြောရောင်ခြင်း၊ ဒဏ်ဖြစ်ခြင်းတို့ ဖြစ်နိုင်သည်။ လက်တည့်စမ်း မသုံးသင့်ပါ။

အိပ်စက်ခြင်းနှင့် အနားယူခြင်းသည် လူတို့ နေ့စဉ်ပြုရသော အမှုဖြစ်သည်။ အိပ်ရာအနေအထား မသင့်တော်၍ဖြစ်ရသောခါးနာရောဂါ၊ ကျီးပေါင်းတက်ရောဂါ၊ ပက်လက်ကုလားထိုင်နှင့် အိပ်ခြင်းကြောင့်ဖြစ်သော ခါးနာဝေဒနာ၊ လက်လုပ်အနှိပ်ကိရိယာတို့ကြောင့်ဖြစ်သော ခါးနာ၊ အာရုံကြောညပ်ဝေဒနာများမှာ မြန်မာလူမျိုးတို့တွင်အဖြစ်များသောကြောင့် သတိပြုဆင်ခြင်နိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

## ခါးနာအလွယ်ပျောက်နိုင်သောဆေးနည်းတိုများ

ခါးမှာ ရေစိုအဝတ်ကို (ရေကုန်အောင်ညှစ်ပြီးမှပတ်) ပတ်ထားပြီး ဆားနင်းပါ။ သို့မဟုတ် ပက်လက်အိပ်ပြီး ခြေဖဝါးဆားပွတ်ပါ။ အခြားသူတစ်ယောက်ကို ပွတ်ခိုင်းရပါမယ်။ ရေဆွတ်ပြီး ပွတ်ပါ။ ခြောက်သွားရင် ရေထပ်ဆွတ် ၁၀ ကြိမ်ခန့် ပွတ်ပါ။ ခါးကရေစိုအဝတ် ခြောက်သွားပါလိမ့်မည်။ တစ်နေ့ နှစ်ကြိမ်၊ နံနက်၊ ည ပြုလုပ်နိုင်ပါတယ်။ ရေရှည်ပြုလုပ်ပါ။ လက်တွေ့ပျောက်သော နည်းပါ။

## ခါးနာအတွက်ဆေးနည်းတိုများ

- သက်ရင်းကြီးရွက်များကို ခါးတွင်ကပ်ပြီး အဝတ်ဖြင့် စည်းထားပါ။ နှစ်နာရီကြာလျှင် ယားလာလျှင် ဖြည်ပေးပါ။
- သက်ရင်းကြီးရွက် ခုနစ်ရွက်ကို အိပ်ရာအောင်တွင် ခင်းအိပ်လျှင် ခါးနာသက်သာသည်ဟု ရှေးလူကြီးများ သုံးကြသည်။
- ကိုရန်ကြီး(ခတ္တပင်) အရွက်ကိုပျော့အောင် မီးကင်ပါ။ မုန်ညင်းဆီ(သို့) နှမ်းဆီသုပ်ပြီး ခါးတွင်ကပ်ကာ အဝတ်ဖြင့် ပတ်စည်းထားပါ။
- ဗာဒံရွက်(ဗန်ဒါရွက်) အစိမ်းရောင် အရွက်နုကိုခါးတွင် သုံးရွက်ခန့်ကပ်ပြီး ခါးနာလျှင် ပတ်သည့်ခါးပတ်ဖြင့် ပတ်ထားလျှင် ခါးကြောညပ်၊ ခါးဆစ်နာသက်သာစေသည်။
- သဘော်ရွက် ပျော့အောင်ရေနွေးစိမ် ခါးတွင်ကပ်ပြီး ပတ်ထားလျှင် သက်သာစေသည်။
- ချင်းခြောက်မှုန့်နှစ်ဆ + လင်းနေမှုန့် တစ်ဆ + သစ်ကြံပိုးခေါက်မှုန့် တစ်ဆရောစပ်ရေနွေးဖြင့် ကျေညက်အောင် ခေါက်ဖျော်ပြီး ဂွမ်း(သို့) ပတ်တီးစပေါ်တွင် သုတ်လိမ်း၊ ခါးတွင်ကပ်ပြီး အိပ်လျှင် ခါးနာ၊ ကျီးပေါင်းတက်နာ သက်သာစေနိုင်သည်။
- တောရှောက်မြစ်၊ ဝံအူမြစ်၊ စာသူငယ်ဦးနှောက်၊ ပိတောက်သား အနှစ်တို့ကို သွေးပြီး လိမ်းပေး (သို့) အမှုန့်ကြိတ် ရေဖြင့် ဖျော်လိမ်းပေးပါက ခါးနာသက်သာစေသည်။
- မိဿလင်ဥ (သို့) အမှုန့်ကို ကြပ်ထုပ်လုပ်ပြီး ရေနွေးငွေ့ခံ ထိုးပေးလျှင် ခါးကိုက် လှည့်စောင်းမရ ဝေဒနာသက်သာစေသည်။
- ဆားခါးထုပ်ကို ရေစိမ်ကန်တွင် ထည့်ဖျော်ပြီး စိမ်ပေးလျှင် ခါးနာသက်သာစေသည်။
- တမာရွက် သက်ရင်းကြီးရွက် (သို့) အခေါက်များပြုတ်ရည်ဖြင့် ရေချိုးပေးလျှင် ခါးနာသက်သာစေသည်။
- ခါးနာလျှင် ဆေးခါးကြီး (သို့) ရှမ်းဆေးခါးပြုတ်ရည် (အကြမ်းပန်းကန်တစ်လုံးစာ) တစ်နေ့နှစ်ကြိမ်သောက်လျှင် သက်သာသည်။
- ဓာတ်စာအနေဖြင့် ခွေးတောက်ရွက်နှင့် ကြက်ရိုးဟင်းချိုချက်သောက်လျှင် သက်သာစေသည်။

## ခါးနာအတွက်ဆေးပရုတ်ဆီချက်နည်း

- မင်သော်ဆီ ၂ ကျပ်သား၊ မီသိုင်း ၃ ကျပ်သား၊ ပက်ပါမင် ၅ ကျပ်သား၊ ပရုတ် ၂၄ ကျပ်သား၊ ထင်းရှူးဆီ ၁၀ ကျပ်သား၊ မုန်ညင်းဆီ ၄၀ ကျပ်သား၊ ပျားဖယောင်း ၁၆ ကျပ်သား။ (မုံညှင်းဆီ အရင်တည်။ ဆူပြီးမှ ဆေးမယ်များ အဆင့်ဆင့်ထည့်သွား မီးဖိုပေါ်မှချပြီးမှ နောက်ဆုံး ပျားဖယောင်းထည့်ပါ။ မအေးခဲမီ ဖန်ပုလင်းငယ်များတွင် ခွဲထည့်ပါ။ အေးခဲလျှင် ဆေးပရုတ်ဆီ ဖြစ်ပါပြီ။)

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၃** - နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ညောင်ချောင်းသာကမ်းခြေ၌ အစိုးရရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ ပိုမိုများပြား

**ညောင်တုန်း မတ် ၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရန်ကင်းစံရွာကျေးရွာရှိ ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ သဲသောင်ပြင်တွင် သဘာဝအတိုင်း တည်ရှိနေသော ညောင်ချောင်းသာ အပန်းဖြေရေချိုးဆိပ် (ညောင်ချောင်းသာ) ကမ်းခြေသည် တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်သူများ ပိုမိုများပြားလာခဲ့သော အပန်းဖြေ ကမ်းခြေတစ်ခု ဖြစ်လာသည်။



"ကျွန်တော် ညောင်ချောင်းသာ ကမ်းခြေကို လာရောက်လည်ပတ်ခဲ့တာ ဒီနှစ်နဲ့ဆိုရင် သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီ၊ သွားလာရတာလည်း အဆင်ပြေတယ်၊ ကိုယ့်ဒေသကို နေ့ချင်းပြန်ဖို့လည်း အချိန်မီတယ်၊ ဒီနှစ် ညောင်ချောင်းသာကမ်းခြေက တိုက်ရိုက်ကားနဲ့ ဆင်းသွားလို့ရတဲ့အတွက် ခါတိုင်းနှစ်တွေကထက် လာရတာ ပိုအဆင်ပြေပါတယ်"ဟု ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

ညောင်ချောင်းသာကမ်းခြေ တည်ရှိရာ ညောင်တုန်းမြို့သည် ရန်ကုန်မြို့နှင့် မိုင်ပေါင်း ၃၀ ကျော်ခန့်သာ ကွာဝေးပြီး နေ့ချင်းပြန်သွားလာနိုင်ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့်လည်း လာရောက်လည်ပတ်သူများအဖို့ အချိန်တိုအတွင်း ငွေအကုန်နည်းပြီး စိတ်အေးချမ်းသာယာစွာ အပန်းဖြေအနားယူနိုင်ကာ မိမိဒေသသို့ အချိန်မီပြန်နိုင်ပေသည်။

"ဒီရုံးပိတ်ရက် လေးရက်မှာ ကျွန်တော်တို့ မိသားစုအနေနဲ့ အပန်းဖြေကမ်းခြေများစွာထဲက ကိုယ့်မြို့နဲ့ အနီးဆုံးဖြစ်တဲ့ ညောင်တုန်းမြို့က ညောင်ချောင်းသာ ကမ်းခြေကို မိသားစုလိုက် လာရောက်အပန်းဖြေဖြစ်တယ်၊ ညောင်ချောင်းသာကမ်းခြေဆိုတာ လူပြောများပြီး ကြားဖူးနေတာတော့ ကြာပြီ၊ ဒီနှစ်မှပဲ ရောက်ဖြစ်တော့တယ်၊ စားသောက်ဆိုင်ခန်းတွေကလည်း ၅၀ နီးပါးခန့်ရှိပြီး အလွန်စည်ကားပါတယ်၊ ဝန်ဆောင်မှုလည်း ကောင်းတယ်၊ ကလေးတွေလည်း ရေဆော့ကစားရတာ အဆင်ပြေတယ်၊ ဒေသထွက် အစားအစာတွေကလည်း စားသုံးရတာ အဆင်ပြေပါတယ်" ဟု မအူပင်မြို့မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

အဆိုပါ ညောင်ချောင်းသာ အပန်းဖြေ ရေချိုးဆိပ်(ညောင်ချောင်းသာ) ကမ်းခြေသည် တစ်နှစ်ထက် တစ်နှစ် လူသိထင်ရှား ကျော်ကြားလာသော ကမ်းခြေတစ်ခုဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် ပတ်ဝန်းကျင် ဒေသများမှ ပြည်သူများသာမက ရန်ကုန်မြို့နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကပါ လာရောက် လည်ပတ်လျက်ရှိပြီး ယခုလို အစိုးရရုံးပိတ်ရက်များတွင် လာရောက်အပန်းဖြေသူများ ပိုမိုများပြားပြီး စည်ကားလျက်ရှိကြောင်း သိရသည်။ **ဝဋ္ဌာနိုင်(ညောင်တုန်း)**

❀ ကျော့ဖုံးမှ

ရုံးပိတ်ရက်ရှည်ကာလ ကျွန်းအပန်းဖြေ ခရီးသွားပြည်သူများသည် ဒုံးရေတံခွန်၊ ပါပန့်ကျွန်းခရီးစဉ်နှင့် လေးကျွန်း၊ သမီးလှကျွန်း ခရီးစဉ်များကို ပိုမိုသွားရောက်ခဲ့ကြကြောင်း မတ် ၃ ရက်က သိရသည်။

ကျွန်းအပန်းဖြေခရီးအနေဖြင့် နေ့စဉ် ကျွန်းအပန်းဖြေ ခရီးသွား ၄၀ နှင့် ၅၀ သာရှိခဲ့ရာမှ ရုံးပိတ် ရက်ရှည်ကာလဖြစ်သော တပေါင်းလပြည့်နေ့၊ တောင်သူလယ်သမားနေ့နှင့် စနေနေ့တို့တွင် တစ်နေ့လျှင် ၄၀၀ ကျော် သွားရောက် အပန်းဖြေခဲ့ကြကြောင်း BLISSFUL MYANMAR ခရီးသွားလုပ်ငန်းမှ ဒေါက်တာ သိန်းရွှေမြင့်ထံမှ သိရသည်။

မြိတ်-ကျွန်းစုရှိ ကျွန်းများသည် ဒေသခံများ၊ ခရီးသွားပြည်သူများ အပန်းဖြေအနားယူနိုင်သည့် သဘာဝအလှတရားများဖြင့် သာယာလှပသော ကျွန်းများဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး ( မြိတ် ပြန်/ဆက် )**



မြိတ်ကျွန်းစုများသို့ သဘာဝအလှအပများ လာရောက်အပန်းဖြေကြည့်ရှုကြသည့် ခရီးသွားများကို တွေ့ရစဉ်။

# နွေရာသီကာလရုံးပိတ်ရက် ပသိချောင်းနှင့် ရေလွှဲရေတံခွန်တို့တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားနေ



**ရေတာရှည် မတ် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့အရှေ့ ၁၃ မိုင် ကရင်ပြည်နယ် သံတောင်မြို့ရှိ ကျောက်တုံးကြီးငယ်များအကြား ကွေ့ဝိုက်ကာ စီးဆင်းနေသည့် ပသိချောင်း၊ သံတောင်ကြီးမြို့ရှိ နော်တူဘောဆုတောင်းပြည့်တောင်နှင့် ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ရေလွှဲကျေးရွာအနီးရှိ ရေလွှဲရေတံခွန်တို့မှာ ယခုရက်ပိုင်းအတွင်း လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်။

ရေလွှဲရေတံခွန်သို့ ရေတာရှည်-ကရင်ချောင်းလမ်းအတိုင်း အရှေ့ဘက်သို့သွားလျှင် ၆ မိုင်ခန့်ရောက်ရှိကာ ကျွဲရိုင်းပြင် ကျေးရွာကိုရောက်ရှိမည်ဖြစ်ပြီး ယင်းကျေးရွာမှ စစ်တောင်းမြစ်အား ယာယီတံတားမှတစ်ဆင့် ဖြတ်ကူးကာ သာယာကုန်း၊ ကရင်ချောင်းကျေးရွာများကို သွားရောက်နိုင်မည်ဖြစ်သည်။

"ဒီရေတံခွန်က ရေကအတော့်ကို ကြည်တယ်၊ ရေစီးတော့ နည်းနည်းသန်တယ်၊ ရေချိုးလို့ အင်မတန်ကောင်းပါတယ်၊ ရုံးပိတ်ရက်မှာ မိသားစုအတူလာလည်ကြတာပါ" ဟု တောင်ငူမြို့နယ် ကေတုမတီမြို့နေသူတစ်ဦးက ပြောသည်။

ထို့အတူ အပန်းဖြေလည်ပတ်စရာ နေရာတစ်ခုဖြစ်သော တောင်ငူမြို့အရှေ့ဘက်ရှိ ပသိချောင်းရေတံခွန်တွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိပြီး ရှေးယခင်က ဝင်ကြေးကောက်ခံမှုမရှိသည့်အတွက် အခက်အခဲမရှိသော်လည်း စီးပွားရေးလုပ်ငန်းရှင်များက အပန်းဖြေစခန်းအား လုပ်ကိုင်ခွင့်ရရှိခဲ့သည့်အတွက် ဆိုင်ကယ်၊ မော်တော်ယာဉ်များအား ဝင်ကြေးပေးဆောင် နေရမှုကိုလည်း လာရောက်အပန်းဖြေသူများအကြား ဝေဖန်မှုများရှိနေသည်။

"နွေရာသီဆိုတော့ ပသိချောင်းက ရေနည်းသွားတယ်၊ လူများရင် ရေကနောက်သွားတော့ ရေချိုးတဲ့သူတွေ အဆင်မပြေဘူးပေါ့၊ ဝင်ကြေးကောက်ပြီးတော့ လာရောက် လည်ပတ်သူတွေအတွက် အပန်းဖြေအနားယူစရာနေရာတွေ လုပ်ဆောင်ပေးသင့်ပါတယ်" ဟု ရုံးပိတ်ရက်လာရောက် လည်ပတ်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ထူးခြားသည့် နေ့အပူချိန်နှင့် မှတ်သားဖွယ် မိုးရေချိန်များ

**နေပြည်တော် မတ် ၃**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့ နှင့်အောင်လံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၃၅ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ဖြစ်သည်။

**မိုး/ဇလ**

# ငွေကျပ် ၃၂၉ သိန်းတန်ဖိုးရှိ ဘိန်းစာပင်များ မီးရှို့ဖျက်ဆီး

**မြိတ် မတ် ၃**

နိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းကျေးရွာ၏ အနောက်မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ဘန်ကျုတ်ချောင်း၏ တစ်ဖက်ကမ်း ကမ်းနားတစ်လျှောက် မြေပေါ်တွင်ပေါက်ရောက်နေသည့် ၃ ဒသမ ၅ ဧကခန့်ရှိ ဘိန်းစာပင် ၁၀၀၀ ခန့်ကို မတ် ၂ ရက် နံနက်ပိုင်းက အဖွဲ့ပေါင်းစုံဖြင့် သွားရောက်ခုတ်ထွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**စုပေါင်းခုတ်ထွင်ရှင်းလင်း**

ခုတ်ထွင် ရှင်းလင်း မီးရှို့ဖျက်ဆီးသည့် ဘိန်းစာပင်များမှာ အမြင့်ပေ ၈ ပေမှ ၁၂ ပေအထိ ပင်စည် ၃ လက်မနှင့် ၄ လက်မ ပတ်လည်ခန့်ရှိကြပြီး စိုက်ခင်းနေရာငါးနေရာကို ခရိုင် ရဲတပ်မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်နှင့် ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်မတော်သားများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် တပ်ဖွဲ့ဝင်များ၊ KNU ငြိမ်းချမ်းရေးအဖွဲ့မှ ဖဒိုညာဝါးနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်းခုတ်ထွင် ရှင်းလင်းကာ အမြစ်များကို ပေါင်းသတ်ဆေးဖျန်း၍ အရွက်နှင့် အကိုင်းအခက်များကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။

စုပေါင်းဖျက်ဆီးခဲ့သည့် ဘိန်းစာပင်စိုက်ခင်းများသည် ဘန်ကျုတ်ချောင်းနံဘေး ပေါက်ရောက်နေသော ဘိန်းစာပင်များဖြစ်ကာ အလေ့ကျပေါက်နေသော အပင်မဟုတ်ဘဲ တောရိုင်းများကို ခုတ်ထွင်ကာ လာရောက်ကျူးကျော် စိုက်ပျိုးထားတာ တွေ့ရှိရကြောင်း၊ ဘိန်းစာပင်ပိုင်ရှင် မည်သူမည်ဝါဖြစ်သည်ကို လတ်တလော အတည်မပြုနိုင်သေးကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ထွန်းက ပြောသည်။

**တန်ဖိုးငွေကျပ် ၃၂၉ သိန်းတန်ဖိုးရှိဘိန်းစာပင်များ**

ဖျက်ဆီးခဲ့သည့် ဘိန်းစာပင်များမှ အရွက်များကို ခြွေချချိန်တွယ်ရာ အပင်လတ် ၉၄၀ မှ စုစုပေါင်း ဘိန်းစာရွက်အစို ၁၃၁၆ ကီလိုရရှိခဲ့ပြီး ဒေသပေါက်စျေး ဘိန်းစာရွက်အစို တစ်ကီလိုလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၂၉ သိန်းတန်ဖိုးရှိ ဘိန်းစာပင်များကို ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။



**ခိုင်ထူး( မြိတ် ပြန်/ဆက် )**

# ရုံးပိတ်ရက်ရှည် နေပြည်တော်သို့ မိသားစုအလိုက် အပန်းဖြေလည်ပတ်ကြရင်း ဘုရားဖူးကုသိုလ်ယူသူများပြော

**ရုံးပိတ်ရက် လေးရက်ဆက်တိုက် ရရှိသည့်အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ မိသားစုအလိုက်၊ မိတ်ဆွေအပေါင်း အသင်းအုပ်စုအလိုက် ပျော်ရွှင်စွာ အပန်းဖြေသွားလာနေကြရာ နေပြည်တော်အဝင်ဂိတ်မှ ဖြတ်သန်းသွားသူအချို့အား သွားရောက်တွေ့ဆုံမေးမြန်းထားသည်။**


ဒေါ်ခင်စန်း


ဒေါ်ရင်ရင်မြင့်


မောင်ကျော်မင်းခန့်

**ဒေါ်ခင်စန်း (ပဲခူးမြို့)**

အားလပ်ရက်ရှည်မှာ မိသားစုလိုက်ခရီးထွက်လာတာပါ၊ နေပြည်တော်ထဲမှာတော့ လည်ပတ်ပြီးပါပြီ၊ နေပြည်တော်တိုးဂိတ်မှာ တစ်ထောက်နားပြီး မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယကို ဆက်ပြီး ဘုရားဖူးသွားမှာပါ၊ အခုလို ပိတ်ရက်မှာ မိသားစုစုံစုံလင်လင်နဲ့ အပန်းဖြေခရီးထွက်ရတဲ့အတွက် ဝမ်းသာမိတာတော့ အမှန်ပါပဲ၊ ဒီလို လေးရက်ဆက်တိုက် ပိတ်ဖို့ကလည်း လွယ်တာ မဟုတ်ဘူးလေ၊ ဘုရားတွေဖူးရတာလည်း ကုသိုလ်ရလို့ ကျေနပ်မိပါတယ်။

**ဒေါ်ရင်ရင်မြင့်(ရန်ကုန်မြို့)**

ကျွန်မတို့က ရန်ကုန်ကနေ နေပြည်တော်ကို လာရောက်လည်ပတ်တာပါ၊ နေပြည်တော်ကို ရောက်ဖူးတာ အခုနဲ့ဆို သုံးခါမြောက်ရှိပါပြီ၊ တိုးဂိတ်မှာ ထမင်းစားနားပြီး နေပြည်တော်က ဗုဒ္ဓဂယာ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးပါမယ်၊ ရေပန်းဥယျာဉ်နဲ့ အခြားထင်ရှားတဲ့ နေရာတွေကို သွားလည်ပါမယ်၊ နေပူပေမယ့် ပိတ်ရက်မှာ မိတ်ဆွေတွေနဲ့ အခုလိုလည်ပတ်ရတာ ပျော်ဖို့ကောင်းပါတယ်၊ နောက်ထပ် ပိတ်ရက်ရှည်ရှိရင်လည်း လာဖြစ်ဦးမှာပါ။

**မောင်ကျော်မင်းခန့် (ရန်ကုန်မြို့)**

ကျွန်တော်က ရန်ကုန်ကပါ၊ သူငယ်ချင်းတွေနဲ့ နေပြည်တော်ကို လာရောက် လည်ပတ်တာဖြစ်ပါတယ်၊ နေပြည်တော်ကို လာချင်နေတာကြာပါပြီ၊ အခုက ပိတ်ရက်ရှည်တာရယ် သူငယ်ချင်းတွေကလည်း စုံနေတာရယ်ကြောင့် လာရောက်လည်ပတ်ဖြစ်တာပါ၊ ရေပန်းဥယျာဉ်ကို တီဗွီထဲမှာပဲ ကြည့်ဖူးခဲ့တာ အခုကိုယ်တိုင်သွားရတော့မှာဆိုတော့ ပျော်ပါတယ်၊ ပိတ်ရက် ရက်ရှည်ကြုံတိုင်း မိသားစုနဲ့ဖြစ်ဖြစ်၊ သူငယ်ချင်းနဲ့ဖြစ်ဖြစ် ခရီးအမြဲထွက်ဖြစ်ပါတယ်။



ရုံးပိတ်ရက်ရှည်ကာလ နေပြည်တော်သို့ အပန်းဖြေလာရောက်သည့် ခရီးသွားများကို ပို့ဆောင်ပေးသည့် ခရီးသည်တင်ယာဉ်လိုင်းများကို ယာဉ်ရပ်နားစားသောက်ဆိုင်များ၌ တွေ့ရစဉ်။

**ဦးသန့်ဇော်ထွန်း (ရန်ကုန်မြို့)**

နေပြည်တော်တော့ အမြဲတမ်းလာဖြစ်ပါတယ်၊ ဒါပေမယ့် နေပြည်တော်အတွင်းမှာရှိတဲ့ ဘုရားတွေနဲ့ လည်ပတ်စရာ နေရာတွေကိုတော့ စုံအောင် မရောက်သေးပါဘူး၊ ဒါကြောင့် နေပြည်တော်မှာလည်း အမျိုးတွေရှိတာရယ်၊ လေးရက်ဆက်တိုက် ပိတ်ရက်နဲ့လည်း ကြုံလာတဲ့အတွက် မိသားစုနဲ့အတူတူ လာရောက်လည်ပတ်ခြင်း ဖြစ်ပါတယ်၊ ဒီတစ်ခေါက်တော့ ဗုဒ္ဓဂယာဖူးပါမယ်၊ တိရစ္ဆာန်ရုံ၊ တိုင်းရင်းသားကျေးရွာတွေကို လည်ပတ်ဖို့ စီစဉ်ထားပါတယ်၊ အရင်တစ်ခေါက်က မန္တလေး၊ စစ်ကိုင်း၊ မုံရွာဘက်ကို ဘုရားဖူးသွား ဖြစ်ပါတယ်။

**မကြူကြူခိုင် (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**

အလုပ်ပိတ်ရက်မှာ မိသားစုနဲ့အတူ လွတ်လွတ်လပ်လပ် ထွက်ရတော့ ပျော်စရာလည်း ကောင်းပါတယ်၊ ဝန်ထမ်းဆိုတော့ ဒီလိုရက်ရှည် ပိတ်ရက်မှာပဲ ခရီးသွားဖြစ်တာပါ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ မန်းရွှေစက်တော်၊ မကွေးမြို့အနှံ့ ဘုရားဖူးပြီး ပြန်လာတာပါ၊ နောက်ဆုံးအနေနဲ့ နေပြည်တော်ကို ဝင်တာပါ၊ နေပြည်တော်မှာ ထင်ရှားတဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ မဟာသကျရံသီ၊ ဗုဒ္ဓဂယာဖူးပြီး မိသားစုဝင်တွေ ပြန်ကြမှာပါ၊ ကျွန်မကတော့ နေပြည်တော်မှာ တာဝန်ကျတာဆိုတော့ ဒီမှာပဲ နေခဲ့မှာပါ။

**မလင်းထက်ဇော်(ဆရာမ)**

နွေရာသီပိတ်ရက်ရောက်မှပဲ ခရီးသွားဖြစ်ပါတယ်၊ အခုလို အလုပ်နားရတဲ့ အချိန်လေးမှာ ခရီးထွက်ရတော့ ပျော်ပါတယ်၊ အတွေ့အကြုံအသစ်တွေ၊ နေရာအသစ်တွေကို ရောက်ပါတယ်၊ အလောင်းတော်ကဿပဘုရား သွားဖူးပါတယ်။ မန္တလေး၊ မုံရွာ၊ စစ်ကိုင်းမြို့တွေမှာရှိတဲ့ အထင်ကရ ဘုရားတွေ နေရာတွေ အစုံဖူးခဲ့ပါတယ်၊ တိုးဂိတ်မှာ ထမင်းစားနားတာပါ၊ နေပြည်တော်က ဗုဒ္ဓဂယာဘုရားဖူးပြီးရင် ပြန်တော့မှာပါ။

**အမေးအရေး-အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုအေးသန်း**



နေပြည်တော်အဝင်တိုးဂိတ်၌ ရုံးပိတ်ရက်ရှည်ကာလ အပန်းဖြေခရီးသွားများ ပို့ဆောင်ပေးသည့် ခရီးသည်တင်ယာဉ်လိုင်းများနှင့် ကိုယ်ပိုင်ယာဉ်ငယ်တို့ကို တွေ့ရစဉ်။


ဦးသန့်ဇော်ထွန်း


မကြူကြူခိုင်


မလင်းထက်ဇော်

# ရုံးပိတ်ရက်ရှည်ကာလတွင် ဖိုးကျားအပန်းဖြေဆင်စခန်းသို့ မိသားစုအလိုက် အပန်းဖြေလာရောက်

ရေတာရှည် မတ် ၃

**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမဖြတ်ကျော်ကားလမ်း(၁၀)မိုင်ရှိ ဖိုးကျားအပန်းဖြေဆင်စခန်းသို့ ရက်ရှည်ရုံးပိတ်ရက်ရှည်ကာလအတွင်း ရန်ကုန်-နေပြည်တော်-တောင်ငူမြို့များနှင့် အခြားသောဒေသများမှ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို မတ် ၃ ရက် နံနက်ပိုင်းက တွေ့မြင်ခဲ့ရသည်။**



"အခုရုံးပိတ်ရက်မှာ တစ်ရက်ကိုလာရောက်လည်တဲ့သူ အယောက် နှစ်ရာ ကျော်လောက်လာကြတယ်၊ ဆင် ၁၂ ကောင် မနက်ပိုင်းမှာ နားချိန်ကိုမရတာ" ဟု ဖိုးကျားအပန်းဖြေဆင်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လာရောက်လည်ပတ်သူများကို မေးမြန်းကြည့်ခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ တောင်ငူမြို့များမှ ဝန်ထမ်းများ ရုံးပိတ်ရက်ဖြစ်၍ မိသားစုအလိုက်၊ အစုအဖွဲ့လိုက် လာရောက်ကြခြင်းဖြစ်ပြီး ကြိုတင်ပြီး ချိတ်ဆက်ထားသူများမှ နံနက် ၇ နာရီကပင် ဆင်စီးလည်ပတ်ရန် ရောက်ရှိလာကြကြောင်း သိရသည်။ "ဆင်တွေက မနက်ပိုင်း ၁၀ နာရီဝန်းကျင်လောက်ပဲ နေပူရင် ဆင်စီးလို့ မရတော့ဘူး၊ ညနေပိုင်း နေအေးမှသာ စီးလို့ရတယ်၊ အဲဒါကြောင့် ကျွန်တော်တို့အဖွဲ့က မနက်အစောပိုင်းမီအောင် ထွက်လာခဲ့ကြတာ"ဟု ရန်ကုန်မြို့မှ လာရောက်လည်ပတ်သူ ခရီးသွားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့က နေပြည်တော်ကပါ ရက်ရှည်ရုံးပိတ်ရက်ဆိုတော့ ကိုယ့်မိသားစုလည်း အချိန်ပေးနိုင်တယ်၊ ကလေးတွေကလည်း ဖိုးကျားဆင်စခန်းကို မရောက်ဖူးတော့ သွားချင်တယ်ဆိုတာနဲ့ လိုက်ပို့ဖြစ်သွားတာပါ၊ ဒီမှာဆိုတော့ မြို့ပြလို မွန်းကျပ်မနေဘူးလေ၊ တောတွင်းသဘာဝအတိုင်းဆိုတော့ ပျော်စရာလည်း ကောင်းပါတယ်" ဟု နေပြည်တော်ဘက်မှ လာရောက်လည်ပတ်သူတစ်ဦးက ပြောသည်။

ဖိုးကျား အပန်းဖြေဆင်စခန်းသို့ ညအိမ်တည်းခိုသူများလည်းရှိပြီး ဆင်စီးခြင်း၊ ငှက်များကြည့်ရှုခြင်းနှင့် ဒေသခံများ၏ လူနေမှုဘဝများကို အနီးကပ်လေ့လာကြခြင်းဖြင့် အပန်းဖြေလည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရုံးပိတ်ရက်ရှည်ကာလများတွင် သထုံမြို့ရှိ အထင်ကရစေတီတော်များ၌ ခရီးသွားများဖြင့် စည်ကား

**သထုံ မတ် ၃**
မွန်ပြည်နယ် သထုံမြို့၏ စေတီပုထိုးများနှင့် သမိုင်းဝင်အထင်ကရ နေရာများတွင် တပေါင်းလပြည့်နေ့နှင့် တောင်သူလယ်သမားနေ့ အပါအဝင် ရုံးပိတ်ရက်ရှည်ကာလအတွင်း ကုသိုလ်ပြုဘုရားဖူး ရန်နှင့် အပန်းဖြေအနားယူရန် အနယ်နယ်အရပ်ရပ်မှ ခရီးသွား များ ဝင်ရောက်လာမှုကြောင့် အထူးစည်ကားလျက်ရှိသည်။

"လပြည့်နေ့က ရွှေစာရံဘုရားပွဲရက်ဖြစ်သလို ပအိုဝ်း အမျိုးသားနေ့လည်းဖြစ်တယ်၊ နောက်ပြီး ပိတ်ရက်ရှည်နဲ့လည်း တိုက်တော့ ဘုရားဖူး တော်တော်လေးများတယ်၊ ရပ်ဝေးမှ ဘုရာဖူးတွေက အများအားဖြင့် ကျိုက္ခမီ၊ စက်စဲသွားရင်း ဘုရား ဝင်ဖူးကြတာ"ဟု ရွှေစာရံစေတီတော်၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ခရီးသွားအများစုမှာ သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး(**ယာပုံ**)၊ မြသပိတ် တောင်ခြေရှိ မြန်မာနိုင်ငံတွင် အကြီးဆုံးနီးဘုရားရုပ်ပွားတော် မြတ်ကြီးနှင့် မြသပိတ်တောင်ထိပ်ရှိ မြသပိတ်စေတီတော်မြတ်ကြီး တို့သို့ သွားရောက်ဖူးမြော်ကာ ကုသိုလ်ယူ အပန်းဖြေကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ပိတ်ရက်ရှည်လေးရတာနဲ့ မိသားစုလိုက် ဘုရားဖူးရင်း လာတာပါ၊ အမြင်သစ်တွေလည်း ရတယ်၊ ကုသိုလ်ဖြစ်ပြီး အပန်း လည်း ပြေတာပေါ့၊ ဒီမြသပိတ်စေတီတော်ကို လာဖူးချင်တာ ကြာပြီ၊ တောင်တက်ကားလမ်း ရှိတယ်လို့တော့ ပြောတယ်၊ ကျွန်တော်တို့ကတော့ စောင်းတန်းလှေကားအတိုင်းပဲ တက်ဖူး တယ်။ သဘာဝတောတောင်ရှုခင်းတွေနဲ့ လတ်ဆတ်တဲ့လေကို ရှူရတာ အားသစ်ကို ဖြစ်စေတယ်"ဟု ရန်ကုန်မြို့မှ မိသားစု အလိုက် ဘုရားဖူးလာသူ ဦးသိန်းထွန်းက ပြောသည်။

သထုံမြို့တွင် တန်ခိုးကြီးဘုရားစေတီများအပါအဝင် သုဝဏ္ဏ ဘူမိခေတ် ရှေးဟောင်းမြေသားမြို့ရိုးများ၊ ရွှေစာရံစေတီတော် ဝင်းအတွင်းရှိ ရှေးဟောင်း မွန်ကျောက်စာပြတိုက်နှင့် ရသေ့ကြီး ဦးခန္တီလှူဒါန်းခဲ့သည့် ပိဋကတ်ကျောက်စာချပ်ကြီးများ၊ သိကြား ဘုရားစေတီတော်ပေါ်ရှိ ကျောက်ထွင်းဗုဒ္ဓဝင်ကျောက်ချပ်များ၊ ကလျာဏီသိမ်တော်ကြီးနှင့် သိမ်နိမိတ်တိုင် ရှေးဟောင်းဗုဒ္ဓဝင် လက်ရာများ၊ ၎က်တွင်းကျောင်းတိုက်၌ ပြခန်းပြုလုပ်ပြီး ပြသ ထားသည့် သုဝဏ္ဏဘူမိခေတ် အုတ်ခွက်ဘုရားများနှင့် ရှေးဟောင်းပစ္စည်းများ စသည့် ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် သမိုင်းဝင်အထင်ကရများစွာရှိပြီး ပြည်တွင်း ပြည်ပ သုတေသီ များနှင့် ဒေသန္တရ ဗဟုသုတရှာမှီးလိုသူများတို့က အစုအဖွဲ့ အလိုက် လာရောက်လေ့လာ လည်ပတ်ကြသည်။ **သက်ဦး(သထုံ)**





# ဘိုကလေးမြို့နယ်ရှိ ရန်ပြေမာန်ပြေ အောင်စကြာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

**ဘိုကလေး မတ် ၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၏ မြို့ဦး အရှေ့မြောက်စူးစူးတွင် တည်ထားကိုးကွယ်လျက်ရှိသော ရန်ပြေ မာန်ပြေအောင်စကြာ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ရန်ပြေမာန်ပြေ အောင်စကြာစေတီတော်မြတ်ကြီးသည် ဘိုကလေးမြို့နယ်၏ မြို့ဦးအရှေ့မြောက်စူးစူးတွင် တည်ထား ကိုးကွယ်လျက်ရှိကာ ဉာဏ်တော်အားဖြင့် ၇၂ တောင်ရှိပြီး ယခု အခါတွင် အကြိမ်(၅၀)မြောက် ရွှေရတုမင်္ဂလာ ဗုဒ္ဓပူဇနိယပွဲတော် ကြီးကို တပေါင်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၆ ရက်အထိ ကျင်းပလျက်ရှိရာ ဘုရားဖူးဧည့်သည်များ၊ ဇာတ်ပွဲများ၊ ဈေးဆိုင် တန်းများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိကြောင်း သိရ သည်။

**ဘိုကလေး(ပြန်/ဆက်)**



ရုံးပိတ်ရက်ရှည်ကာလဖြစ်သည့် မတ် ၃ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမိုင်းဝင်ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
မော်လမြိုင်(ကိုယ်ပွား)

# ရုံးပိတ်ရက်ရှည်တွင် အလှူဒါနပြုသူ၊ အပန်းဖြေသူများဖြင့် မအူပင်မြို့နယ်၌ စည်ကားလျက်ရှိ

**မအူပင် မတ် ၃**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်းရှိ ပြည်သူများသည် တပေါင်းလပြည့်နေ့နှင့် တောင်သူလယ်သမား နေ့များတွင် မြို့၏အထင်ကရဖြစ်သော ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၌ ဆီမီး၊ ပန်းနှင့် နံ့သာ ၉၀၀၀ စီ လှူဒါန်းပွဲများ၊ ဆွမ်းဆန် တော် လောင်းလှူပွဲများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲများကို စည်ကားသိုက်မြိုက်စွာဖြင့် ပူဇော်လှူဒါန်းခဲ့ကြသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် ညနေခင်းများတွင် တိုးရောအာဇာနည်ပန်းခြံအတွင်းရှိ ကလေးကစားကွင်းနှင့် တိုးမြစ်ကမ်း၏ သဘာဝအလှအပ များကို ကြည့်ရှုခံစားရင်း အပန်းဖြေသည့်နေရာ၌လည်း မိသားစုများအလိုက်၊ သူငယ်ချင်းအဖွဲ့များအလိုက် ပျော်ရွှင်စွာဖြင့် သွားရောက်အပန်းဖြေ အနားယူလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# မော်ချောင်းသာ အပန်းဖြေရေချိုးဆိပ်စခန်းသာ၌ အပန်းဖြေနိုင်

**မော်လမြိုင်ကျွန်း မတ် ၃**
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း အရှေ့ဘက် ရာဇူတိုင်မြစ်ဝအဆုံ သောင် တိုးမြေနှင့် တောင်ဘက်တုံးလုံချောင်း သောင်တိုးမြေတို့မှာ ရှုခင်းရှုကွက်သာယာ လှပစွာဖြင့် ကျယ်ပြန့်သော သဲသောင်ပြင် ပေါ်တွင် ပေါ်ထွန်းလာသော "မော်ချောင်း သာ အပန်းဖြေရေချိုးဆိပ်စခန်းသာ"မှာ ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများနှင့် အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်အပန်းဖြေလျက် ရှိကြသဖြင့် မော်ချောင်းသာမှာ တစ်နေ့တခြား လူသိ များလာပြီး စည်ကားနေပြီဖြစ်သည်။



ယင်းမော်ချောင်းသာ၏ ကျယ်ပြန့် ရှည်လျားသော သဲသောင်ပြင်နှင့် ရာဇူ တိုင် မြစ်ပြင်ကျယ်မှ ဖြတ်သန်းတိုက်ခတ် လာသော လေပြည်လေညင်းတို့ကို ခံစားရင်း မတ် ၃ ရက် မွန်းလွဲပိုင်းက မော်ချောင်းသာတွင် လေညင်းခံထွက် သူများ၊ အပန်းဖြေလမ်းလျှောက်သူများ၊ ရေချိုးသူများနှင့် ရေဆော့ကစားသူများ ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် နံနက်ပိုင်းနှင့်ညနေပိုင်းတို့၌ အထူး စည်ကားလျက်ရှိသည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့ရှိ မော်ချောင်းသာအပန်းဖြေ ရေချိုးဆိပ် စခန်းသာသို့ ဘိုကလေး၊ ဖျာပုံ၊ ဝါးခယ်မ၊ ကျိုက်လတ်နှင့် မအူပင်မြို့နယ်များ၊ မော်လမြိုင်ကျွန်း မြို့နယ်အတွင်းရှိ ကျေးရွာကြီးများမှ ဒေသခံပြည်သူများ ကလည်း လာရောက်အပန်းဖြေလျက် ရှိကြသည်။

"ဧရာဝတီတိုင်းဒေသကြီးမှာ ယခုလို မော်ချောင်းသာ အပန်းဖြေရေချိုးဆိပ် စခန်းသာတစ်ခု ပေါ်ထွန်းလာလို့ ဝမ်းသာ မိပါတယ်၊ ခရီးသွားပြည်သူတစ်ဦးအနေနဲ့ မော်ချောင်းသာမှာ အနားယူအပန်းဖြေ လိုက်ရလို့ စိတ်ကြည်လင် လန်းဆန်းသွား ပါတယ်"ဟု မအူပင်မြို့မှ ခရီးသွား တစ်ဦးက ပြောသည်။

**မော်ကျွန်း-မြင့်အောင်**

# ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်အား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ပြည်နယ်လွှတ်တော် အဆောက်အအုံသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းတို့က အဆောက် အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့က အဆောက်အအုံသစ်ရှေ့ မြက်ခင်းပြင်၌ အောင်သပြေသစ်ပင်အား စိုက်ပျိုးပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။



ရခိုင်ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

သတင်းစဉ်



ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများသည် ပြည်နယ်လွှတ်တော် အဆောက်အအုံသစ်အတွင်းရှိ လွှတ်တော်ရေးရာကော်မတီ ရုံးခန်းများနှင့် ပြည်နယ်လွှတ်တော်ကျင်းပရာ ခန်းမတို့အား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဒေသကွပ်ကဲရေးစစ်ဌာနချုပ် (စစ်တွေ) ဒေသကွပ်ကဲရေးမှူး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း- တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)**



# အများပြည်သူရုံးပိတ်ရက်အတွင်း ငပလီကမ်းခြေတွင် လာရောက်လည်ပတ်သူများနှင့်အထူးစည်ကား

**ငပလီ မတ် ၃**

ရာသီဥတုကောင်းမွန်ခြင်းနှင့် အစိုးရရုံးပိတ်ရက်ရှည်ခြင်းတို့ကြောင့် ငပလီကမ်းခြေတွင် မနှစ်ကထက်ပင် လာရောက်အပန်းဖြေသူများ ပိုမိုများပြားလာသည်ကို မတ် ၃ ရက်အထိ စည်ကားလျက် တွေ့ရှိရသည်။

ဘုရားဖူးယာဉ်များနှင့် အခြားသော ခရီးသွားဝန်ဆောင်မှုယာဉ်များဖြင့် လာရောက်ကာ ငပလီကမ်းခြေတွင် အလှဓာတ်ပုံများရိုက်ခြင်းနှင့် နေဝင်ဆည်းဆာ ကမ်းခြေအလှအပများအပြင် ရေကူးခြင်း၊ ငါးအပျော်ဖမ်းခြင်း၊ ပုလဲကျွန်းသို့ သွားရောက်အပန်းဖြေ၍ သန္တာကျောက်တန်းများနှင့် ရေအောက်တွင်ရှိသော ရေနေသတ္တဝါလေးများအား ရေငုပ်ကြည့်ရှုသူများကိုပါ တွေ့မြင်ရသည်။ ပုလဲကျွန်းပေါ်သို့ မနှစ်ကထက်ပင် သွားရောက်သူများပြားလာသည်ကိုလည်း Boat Trip လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ထို့နောက် မဒေးတောင် ရပ်တော်မူဘုရားပေါ်သို့ လာရောက်ဖူးမြော်ပူဇော်သူများအနေဖြင့် ဘုရားရင်ပြင်ပေါ်မှ ရှုခင်းသာ အလှပန်းချီကားသဖွယ် ပင်လယ်ပြင်ပေါ်ရှိ တံငါလှေနှင့် သဘာဝရှုခင်းများ ပင်လယ်စင်ရော်ငှက်ကလေးများ တွေ့မြင်ရသည့်နေရာတွင် အမှတ်တရဓာတ်ပုံများ ရိုက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဆက်လက်၍ ဇလွန်မပုတ်မသိုးဆရာတော်ကြီးအား သွားရောက်ပူဇော် ဖူးမြော်ခွင့်ရတာ ဝမ်းသာမိပါကြောင်းနှင့် သံတွဲမြို့နယ်ရှိ သမိုင်းဝင် ဗျာဒိတ်တော်ရ တန်ခိုးကြီး ရွှေဆံတော်၊ ရွှေအံတော်နှင့် ရွှေနံတော်ဘုရားကြီးများကိုလည်း ဖူးမြော်ကာ အလွန်ကြည်နူးပီတိ ဖြစ်မိပါကြောင်း၊ နောက်နှစ်များတွင်လည်း ပိတ်ရက်များရှိပါက နောက်တစ်ကြိမ် သူငယ်ချင်းများနှင့်အတူ ယခုလို လာရောက်လည်ပတ်သွားမည်ဖြစ်ကြောင်း ခရီးသွားတစ်ဦးဖြစ်သူ မအေးအေးသူထံမှ မေးမြန်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စစ်တွေကမ်းခြေ နှင့် ပွိုင့်အပန်းဖြေစခန်းသို့ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ

**စစ်တွေ မတ် ၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်တွေကမ်းခြေနှင့် ပွိုင့်အပန်းဖြေစခန်းသို့ နွေရာသီ အားလပ်ရက်ကာလနှင့် ပိတ်ရက်ရှည်ဖြစ်သည့် အလျောက် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များနှင့် လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"ဒီတစ်ခါက ရက်ရှည်ရုံးပိတ်ရက်လေးရက်လည်းရ၊ ကျောင်းသားကျောင်းသူတွေ နွေရာသီကျောင်းပိတ်ရက်လည်းဖြစ်တော့ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်တွေ တိုင်ပင်ပြီး လွတ်လွတ်လပ်လပ် အပန်းဖြေအနားယူဖို့ စစ်တွေကမ်းခြေနဲ့ ပွိုင့်အပန်းဖြေစခန်းသို့ ရောက်လာကြတာပါ"ဟု ခရီးသွားဝန်ထမ်းတစ်ဦးက ပြောသည်။


စစ်တွေကမ်းခြေနှင့် ပွိုင့်အပန်းဖြေစခန်းတွင် အပန်းဖြေအနားယူသူများပြားသလို ငပလီကမ်းခြေတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်အထင်ကရနေရာများနှင့် တန်ခိုးကြီးဘုရားများတွင်လည်း လေ့လာကြည့်ရှုသူများနှင့် ကုသိုလ်ဒါနသီလပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။


**ဝင်းမင်းစိုး(ပြန်/ဆက်)**



စစ်တွေကမ်းခြေ၌ ဖွင့်လှစ်ထားသည့် ဈေးဆိုင်ခန်းများကို တွေ့ရစဉ်။




## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၃** ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ရခိုင်ပြည်နယ်ပြည်သူများ၏ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် စစ်တွေဆေးရုံ လေးထပ်အဆောက်အအုံသစ်ဆောက်လုပ်

**နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိ ရှေးဟောင်းနှစ်ထပ် ဆေးရုံ အဆောက်အအုံကြီး၏နောက်တွင် ခေတ်မီခံ့ညားထည်ဝါလှသော လေးထပ် အဆောက်အအုံကြီးကတော့ ရုပ်လုံးပေါ်နေပြီ ဖြစ်သည်။**



စစ်တွေမြို့အထွေထွေရောဂါကုဆေးရုံ အဝင်မျက်နှာစာကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်ရှိ စစ်တွေဆေးရုံကြီးကို ၂၀၁၆ ခုနှစ်တွင် ခုတင်၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်လိုက်ပြီး ခုတင် ၃၀၀ ဆံ့ လေးထပ်အဆောက်အအုံသစ်ကြီးကိုလည်း ထပ်မံတည်ဆောက်နေခြင်းဖြစ်သည်။

"ခုတင်၂၀၀ ဆံ့ ဆေးရုံကြီးကနေ ပြည်နယ်ဆေးရုံကြီး အဆင့်နဲ့ လျော်ညီစွာ ခုတင်၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် ၂၀၁၆ မှာ အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်၊ လိုအပ်တဲ့ အဆောက်အအုံတွေက အခုမှ စတင်တည်ဆောက်နေရဆဲ ဖြစ်ပါတယ်၊ ခုတင် ၂၀၀ ဆံ့ အဆောက်အအုံတွေပဲရှိတဲ့အတွက် နောက်ထပ် ခုတင် ၃၀၀ ဆံ့ အဆောက်အအုံတွေ လိုပါတယ်၊ ခုတင်၃၀၀ ထပ်မံဖြည့်တင်းကုသနိုင်ဖို့အတွက် လောလောဆယ် လေးထပ် ဆေးရုံကြီးကို ဆောက်လုပ်နေပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ကာ ငွေကျပ်သန်းပေါင်း ၂၈၀၀ ခန့် အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်ပြီး လာမည့်နှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည်။

"လေးထပ်အဆောက်အအုံကြီးကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တစ်ခါ၊ ၂၀၁၇ - ၂၀၁၈ မှာတစ်ခါ ကျွန်တော်တို့ ငွေကျပ်သန်းပေါင်း ၂၈၀၀ နဲ့ တည်ဆောက်နေပါတယ်၊ လာမယ့်နှစ်မှာ ပြီးနိုင်မယ်လို့ ထင်ပါတယ်"ဟု ၎င်းက ဆိုသည်။

**ကုသရေးအတွက် အဓိကအားထားရသည့် ဆေးရုံ**

ရခိုင်ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများကို ခုတင်၅၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်၂၀၀ ဆံ့နှစ်ရုံ၊ ခုတင်၁၀၀ ဆံ့က လေးရုံ၊ ခုတင်၅၀ ဆံ့ ၂၅ ခု၊ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ အပါအဝင် စုစုပေါင်းဆေးရုံ ၆၈ ရုံဖြင့် ဆောင်ရွက်လျက်ရှိပြီး ကုသရေးအတွက် အဓိကအားထားရသည့် ဆေးရုံမှာ စစ်တွေဆေးရုံကြီး ဖြစ်သည်။

"ရခိုင်ပြည်နယ် မောင်တောဒေသမှာ နေထိုင်ကြတဲ့သူတွေ အားလုံးဟာ ဒီဆေးရုံကို အမှီပြုပြီး လာရောက်ကုသကြပါတယ်၊ ဆေးရုံလူနာဝင်ရောက်မှုကလည်း များပါတယ်၊ အဲဒီအတွက် လူနာအားနဲ့ ဆေးရုံအဆောက်အအုံနဲ့ မမျှတဲ့အတွက်ကြောင့် အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်ရခြင်း ဖြစ်ပါတယ်၊ လာမယ့်နှစ်လောက်မှာ ဆေးရုံအဆောက်အအုံပြီးသွားရင် လူနာတွေကို ယခုထက်ပိုမို ထိရောက်ကောင်းမွန်စွာနဲ့ လက်ခံပြုစုစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ရခိုင်ပြည်နယ် မောင်တောဒေသမှ လူနာများသာမက အထူးသဖြင့် IDP စခန်းများက လွှဲပြောင်းပေးသည့် လူနာများကိုလည်း လက်ခံပြုစုကုသပေးနေပြီး ၎င်းတို့၏ နေထိုင်စားသောက်ရေးကိုပါ ဆေးရုံက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

"ဆေးရုံမှာ အခုဆိုရင် အာဟာရကျွေးနေပါတယ်၊ အာဟာရကျွေးမွေးမှုလုပ်ငန်းကိုလည်း နိုင်ငံတော်နဲ့ စေတနာရှင် ပြည်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေတာ ခြောက်လလောက်ရှိပါပြီ၊ ဆက်ပြီးလည်း ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆိုသည်။

စစ်တွေဆေးရုံကြီးတွင် တီဘီ၊ အသည်းရောင်အသားဝါ၊ ပိုလီယို၊ ငှက်ဖျား စသည့်ရောဂါများကို ကုသမှုပေးလျက်ရှိသည်။

**ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးနိုင်**

"ပြည်နယ်ဆေးရုံကြီးဖြစ်တဲ့အတွက် အထူးကုရောဂါ ၁၀ မျိုးလောက် ရှိပါတယ်၊ အဓိကဖြစ်ပွားတဲ့ ရောဂါတွေကိုလည်း ကျွန်တော်တို့ စစ်တွေဆေးရုံကြီးမှာ ကုသပေးနိုင်ပါတယ်၊ အဲဒါအပြင် ခွဲစိတ်ကုသမှု၊ သားဖွားမီးယပ်၊ ကျန်တဲ့ဖျားတာတွေ၊ ကလေးတွေအတွက်လည်း ကုသပေးနေပါတယ်၊ ရာသီဥတုတွေ ပြောင်းလဲလာတဲ့အတွက်ကြောင့် သွေးလွန်တုပ်ကွေးနဲ့ ပတ်သက်တဲ့ ရောဂါတွေလည်း များလာတယ်၊ လွန်ခဲ့တဲ့နှစ်က ဆိုရင် လူ ၂၅၀၀ ကျော်လောက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားပြီး ၂၆ ယောက် သေဆုံးခဲ့ပါတယ်၊ ဒါတွေကလည်း ဆေးရုံက ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးနိုင်တဲ့အတွက် သေဆုံးမှုနှုန်း နည်းခြင်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

နိုင်ငံတော်က ဘတ်ဂျက် ပိုမိုချထားပေးသည့်အတွက် လိုအပ်သည့် ဆေးဝါးများကို ဝယ်ယူဖြည့်တင်း၍ လူနာများကို ပိုမိုထောက်ပံ့ပေးနိုင်သည့်အတွက် ယခုကဲ့သို့ ဆေးရုံတက်ကုသသည့်လူနာများ ပိုများလာခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**ကုန်ကျစရိတ်အနည်းဆုံး**

"ဆေးဝါးတွေ ထောက်ပံ့ပေးပါတယ်၊ ဆေးဝါးတွေ ထောက်ပံ့တဲ့အတွက်ကြောင့်လည်း လူနာတွေ ပိုပြီးများလာတာ ဖြစ်ပါတယ်၊ အထူးသဖြင့် အခမဲ့ဆေးကုပေးနိုင်တာ ဖြစ်တယ်၊ တချို့အင်မတန်မှ ရှားပါးတဲ့ဆေးလောက်ပဲ ဝယ်ရတာရှိပါတယ်၊ လူနာတွေကို ဆေးရုံလာလို့ရှိရင် ကုန်ကျစရိတ်အနည်းဆုံး ဖြစ်အောင်အတွက် ကျွန်တော်တို့ဘက်က ဆောင်ရွက်ပေးထားပါတယ်"ဟု ၎င်းက ပြောသည်။

**❖ ရခိုင်ပြည်နယ်ရှိ ဆေးရုံအများစုတွင် ဓာတ်မှန်စက်များ၊ ဓာတ်ခွဲခန်းများ ထားပေးနိုင်ပြီး မဟာဓာတ်အားလိုင်းတည်ရှိသည့် နေရာများတွင် ဓာတ်မှန်စက်များ အသုံးပြုနိုင်သော်လည်း လျှပ်စစ်မီးမရရှိသေးသည့် အချို့နေရာများတွင် အသုံးပြုရန် အခက်အခဲရှိနေ**

**❖ ရခိုင်ပြည်နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၅၀၀ ကျော်ရှိပြီး ကျေးလက်အများစုတွင် လိုအပ်သည့် ဆေးဝါးများကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးထား**

သို့သော် စစ်တွေဆေးရုံကြီးတွင် လိုအပ်သည့် ဆရာဝန်အင်အား ပြည့်မီခြင်းမရှိသေးဘဲ ဆရာဝန်လိုအပ်ချက်များ ရှိနေသေးကြောင်း သိရသည်။

"ကျွန်တော်တို့မှာ ဆရာဝန်ဦးရေက တကယ်လိုအပ်တာရဲ့ ၃၀ ရာခိုင်နှုန်းလောက်ပဲ ဖြည့်ဆည်းနိုင်ပါသေးတယ်၊ ခွင့်ပြုတာက ၂၁၄ ယောက် ဖြစ်ပါတယ်၊ အခုခန့်ထားတာက ၆၄ ယောက်ပဲ ရှိတဲ့အတွက် စစ်တွေဆေးရုံကြီးမှာ ဆရာဝန်လိုအပ်ချက် ၁၅၀ လောက်လိုပါသေးတယ်၊ အခုတော့ စစ်တွေဆေးရုံကြီးကို ဆရာဝန် ၂၁ ယောက် စတင်ပြောင်းရွှေ့ရောက်ရှိလာပါပြီ"ဟု ၎င်းက ပြောသည်။

**ဝန်ထမ်းလိုအပ်ချက်လည်းရှိနေ**

သူနာပြုခန့်ထားမှုမှာ ၆၃ ရာခိုင်နှုန်း၊ စီမံဝန်ထမ်း ၃၇ ရာခိုင်နှုန်း၊ အလုပ်သမား ၂၈ ရာခိုင်နှုန်းဖြင့် ကျန်းမာရေးဝန်ထမ်းစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းလောက်သာ ခန့်ထားနိုင်သေးပြီး ဝန်ထမ်းလိုအပ်ချက်လည်း ရှိနေသေးသည်။

"ဝန်ထမ်းပိုင်းနဲ့ ပတ်သက်လို့လည်း ကျွန်တော်တို့ လိုအပ်တာတွေ ဖြည့်ပါတယ်၊ ကျန်တဲ့လိုအပ်ချက်တွေကိုတော့ ရခိုင်ပြည်နယ်အစိုးရက အခါအားလျော်စွာ သွားရောက်ကြည့်ရှုပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးပါတယ်"ဟု ၎င်းက ဆိုသည်။

စစ်တွေဆေးရုံကြီးတွင် ဆရာဝန်များနှင့် ဝန်ထမ်းများ နေထိုင်ရန် ရှစ်ခန်းတွဲလေးထပ် အဆောက်အအုံတစ်ခုကိုလည်း ယခုနှစ် ဘတ်ဂျက်အတွင်း တည်ဆောက်နေပြီး ဝန်ထမ်းအိမ်ရာများလည်း တိုးချဲ့တည်ဆောက်ရန် လျာထားလျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ်ရှိ ဆေးရုံအများစုတွင် ဓာတ်မှန်စက်များ၊ ဓာတ်ခွဲခန်းများ ထားပေးနိုင်ပြီး မဟာဓာတ်အားလိုင်းတည်ရှိသည့် နေရာများတွင် ဓာတ်မှန်စက်များ အသုံးပြုနိုင်သော်လည်း လျှပ်စစ်မီးမရရှိသေးသည့် အချို့နေရာများတွင် အသုံးပြုရန် အခက်အခဲရှိနေသေးကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ကျေးလက်ကျန်းမာရေးဌာန ၁၂၁ ခု နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၅၀၀ ကျော်ရှိပြီး ကျေးလက်အများစုတွင် လိုအပ်သည့် ဆေးဝါးများကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးထားသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

"ကျေးလက်ကျန်းမာရေးဌာန လက်အောက်မှာ ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုကနေ ငါးခုအထိရှိပါတယ်၊ အဲဒီမှာ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုတွေ ရှိပါတယ်၊ အဲဒီမှာ ကျန်းမာရေးမှူးတွေ၊ သူနာပြုဆရာမတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတယ်၊ ပြည်သူတွေကို ရောဂါသေးသေးမွှားမွှားကစပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးပါတယ်၊ လိုအပ်ရင် ဆေးရုံတွေကို လွှဲပြောင်းပေးပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ကြိုတင်ကာကွယ်မှုအနေဖြင့် ငှက်ဖျားရောဂါ မဖြစ်ပွားအောင် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်း၊ လူထုကို ကျန်းမာရေးပညာပေးခြင်း၊ စောစီးစွာ ရောဂါရှာဖွေ သွေးဖောက်စစ်ဆေးပြီး ပိုးတွေ့ရှိပါက ချက်ချင်းဆေးပေးကုသခြင်း၊ ကျန်းမာရေးဌာနက လက်လှမ်းမမီသည့် မြို့နယ်များတွင် သင်တန်းပေးထားသည့် စေတနာ့ဝန်ထမ်းများ ထားရှိကာ အချိန်မီကုသမှုပေးသည့်အတွက် ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ငှက်ဖျားကြောင့် သေဆုံးမှု သိသိသာသာ ကျဆင်းသွားသလို ရေကြောင့် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါ၊ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားအောင် ယင်လုံအိမ်သာ စီမံချက်များ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါ၊ HIV အေအိုင်ဒီအက်စ်များကို လိုအပ်သည့် ဆေးဝါးကုထုံးများဖြင့် ကုသမှုပေးနေသလို ခွေးရူးရောဂါ၊ ကလေးများတွင် ခြင်ကြောင့် ဖြစ်ပွားလေ့ရှိသော ဂျပန်ဦးနှောက်ရောင်ရောဂါများအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးလုပ်ငန်း**

"ပြည်သူ့ကျန်းမာရေးလုပ်ငန်းမှာ အဓိကကတော့ ကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်တယ်၊ ကာကွယ်ဆေးထိုးလုပ်ငန်းမှာ မွေးစကနေ အသက်ငါးနှစ်အထိ လအလိုက်၊ နှစ်အလိုက် ကာကွယ်ဆေးထိုးပေးပါတယ်၊ အထူးသဖြင့် ကာကွယ်ဆေးကို ခုချိန်ထိ ၁၁ မျိုး ထိုးနေပါတယ်၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာလနဲ့ ဒီဇင်ဘာလ နှစ်လ ထိုးပေးပါတယ်၊ ထိုးတဲ့အခါမှာ ကျောင်းအခြေပြုနဲ့ ရပ်ရွာအခြေပြုဆိုပြီး ထိုးပေးပါတယ်၊ ကျွန်တော်တို့ဆီမှာ အသက် ၁၅ နှစ်အောက် ကလေးတွေကို အကုန်လုံး ထိုးပေးနိုင်ခဲ့ပါတယ်၊ ထိုးတဲ့အခါမှာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းလောက် ထိုးပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

**နယ်မြေအတွင်း ကွင်းဆင်း**

အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် မောင်တောဒေသတွင် လုံခြုံရေးအနေအထားကြောင့် ဆေးခန်းမဖွင့်နိုင်သည့် ကျေးရွာများ ရှိသော်လည်း ကျန်သည့်ဒေသမြို့နယ်များအားလုံးတွင် ဆေးခန်းများ တစ်ပတ်လျှင် သုံးရက်ခန့်နှင့် ကျန်သည့်အချိန်များတွင် ဆရာမများက နယ်မြေအတွင်း ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

"တစ်ဖက်နိုင်ငံက ပြန်လည်ဝင်ရောက်လာမယ့် သူတွေအတွက်လည်း လက်ခံရေးစခန်းတွေမှာ ကျန်းမာရေးအဖွဲ့တွေ တာဝန်ချထားတယ်၊ အဲဒီလူတွေမှာ ကျန်းမာရေးချို့တဲ့သူတွေ ပါလာရင်လည်း ကုသပေးမယ်၊ ရောဂါရှိတဲ့သူတွေတွေ့ရင် ဆေးရုံတွေကို လွှဲပြောင်းပြီး ကုသပေးမယ်၊ ဒါ့အပြင် အသက်ငါးနှစ်အောက် ကလေးတွေကိုလည်း ကာကွယ်ဆေးတွေ ထိုးနှံ့ပေးသွားမယ်၊ တစ်ဖက်နိုင်ငံက ပြန်ဝင်လာတဲ့သူတွေမှာ ရောဂါရှိတဲ့သူတွေလည်း ပါလာနိုင်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံထဲကို ရောက်တဲ့အခါ ကုသပေးနိုင်အောင်လည်း စီစဉ်ထားပါတယ်၊ တစ်ရက် ၁၅၀ ပဲ လက်ခံမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆေးကုသရေးအဖွဲ့တွေက နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ ဘူးသီးတောင်နဲ့ မောင်တောမြို့နယ်ဆေးရုံတွေမှာလည်း အထူးကုဆရာဝန်တွေရှိတဲ့အတွက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို အပြည့်အဝပေးနိုင်မှာဖြစ်ပါတယ်"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

**သူရဇော်**



စစ်တွေဆေးရုံ၌ အသစ်တိုးချဲ့တည်ဆောက်လျက်ရှိသည့် ခုတင် ၃၀၀ ဆံ့ လေးထပ်အဆောက်အအုံသစ်ကြီး။

# တရားမဝင်သစ်များ သယ်ဆောင်သည့်ယာဉ်ဖြင့် တိုက်မိမှုကြောင့် နမ့်ခမ်းမြို့အဝင် မုခ်ဦးကြီးပြိုကျ

**နမ့်ခမ်း မတ် ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့အဝင် မုခ်ဦးကြီးကို ယနေ့ နံနက် ၄ နာရီခွဲခန့်က တရားမဝင်သစ်များ သယ်ဆောင်လာသော ယာဉ်က တိုက်မိမှုကြောင့် ပြိုကျသွားခဲ့ပြီးနောက် ၁၀ ဘီးယာဉ် သုံးစီးပေါ်မှ တရားမဝင်ကျွန်းသစ်လုံး၊ ခွဲသား၊ ပိတောက်ခားရွေ ဆိုက်စုံ ၂၂ တန်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



နမ့်ခမ်းမြို့အဝင် မုခ်ဦးကြီးမှာ တရားမဝင်သစ်သယ်ဆောင်လာသော ယာဉ်များဖြင့် တိုက်မိမှုကြောင့် ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- စိုင်း(မူဆယ်)

ဖြစ်စဉ်မှာ မူဆယ်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ အဖွဲ့သည် မတ် ၃ ရက် နံနက် ၄ နာရီခွဲခန့်က နမ့်ခမ်းမြို့အမှတ် ၁ ရပ်ကွက် မန်ခမ်းရပ်ကွက်ရှိ နမ့်ခမ်းမြို့ အဝင်မုခ်ဦးနေရာ၌ နောင်ခန်ကျေးရွာဘက်မှ နမ့်ခမ်းမြို့ဘက်သို့ မောင်းနှင်လာသည့် ယာဉ်က မုခ်ဦးကို တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝေယံမြင့်ချို ပါဝင်သော သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ နမ့်ခမ်း မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကိုကိုနှင့် အဖွဲ့၊ သတင်း ရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဇော်အောင်တို့ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မိုးကာအုပ် ရပ်တန့်ထားသည့် တရားမဝင် ကျွန်းသစ်လုံး၊ ခွဲသား ပိတောက် ခားရွေ ၂၂ တန်ခန့် တင်ဆောင်ထားသော ၁၀ ဘီးယာဉ်သုံးစီးကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါတရားမဝင်သစ်၊ ယာဉ်များနှင့် ဆက်စပ် ပါဝင်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဖမ်းဆီးရမိသည့် တရားမဝင်သစ် သယ်ဆောင်ယာဉ်အား တာဝန်ရှိသူများ စစ်ဆေးစဉ်။ ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

**သန့်ဇင်(မူဆယ်)**

## တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် အီလက်ထရွန်နစ်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် မတ် ၃**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မတ် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၈ စီး ၊ သွင်းကုန် ၉၉၁ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး ၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၆၇၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၅ သန်းခန့် စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၁၇၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂ ရက်က မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော Portable EVD ၁၃၂ ခု၊ Speaker အခု ၃၁၀ အပါအဝင် လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၄၅၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



လှမောင်သာအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဆိုင်ကယ်နှစ်စီး ခိုးယူသူကို ဖော်ထုတ်ဖမ်းဆီး

**အမရပူရ မတ် ၃**

မန္တလေးမြို့အမရပူရမြို့တွင် ပျောက်ရှပစ္စည်းများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာမှ တစ်လအတွင်း ဆိုင်ကယ်နှစ်စီးခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြို့နယ်အတွင်း ပစ္စည်းများ ပျောက်ရှမှုနှင့် စပ်လျဉ်း၍ သင်္ကာမကင်းဖြစ်သူ မျိုးကို အမရပူရမြို့နယ် သပွတ်ပင်ရပ်ဈေးချိုရပ်ကွက် နေသူကို ဖေဖော်ဝါရီလနောက်ဆုံးအပတ်က နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းပိုင်ဦးနှင့်အဖွဲ့က သက်သေများနှင့်အတူ စစ်မေးရာ လွန်ခဲ့သော ရက် ၂၀ ခန့်က တောင်သမန်ကျေးရွာ ၁၄ ပေ တံတားအနီး ရပ်ထားသော Sunbo Star 125 ရပ်ဆိုး ဆိုင်ကယ်နှင့် ဖေဖော်ဝါရီလအတွင်း မှန်တန်းရပ်ကွက် ရွှေပလင် လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်ထားသော Zongshen 110 အမျိုးအစားဆိုင်ကယ် အပါအဝင် ဆိုင်ကယ်နှစ်စီးကို ခိုးယူရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ်က သက်သေများနှင့်အတူ လိုက်လံသိမ်းဆည်းခဲ့ပြီး အမရပူရမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃**

မောင်တောမြို့နယ် အငူမော်-မောင်တောသွားကားလမ်း အင်းဒင်နယ်မြေရုံးရှေ့တွင် မတ် ၂ ရက် နံနက် ၉ နာရီခန့်က လှမောင်သာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် လှမောင်သာ(၃၅ နှစ်)အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်လူး၌ သုံးနှစ်ကျော် ထွက်ပြေးလွတ်မြောက်နေသော လူသတ်မှုကျူးလွန်သူကို ဖမ်းမိ

**မော်လူး မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် သုံးနှစ်ကျော် ထွက်ပြေးလွတ်မြောက်နေသော လူသတ်မှုကျူးလွန်သူကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက မော်လူးအုပ်စု ကရင်ကျေးရွာ အရှေ့ဘက် လယ်တဲ၌ တောင်ယာလုပ်ကိုင်ပြီး တစ်ဦးတည်းနေထိုင်သူ ဦးထွန်းမြဆိုသူအား လူငယ်သုံးဦးတို့က အကြောင်းမဲ့ သတ်ဖြတ်မှု ဖြစ်ပွားခဲ့ပြီး ၎င်းတို့အနက် နှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့သော်လည်း ကျန်တစ်ဦးမှာ ထွက်ပြေးလွတ်မြောက်လျက်ရှိရာ အဆိုပါ ထွက်ပြေးလွတ်မြောက်နေသူကို မတ် ၂ ရက် နံနက် ၁၁ နာရီခွဲခန့်က မော်လူး၌ ရောက်ရှိနေကြောင်း သတင်းအရ ကသာခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ် အောင်အောင်သန်းနှင့် အဖွဲ့သည် မော်လူး စံပြကျေးရွာရှိ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးဘေး(လမ်းမတော်လမ်း)မင်းသီဟလက်ဖက်ရည်ဆိုင်ရှေ့တွင် ပြစ်မှုကျူးလွန်သူ သိန်းဝင်းအောင် (၃၃နှစ်) ကရင်ရွာ မော်လူးအုပ်စု နေထိုင်သူကို ဖမ်းဆီးမိပြီး မော်လူးရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝ၆၇**

## ငွေကျပ် ၄၈ သိန်းခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မော်လမြိုင် မတ် ၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ကြီးကြပ်မှုဖြင့် မတ် ၃ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် အကူရဲတပ်ဖွဲ့၊ မှုခင်းအကူဌာနစုမှ ရဲအုပ်ကျော်ဆန်းဦးစီးသော ပူးပေါင်းအဖွဲ့သည် သတင်းအရ မော်လမြိုင်မြို့ လှိုင်ရပ်ကွက်ရှိ ဇင်ယော်တည်းခိုခန်း အခန်းအမှတ် (A-3) အခန်းအတွင်း ဝင်ရောက်ရှာဖွေရာ ဇေယျဝတီမြို့နယ် လင်းရောင်ခင်ကျေးရွာနေ ဘီကရမ်း(ခ)ဘီဂျဲ (၂၉ နှစ်) ထံမှ ရောင်းချရန်ယူဆောင်လာခဲ့သည့် ငွေကျပ် ၄၈ သိန်းခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၇ ပြားကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ဆက်စပ်မှုရှိသော ပြစ်မှုကျူးလွန်သူတစ်ဦးကို ထပ်မံဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လမြိုင် ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## ကျောက်ဖြူမြို့၌ ဝိုင်ယာကြိုးအပူလွန်ကဲ၍ မီးလောင်မှုဖြစ်

**ကျောက်ဖြူ မတ် ၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနောက်ပိုင်းရပ်ကွက် ဦးဥတ္တမလမ်းနှင့် ဖြတ်လမ်း ၂ တွင် မတ် ၃ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်က ဦးမြင့်ကျော်၏ နေအိမ်၌ ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကျောက်ဖြူမီးသတ်ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဟန်လင်းကျော်နှင့် မီးသတ်တပ်ဖွဲ့များ၊ မီးသတ်ယာဉ်သုံးစီး၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ရာ ၅ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးပေါ့ဆစွာသုံးစွဲမှုဖြင့် အိမ်ရှင်ဖြစ်သူအား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘုန်းကြီးကျောင်း၌ လျှပ်စစ်မီးပူဇော်သည့်ဝိုင်ယာကြိုး အပူလွန်ကဲ၍ မီးလောင်

**ဖြူး မတ် ၃**

ဖြူးမြို့နယ် ကျောင်းထိုင်ဆရာတော် ဦးနေမိန္ဒ သီတင်းသုံးကျောင်းထိုင်လျက်ရှိသော ဖြူးအရှေ့အုပ်စု စမ်းမြိုင်ဘုန်းတော်ကြီးကျောင်း နှစ်ထပ်ကျောင်းဆောင် အပေါ်ထပ်ရှိ ဘုရားဆောင်တွင် ပူဇော်ထားသောလျှပ်စစ်ဝိုင်ယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုတစ်ခု မတ် ၁ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ဖြူးမြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့များက ရေသယ်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ကြရာ ညနေ ၃ နာရီ ၅၀ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



## နေအိမ်မီးဖိုမှ မီးကြွင်းမီးကျန်ကြောင့် မီးလောင်

**မိုင်းတုံ မတ် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့နယ် ဝမ်မိုင်ရပ်ကွက်၌ မတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားပြီး ရပ်ကွက်သူ ရပ်ကွက်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုဦးစီး ဦးကျော်သူလွင်နှင့် တပ်ဖွဲ့ဝင်များ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ မိုင်းတုံမြို့ဝမ်မိုင်ရပ်နေ ဦးလီကျိုးနှင့် ဇနီးတို့သည် တောင်ယာသို့ သွားရောက်အလုပ်လုပ်ကိုင်နေစဉ် နေအိမ်မီးဖိုး မီးကြွင်းမီးကျန်မှ တစ်ဆင့် ဝါးထရံသို့ မီးကူးစက်ကာ လောင်ကျွမ်းခြင်းဖြစ်ပြီး မီးပေါ့ဆစွာ အသုံးပြုသူ ဦးလီကျိုးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် နွေရာသီအားကစားသင်တန်းသားစာရင်း လက်ခံဆောင်ရွက်

**ပူတာအို မတ် ၃**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်လာစေရေး၊ အားကစားသိပ္ပံကျောင်းကို အထောက်အကူပြုသည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးနှင့် ဒေသခံလူငယ်များတွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူတာအိုမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် ၂၀၁၈ ခုနှစ် နွေရာသီ အားကစားသင်တန်းသားစာရင်း လက်ခံခြင်းကို မတ် ၃ ရက် နံနက် ၈ နာရီက ပူတာအိုမြို့ ပြည်သူ့အားကစားကွင်း၌ စတင် စာရင်းလက်ခံဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အေရိုးဗစ်သင်တန်းအတွက် သင်တန်းသား ၁၀၀ ကျော်၊ ဘောလုံးအားကစားသင်တန်းအတွက် သင်တန်းသား ၁၀၀ ကျော်၊ ပိုက်ကျော်ခြင်းသင်တန်းအတွက် သင်တန်းသား ၂၀ စာရင်းလက်ခံရရှိနေပြီဖြစ်ကြောင်းနှင့် ဒေသခံလူငယ်များ အားကစားကိုလိုက်စားပြီး မူးယစ်ဆေးဝါးကို ရှောင်ရှားတတ်လာစေရန် ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကိုကိုထံမှ သိရသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းတွင် အားကစားနည်းသုံးမျိုး သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ဧပြီ ၃ ရက်အထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ရာ ဧပြီ ၃ ရက်တွင် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# MNL ပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုချီးမြှင့်
# ရန်ကုန်နည်းပြချုပ် ဦးမျိုးမင်းထွန်းနှင့် တောင်ပံကစားသမား မောင်မောင်လွင်ရရှိ



**ရန်ကုန် မတ် ၃**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက ရွေးချယ်ချီးမြှင့်သည့် MNL ပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုကို ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းနှင့် တောင်ပံကစားသမား မောင်မောင်လွင်တို့ ရရှိခဲ့သည်။ ပြီးခဲ့သည့်လက ရလဒ်ကောင်းရခဲ့သည့် ရန်ကုန်အသင်းသည် ဆုနှစ်ခုစလုံးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုပေးပွဲကို မတ် ၃ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပသည့် မကွေးအသင်းနှင့် ရန်ကုန်အသင်း ပွဲမတိုင်မီ ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးနည်းပြဆုရ ဦးမျိုးမင်းထွန်း(ရန်ကုန်)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်း၊ ကစားသမားဆုရ မောင်မောင်လွင်(ရန်ကုန်)အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းခွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် မြန်မာနေရှင်နယ်လိဂ် COO ဦးဆူးအောင်တို့က ပေးအပ်ချီးမြှင့်ခဲ့သည်။ ရန်ကုန်အသင်းသည် ဖေဖော်ဝါရီတွင် အမှတ်ပေးပြိုင်ပွဲ လေးပွဲကစားရာ သုံးပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သောကြောင့် ဦးမျိုးမင်းထွန်းက နည်းပြဆုရခဲ့ခြင်းဖြစ်သည်။ အကောင်းဆုံးကစားသမားဆုရ မောင်မောင်လွင်သည် လေးပွဲစလုံး ပွဲထွက်ကစားခဲ့ပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် လအလိုက် အကောင်းဆုံးဆုများကို ယခုရာသီတွင် ပြန်လည်ချီးမြှင့်လျက်ရှိပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးဆုများကို ရတနာပုံအသင်းနည်းပြချုပ် ဦးအောင်ကျော်မိုးနှင့် တောင်ပံကစားသမား စည်သူအောင်တို့က ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် MNL-2(ပထမတန်း)အမှတ်ပေးပြိုင်ပွဲ၏ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွက် အကောင်းဆုံးဆုကိုလည်း ယနေ့ချီးမြှင့်ခဲ့ပြီး အကောင်းဆုံးနည်းပြဆုကို ရှိုင်ရယ်သန်လျင်အသင်း နည်းပြချုပ် ဒေါ်အေးအေးမော်နှင့် အကောင်းဆုံးကစားသမားဆုကို Mountain Lion အသင်းမှ ကျော်ဇင်ဦးတို့က ရရှိခဲ့သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြန်မာ့ရုပ်မြင်သံကြား

**၄-၃-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လေ့လာစရာ စုံလင်အမိမြန်ပြည်တစ်ခွင် **ကြည်နူးဖူးမြော်... သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**
- ၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၃၅)
- ၉း၁၅ - **၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ** (သင်္ချာဘာသာရပ်)
- ၁၀း၀၀ - Sunday Talk
- ၁၁း၁၅ - လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၃၀ - ပြည်မကြီးမှ စားဖွယ်ရာများ (အပိုင်း-၁၀)
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **မုန်းပါတယ်မောင့်ကို** ဝင်းဦး၊ မြင့်မြင့်ခင်၊ ချိုပြုံး (ဒါရိုက်တာ - တင်ထွန်းနိုင်)

**ညပိုင်း**

- ၁၅း၄၅ - Myanmar National League 2018 ဘောလုံး ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Zweka-pin United FC ESihf Sagaing United FC)
- ၁၈း၃၅ - **နာဂတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်ဆီ**
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြေ့ပျိုမယ်ရဲ့မာယာလှည့်ကွက်** (အပိုင်း-၇၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - " In & Out "(11) (လေးဖြူ)(မြိတ်မြို့ခရီးစဉ်) (အပိုင် း-၃)
- - အားလပ်ရက်မှာ စိတ်လက်အပန်းဖြေစရာ ခရီးသွား ပုံရိပ်များ (အပိုင်း-၂)
- - **သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ နွေဦးဆောင်း နှောင်းလတစ်ပေါင်း**

**❂ ကျောဖုံးမှ**

ရတနာပုံအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ အဓိကကစားခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ Southern အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲဆက်ရန်ကြိုးပမ်းခဲ့ပြီး ဂိုးရရေး ထပ်မံကြိုးစားကစားခဲ့ရာ ရတနာပုံနောက်ခံလူများနှင့် ဂိုးသမား ချမ်းငြိမ်းကျော်တို့ ခက်ခက်ခဲခဲ ကာကွယ်ခဲ့ရသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ပထမဆုံးရှုံးပွဲကြုံတွေ့ပြီး ဒုတိယနေရာမှ မကွေးနှင့် နှစ်မှတ်သာ ကွာတော့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး မကွေးအသင်း ခပ်မာမာတုံ့ပြန်မှုကြောင့် ရန်ကုန်အသင်း စိတ်ကြိုက်ထိုးဖောက်ခွင့်မရခဲ့ပေ။ မကွေးအသင်း ဂိုးသွင်းခွင့်များရခဲ့သော်လည်း တိုင်ထိဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ ၃၆ မိနစ်တွင် ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် ဘောလုံးကာကွယ်ရင်း မကွေးတိုက်စစ်မှူး အောင်မြင့်ထွန်းနှင့် ထိခိုက်မိကာ ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့ရသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မကွေးအသင်း ထိန်းချုပ်နိုင်ခဲ့ပြီး ၈၅ မိနစ်တွင် ချိုထွန်းက မကွေးအတွက် တစ်လုံးတည်းသော အ နိုင်ဂိုးသွင်းယူခဲ့သည်။ မကွေးအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဒုတိယနေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ဒုတိယနေ့ကို မတ် ၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဝေသာလီကွင်း၌ ရခိုင်နှင့် ဟံသာဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် စစ်ကိုင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**နေပြည်တော် ကမ္ဘောဇနန်းတွင်း သိုင်းပြောင်းပြန်အဖွဲ့က ဖွင့်လှစ်သော မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အဖွဲ့ဝင် ဆရာကြီးဦးမောင်လေး၏ ကမ္ဘောဇနန်းတွင်း ခူးကာချန့် သိုင်းပြောင်းပြန် နွေရာသီသင်တန်းကို မတ် ၃ ရက်က ဇမ္ဗူသီရိမြို့နယ်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိစဉ်။**

ကိုပေါက်(ဥက္ကာမြေ)





**❍ ကျောဖုံးမှ**

ရှမ်းယူနိုက်တက်အသင်းနှင့် ဆီရက်စ်အသင်းသည် ယခုရာသီ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ အကြိုခြေစစ်ပွဲ ပထမအဆင့်တွင် တွေ့ဆုံခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်း၌ ပယ်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်ရှိန်း**

**AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ကစားရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာသွားသည့် ရှမ်းယူနိုက်တက်အသင်းကို တွေ့ရစဉ်။**

ဓာတ်ပုံ-ရှမ်းယူနိုက်တက်


**ရမည်းသင်းမြို့နယ်အသင်း (ရန်ကုန်)**
**နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ**

အထက်ပါအခမ်းအနားကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ M3 Food Centre ၂၅. ၃. ၂၀၁၈ ရက် ညနေ(၃)နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူ ရန်ကုန်ရောက် ရမည်းသင်းသူ/သား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ၂၀၁၆-၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ ၁၅. ၃. ၂၀၁၈ နောက်ဆုံးထား၍ စာရင်းပေးကြပါရန်။

စေတနာရှင်များမှ ကြိုတင်ဆက်သွယ် လှူဒါန်းပေးသွင်းလိုပါက-
ဦးတော်ဝင်း (၅၀၃၀၂၈၈)၊ ဦးညွန့်ရှိုင်း (၅၀၅၈၂၈၅)၊ ဦးခေတ်အောင် (၅၄၁၀၈၃၂)၊
ဦးခင်မောင်ကျော် (၅၁၃၈၅၀၀)၊ ဒေါ်ခင်မြတ်သူ (၀၉-၇၇၆၀၂၈၉၃၃)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဃ/၅၈၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/2621 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**အမည်မှန်**

အောင်လံမြို့၊ ကန်ကြီးရပ်၊ လမ်းမတော်လမ်းနေ ဦးကျော်ရှိန်၏သမီး ဒေါ်စောနန်းသီ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ခင်စောနန်းသီ ၈/မထန(နိုင်)၀၁၀၄၁၄ ဖြစ်ပါကြောင်း။ **ဒေါ်ခင်စောနန်းသီ**

**EVER ENGLISH** March-April
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
Audioနှင့် Video ဖိုင်(၅၀)ကျော် ပါရှိသည်
၂၀၀၀ ကျပ် ချမ်းဇော်ထက်စာပေ 09775148014

**"WINNER INTERNATIONAL EDUCATION CENTER" (WIEC)**

CIE
1. IGCSE Business Studies & Economics (Tr.Lucy)
2. IGCSE Maths & Additional Maths (Tr.Aung)
3. IGCSE Accounting (Tr.Thida)
4. IGCSE Physics (Tr.Win)
5. IGCSE English (Tr.Aye)
6. IGCSE Biology (Dr.Kay)
7. IGCSE Chemistry (Dr.Khaing)

Start May 2018 — Please register

Near Waizayandar Orange Super Market
PH: 09 254335102, 09 796817850, 09 5072230, 09 43206359
CALL - Mon to Fri : (after 3 pm) Sat, Sun - whole day

**အောင်ပြည့်စုံ**
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၇၇၃၄၄ Honda Scoopyi M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းဦး ၉/မရက(နိုင်)၀၄၅၂၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1M/8635 Toyota Pixis S211U P/U ယာဉ်လက်ဝယ်ရှိသူ KCT Co, Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/8537 Toyota Ipsum Acm 21 S/W ယာဉ်လက်ဝယ်ရှိသူ ဦးလွင်လွင်ထွန်း ၉/မနမ(နိုင်)၀၀၇၂၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

# သတင်းထောက်တစ်ဦးအသတ်ခံရသည့်အပေါ် တရားမျှတမှုရှိအောင် စုံစမ်းဖော်ထုတ်ရေး ဆလိုဗက်ပြည်သူများ ဆန္ဒပြ

**ဘရာတီဆလားဗား မတ် ၃**

လူပေါင်း ၂၀၀၀၀ ခန့် ဆလိုဗက်ကီးယားမြို့တော် ဘရာတီဆလားဗားရှိ လမ်းများပေါ်သို့ ထွက်လာခဲ့ကြပြီး ဂျာနယ်လစ်သမားတစ်ဦး အသတ်ခံရသည့်ကိစ္စကို တရားမျှတမှုရှိအောင် စုံစမ်းဖော်ထုတ်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၃ ရက်က ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်အရွယ် အွန်လိုင်းဂျာနယ်လစ်သမားတစ်ဦးဖြစ်သူ ဂျန်ကူစီယက်ကို အိမ်၌ ဇနီးဖြစ်သူနှင့်အတူ ပစ်သတ်ခံရပြီး သေဆုံးနေကြောင်း တွေ့ရှိခဲ့သည်ဟု ပြောသည်။ ပြည်တွင်းမီဒီယာများက အသက် ၂၇ နှစ်အရွယ် အွန်လိုင်းဂျာနယ်လစ်သမားတစ်ဦးဖြစ်သူ ဂျန်ကူစီယက်သည် အသတ်ခံရခြင်း ဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဆလိုဗက်အစိုးရနှင့် အီတလီမာဖီးယားကြား သံသယဖြစ်ပွားဖွယ်ကိစ္စတစ်ခုကို စုံစမ်းနေသော သတင်းထောက်တစ်ဦးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆန္ဒပြသူများက နိုင်ငံရေးသမားများနှင့် ရဲတပ်ဖွဲ့တို့အပေါ် ယုံကြည်မှုမရှိကြောင်း ဖော်ပြခဲ့ကြသည်။ နိုင်ငံရေးသမားများ အာဏာအလွဲသုံးစားလုပ်နေသမျှ ကာလပတ်လုံး ၎င်းတို့အပေါ် ယုံကြည်သွားမည်မဟုတ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် အွန်လိုင်းဂျာနယ်လစ်သမားတစ်ဦးဖြစ်သူ ဂျန်ကူစီယက်နှင့် သူ၏ဇနီးဖြစ်သူတို့ကို ဂုဏ်ပြုရန် လမ်းပေါ်သို့ ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဆန္ဒပြအမျိုးသမီးတစ်ဦးက ပြောသည်။ ထို့အပြင် ၎င်းက လူသတ်ခံရခြင်း၏ နောက်ကွယ်က ကိစ္စကို စုံစမ်းဖော်ထုတ်သင့်ကြောင်း ပြောခဲ့သည်။

ဆန္ဒပြအမျိုးသားတစ်ဦးက ဆလိုဗက်ကီးယားနိုင်ငံမှာ




အလွန်ဆိုးရွားသော အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ပြောခဲ့သည်။ ၎င်းက ပြည်သူများအနေဖြင့် နိုင်ငံရေးသမားများအပေါ် ယုံကြည်ရခြင်း ရှိ၊ မရှိ ဆုံးဖြတ်ချက်ချရတော့မည့်အချိန် ဖြစ်ကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ပျောက်ဆုံးကျောင်းသူများကို ဖမ်းဆီးထားကြောင်း ဘိုကိုဟာရမ် အတည်ပြု

**အဘူဂျာ မတ် ၃**

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း ဒပ်ချီမြို့မှ ပျောက်ဆုံးသွားသော ကျောင်းသူ ၁၁၀ ကို နိုင်ဂျီးရီးယားအကြမ်းဖက်အဖွဲ့တစ်ခုဖြစ်သည့် ဘိုကိုဟာရမ်အဖွဲ့ခွဲက ဖမ်းဆီးထိန်းသိမ်းထားသည်ဟု သတင်းအတည်ပြုချက်ရရှိခဲ့ပြီးနောက် စစ်ဘက်ဆိုင်ရာအရာရှိများနှင့် ဘိုကိုဟာရမ်တပ်မှူးများ မတ် ၂ ရက်တွင် တွေ့ဆုံဆွေးနွေးရန် ကြားဝင်ညှိနှိုင်းပေးသူက တိုက်တွန်းပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကြားဝင်ညှိနှိုင်းပေးသူ ထင်ရှားသည့် လူ့အခွင့်အရေးလှုပ်ရှားသူနှင့် ရှေ့နေတစ်ဦးဖြစ်သူ အာအီရှာအယ်လ်ကာလီဝါကယ်လ်က မတ် ၁ ရက်တွင် ဘိုကိုဟာရမ်အဖွဲ့ခေါင်းဆောင် အဘူမူဆက်ဘ်အယ်လ်ဘာနာဝီက ၎င်းအား ဆက်သွယ်ခဲ့ကာ ကျောင်းသူများကို ထိန်းသိမ်းထားကြောင်း ပြောခဲ့သည်ဟု ဆိုသည်။ ဝါကယ်၏ ပြောကြားချက်အရ မိန်းကလေးများမှာ ဘေးကင်းလုံခြုံမှုရှိပြီး ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကျောင်းသူများအား အန္တရာယ်ပေးခြင်းနှင့် သတ်ဖြတ်ခြင်းများ ပြုလုပ်မည်မဟုတ်ဟု ဘိုကိုဟာရမ်အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အယ်လ်ဘာနာဝီက ၎င်းအား ကတိပေးခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဝါကယ်က ပြန်ပေးဆွဲသူမည်သူဖြစ်ကြောင်း ဖော်ထုတ်ပေးခဲ့ပြီး ကျောင်းသူများအား ပြန်လွှတ်ပေးရန် လူသိရှင်ကြားတိုက်တွန်းခဲ့ကြောင်း၊ ထို့အပြင် ဘိုကိုဟာရမ်အဖွဲ့ခွဲနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ချီဘော့ကျောင်းသူများကို ပြန်ပေးဆွဲခဲ့သလို ယခုကျောင်းသူများကိုလည်း အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားခြင်းမပြုလုပ်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်များကလည်း ဝါကယ်သည် ဘိုကိုဟာရမ်ခေါင်းဆောင်ထံ ဖုန်းဖြင့် ဆက်သွယ်ပြီး ဓားစာခံအချို့ကို လွတ်မြောက်အောင် ကူညီပေးခြင်းဖြင့် လူအများ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့ကြောင်း သိရသည်။ ၂၀၀၉ ခုနှစ်မှစပြီး အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ဘိုကိုဟာရမ်အကြမ်းဖက်အုပ်စုသည် အပြစ်မဲ့ပြည်သူ ၂၀၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ယုံကြည်ထားသည်။

**ဆင်ဟွာ**

# အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များနှင့် ဖြစ်ပွားသော ပဋိပက္ခများတွင် ပါလက်စတိုင်း ဒါဇင်ပေါင်းများစွာ ဒဏ်ရာရ

**ဂါဇာ မတ် ၃**

အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့၌ အစ္စရေးတပ်ဖွဲ့များနှင့် ဖြစ်ပွားသော ပဋိပက္ခများတွင် ပါလက်စတိုင်း ဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများက ယမန်နေ့တွင် ပြောခဲ့သည်။

ဆုတောင်းသူများက သောကြာနေ့ကို လှုပ်ရှားမှုနေ့အဖြစ် သတ်မှတ်ပြီးနောက် ယခုကဲ့သို့ ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ပြီးနောက် ဆန့်ကျင်ဆန္ဒပြမှုများ အပတ်စဉ် သောကြာနေ့တိုင်း ဖြစ်ပွားလျက်ရှိသည်။ ပါလက်စတိုင်း ဆန္ဒပြသူများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များကြား ရက်စက်ပြင်းထန်သော ဆန္ဒပြပွဲများသည် ရာမလာမြောက်ပိုင်း ဘီလီယန်ရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန္ဒပြမှုဖြစ်ပွားသည့်နေရာ၌ ဆန္ဒပြသူများက အစ္စရေးတပ်ဖွဲ့ဝင်များကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ရာ အစ္စရေးတပ်ဖွဲ့ဝင်များကလည်း မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များနှင့် သေနတ်အစစ်များဖြင့် ပြန်လည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်ဟု ပြောသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စလာမ့်စ်ဟားမားစ်ဦးဆောင်သော ဆန္ဒပြမှုများတွင် ပါလက်စတိုင်း ဒါဇင်ပေါင်းများစွာ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ အစ္စရေးတို့ကို ဆန့်ကျင်ဆန္ဒပြမှုများ တိုးမြှင့်လုပ်ဆောင်ရန် ဆော်သြခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောခဲ့သည်။

အဆိုပါဆန္ဒပြမှုများတွင် ပါလက်စတိုင်း ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**ဆင်ဟွာ**



# လက်နက်ထိန်းချုပ်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို ချိုးဖောက်ခြင်းမရှိဟု ရုရှားပြော



**မော်စကို မတ် ၃**

လက်နက်ထိန်းချုပ်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်ကို ချိုးဖောက်ခြင်းမရှိဟုဆိုကာ ရုရှားက အမေရိကန်၏ စွပ်စွဲပြောကြားချက်များအပေါ် မကြာသေးမီက တုံ့ပြန်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် နိုင်ငံတကာကတိကဝတ်များကို အမြဲစောင့်ထိန်းလိုက်နာခဲ့ကြောင်း၊ အမေရိကန်တို့ စွပ်စွဲသလို နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များ ထုတ်လုပ်မှု သဘောတူညီချက်ကို မချိုးဖောက်ခဲ့ကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ခ်က နေ့စဉ်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောခဲ့သည်။

မည်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်မျိုးကိုမဆို ဖျက်ဆီးနိုင်စွမ်းရှိသော ရုရှားနိုင်ငံ၏ State of the art ဒုံးကျည်များကို ရုရှားနိုင်ငံပါလီမန်၌ နှစ်ပတ်လည်မိန့်ခွန်းပြောကြားစဉ် ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် တာလတ်ပစ်နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များ ထုတ်လုပ်မှု သဘောတူညီချက်ကို ၂၀၁၄ ခုနှစ်ကတည်းက စတင်ချိုးဖောက်ခဲ့ကြောင်း အမေရိကန်က စွပ်စွဲပြောကြားခဲ့သည်။ နျူကလီးယားကင်းစင်ရေး၊ မြေပြင်မှပစ်ခတ်သော ပဲ့ထိန်းဒုံးကျည်များနှင့် ပင်လယ်ပြင်မှ ပစ်ခတ်သော တာလတ်ပစ်ဒုံးကျည်များ ဖယ်ရှားရေးအတွက် အဆိုပါ သဘောတူညီချက်ကို လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် စစ်လက်နက်များ အပြိုင်အဆိုင်တပ်ဆင်ခြင်းတွင်လည်း ပါဝင်ရန် အစီအစဉ်မရှိကြောင်း ပက်စ်ကော့ခ်က ပြောသည်။ ရုရှားနိုင်ငံအနေဖြင့် မည်သည့်တစ်ဦးတစ်ယောက်ကိုမျှ တိုက်ခိုက်ရန် အစီအစဉ်မရှိကြောင်း လွှတ်တော်မိန့်ခွန်းတွင် ရုရှားသမ္မတ ပူတင်က ပြောခဲ့သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ဒေသဆိုင်ရာ အကြီးဆုံးကုန်စည်ပြပွဲ ရှန်ဟိုင်းမြို့၌ ဖွင့်လှစ်

**ရှန်ဟိုင်း မတ် ၃**

(၂၈) ကြိမ်မြောက် အကြီးဆုံး ဒေသဆိုင်ရာကုန်စည်ပြပွဲကို ယမန်နေ့က ရှန်ဟိုင်းမြို့၌ ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါ ကုန်စည်ပြပွဲသည် တရုတ်နိုင်ငံတွင် အကြီးဆုံးကုန်စည်ပြပွဲဖြစ်သည်။

လေးလကြာကျင်းပမည့် ယင်းကုန်စည်ပြပွဲသို့ တရုတ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၀၀၀ ကျော်နှင့် ပြည်ပမှ ကုမ္ပဏီပေါင်း ၄၆၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်ပြပွဲသည် အကျယ်အဝန်းအားဖြင့် စရိယာစတုရန်းမီတာ ၁၂၃၆၀၀ ရှိကာ အထည်ချုပ်လုပ်ငန်းမှ ခေတ်မီလူနေမှုပုံစံအထိ အမျိုးအစားငါးမျိုးခွဲကာ ပြခန်းပေါင်း ၅၇၀၀ ဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၈) ကြိမ်မြောက် အကြီးဆုံး ဒေသဆိုင်ရာကုန်စည်ပြပွဲ ပထမနေ့တွင် ခေတ်သစ်ပိုးလမ်းမကြီးအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုလွယ်ကူရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ဒေသဆိုင်ရာ ကုန်စည်ပြပွဲများ ကျင်းပခြင်းသည် တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုဆိုင်ရာများတွင် အရေးပါသော လက္ခဏာတစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## မြောက်ကိုရီးယားသို့ ကိုယ်စားလှယ်စေလွှတ်တော့မည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတ ပြော

**ဆိုးလ် မတ် ၃**

တောင်ကိုရီးယား သမ္မတအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ ကိုယ်စားလှယ်စေလွှတ်ရန် အလွန်နီးကပ်နေပြီဖြစ်ကြောင်း ယမန်နေ့က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဖုန်းဆက်စဉ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်း၏ညီမ ကင်ရိုဂျွန်သည် တောင်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်ပြီးနောက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယခုလို မြောက်ကိုရီးယားနိုင်ငံသို့ အထူးကိုယ်စားလှယ်စေလွှတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင်၏ ညီမသည် (၂၃) ကြိမ်မြောက် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲပိတ်ပွဲအခမ်း အနားတက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံသို့ သုံးရက်ကြာလာရောက်လည်ပတ်စဉ် တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းနှင့် တွေ့ဆုံပြီး အဆင်ပြေသည့်အချိန်တွင် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဖိတ်ကြားလွှာကိုလည်း တောင်ကိုရီးယားသမ္မတထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယီမင်စစ်ပွဲ အမေရိကန်ပါဝင်မှု လွှတ်တော်က ရပ်တန့်ပေးနိုင်မလား

**တင်လင်းအောင်**



ယီမင်နိုင်ငံမှာ အသက်ငါးနှစ်အောက် ကလေးငယ်များဟာ ၁၀ မိနစ်ကို တစ်ယောက်နှုန်းနဲ့ သေဆုံးလျက်ရှိပါတယ်။ အဲဒီလို ဘာကြောင့်သေဆုံးနေတာလဲ။ ကလေးငယ်တွေ သေဆုံးတဲ့ နောက်ကွယ်က အကြောင်းတရားက ဘာပါလိမ့်။ ရှည်ရှည်ဝေးဝေးစဉ်းစားစရာမလိုပါဘူး။ စစ်ပွဲကြောင့်ပါ။ ဟုတ်ပါတယ်။ ယီမင်နိုင်ငံမှာ သုံးနှစ်နီးပါးဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေကြောင့် အခုလိုမျိုးကလေးငယ်တွေ သေဆုံးရတာပဲဖြစ်ပါတယ်။ စစ်ပွဲကြောင့် ယီမင်နိုင်ငံတစ်နိုင်ငံလုံး ပျက်စီးမှုအတိဖြစ်တဲ့ စစ်တလင်းနီးနီးဖြစ်နေသလို စစ်ရဲ့အကျိုးဆက်ကြောင့် နိုင်ငံမှာ ကောင်းတဲ့အရာတွေဆိုတာ မရှိသလောက်ပါပဲ။

သုံးနှစ်နီးပါးဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေအတွင်း ပြည်သူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ပြီး ၄၀၀၀၀ ကျော်သော ပြည်သူတွေ ဒဏ်ရာအနာတရ ဖြစ်ပွားခဲ့ပါတယ်။ ၁၅ သန်းသော ပြည်သူတွေဟာ သန့်ရှင်းတဲ့ရေကို မရရှိသလို ကောင်းမွန်တဲ့ ရေဆိုးနုတ်စနစ်လည်း မရရှိခဲ့ပါဘူး။ ယီမင်နိုင်ငံမှာရှိတဲ့ စုစုပေါင်းလူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက် (လူဦးရေ ၁၇ သန်းခန့်) ဟာ အစာရေစာလုံလောက်စွာ မရရှိသလို ငတ်ပြတ်မှုဒုက္ခတွေကို ခါးစည်းပြီး ခံစားနေကြရပါတယ်။

ယီမင်နိုင်ငံမှာ ဖြစ်ပွားတဲ့ စစ်ပွဲတွေလိုမျိုး အဖြစ်ဆိုးတွေ ဖြစ်ပေါ်လာတဲ့အပေါ် အမေရိကန်ပြည်သူတွေရဲ့ ကူညီချင်တဲ့စိတ်ကလည်း တားမနိုင်ဆီးမရပါပဲ။ အမေရိကန်နိုင်ငံဟာ လတ်တလောမှာ ယီမင်နိုင်ငံကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၆၈ သန်းကျော် ထောက်ပံ့ခဲ့ပြီး ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်အနည်းစုသိနေတာက အမေရိကန်တပ်ဖွဲ့ဟာ အပြစ်မဲ့ပြည်သူတွေကြားထဲမှာ သဘောထားကွဲလွဲမှုတွေ ဖန်တီးပေးရင်း ရှိရင်းစွဲပဋိပက္ခတွေကို ပိုပြီးဆိုးရွားအောင် ပြုလုပ်နေတယ်ဆိုတာပဲ ဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စမှာ သုံးစွဲခဲ့တဲ့ သန်းပေါင်းမြောက်မြားစွာက မဖြစ်မနေသုံးစွဲရတာဖြစ်ပေမယ့်လည်း အမေရိကန်အစိုးရအတွက် ကူညီရာမရောက် အမြတ်မထွက်ဘဲ အရှုံးတွေနဲ့သာ ရင်ဆိုင်ခဲ့ရပါတယ်။

အကယ်၍သာ အမေရိကန်အစိုးရအနေနဲ့ အခုလိုမျိုး ဆုံးရှုံးမှုအခြေအနေတွေကို နားလည်ဖို့ဆိုရင် ယီမင်စစ်ပွဲမှာ အမေရိကန်နိုင်ငံအနေနဲ့ ဘယ်အခန်းကဏ္ဍက ပါဝင်နေသလဲဆိုတာ သဘောပေါက်မှုဖြစ်မှာပါ။ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လမှာ ဆော်ဒီဦးဆောင်တဲ့ အာရပ်ညွန့်ပေါင်းအဖွဲ့ဟာ ယီမင်နိုင်ငံကို စစ်ရေးအရ ကျူးကျော်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

အဲဒီလို ယီမင်နိုင်ငံကို စစ်ရေးအရ ကျူးကျော်မှုပြုလုပ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်ကဘာလဲဆိုတော့ မြို့တော်ဆာနားအပါအဝင် ယီမင်နိုင်ငံရဲ့အစိတ်အပိုင်းအတော်များများကို လွှမ်းမိုးထားတဲ့ ဟူသီသူပုန်တွေကို ဆန့်ကျင်နေတဲ့ ယီမင်သမ္မတ မန်ဆောဟာဒီကို ကူညီဖို့ပဲ ဖြစ်ပါတယ်။

လွှတ်တော် (ကွန်ဂရက်) နဲ့ ညှိနှိုင်းတိုင်ပင်ပြီး အကြံဉာဏ်မရယူခဲ့တဲ့ အိုဘားမားအစိုးရဟာ ဆော်ဒီညွန့်ပေါင်းအဖွဲ့ကို ယုတ္တိဗေဒတွက်ချက်မှုဆိုင်ရာနဲ့ ထောက်လှမ်းမှုနည်းဗျူဟာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ဖို့ အမေရိကန်တပ်ဖွဲ့ကို လုပ်ပိုင်ခွင့်တွေ နေ့မဆိုင်းညမဆိုင်းဘဲ လျင်လျင်မြန်မြန်ပဲ ပေးလိုက်ပါတယ်။ အမေရိကန်ရဲ့ ယီမင်နိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်မှုဟာ အဲဒီအချိန်ကတည်းက စတယ်လို့ပဲ ပြောရတော့မှာပါ။ လွန်ခဲ့တဲ့ ဒီဇင်ဘာလမှာ ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဟာ အမေရိကန်ရဲ့ ယီမင်နိုင်ငံနဲ့ ပတ်သက်ဆက်နွယ်နေမှုကို အတည်ပြုပြီးနောက်မှာတော့ အမေရိကန်တပ်ဖွဲ့ဟာ ဆော်ဒီဦးဆောင်ညွန့်ပေါင်းအဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်ခြင်း၊ အားအင်ဖြည့်တင်းခြင်းတွေကို လုပ်ဆောင်လာပါတယ်။

အမေရိကန်တပ်ဖွဲ့ကို ယီမင်ပဋိပက္ခမှာ ပါဝင်ဖို့ ကွန်ဂရက်က ခွင့်ပြုချက်မပေးကတည်းက အမေရိကန်ပြည်ထောင်စုဟာ လိုအပ်တဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စမှာ ကူညီတာကလွဲလို့ တခြားအခန်းကဏ္ဍ သို့မဟုတ် တခြားကိစ္စတွေမှာ မပါဝင်သင့်ပါဘူး။

ဒါကြောင့်ပဲ ယီမင်မှာ ဖြစ်ပွားနေတဲ့ အမေရိကန်စစ်ပွဲနဲ့ပတ်သက်ပြီး (ထောက်ခံ သို့မဟုတ် ကန့်ကွက်) မဲပေးဖို့ ကွန်ဂရက်ကို တိုက်တွန်းတဲ့ ပူးတွဲဆုံးဖြတ်ချက်တစ်ခုကို ပြုလုပ်ဖို့ ကြိုးစားနေကြတာပဲဖြစ်ပါတယ်။ အကယ်၍သာ ကွန်ဂရက်က စစ်ပွဲကို ခွင့်မပြုဘူးဆိုပါက ယီမင်မှာ အမေရိကန်တပ်ဖွဲ့တွေ ပါဝင်နေမှုကို လုံးဝအဆုံးသတ်သွားစေမှာ ဖြစ်ပါတယ်။

ပြည်သူတွေအတွက် တကယ့်ကိုတာဝန်ရှိတဲ့ ကွန်ဂရက်ကို စစ်ပွဲကြေညာခြင်းနဲ့ပတ်သက်ပြီး မူဘောင်ရေးဆွဲသူတွေက လုပ်ပိုင်ခွင့်ပေးထားပါတယ်။ အခြေခံဥပဒေ ပုဒ်မ ၁ အပိုဒ် ၈ မှာ ဘာကိုဖော်ပြထားသလဲဆိုတော့ စစ်ပွဲကြေညာရန် ကွန်ဂရက်မှာ အခွင့်အာဏာရှိကြောင်း ဖော်ပြထားပါတယ်။

> “ယီမင်နိုင်ငံကို စစ်ရေးအရ ကျူးကျော်မှုပြုလုပ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်က ဘာလဲဆိုတော့ မြို့တော်ဆာနားအပါအဝင် ယီမင်နိုင်ငံရဲ့ အစိတ်အပိုင်းအတော်များများကို လွှမ်းမိုးထားတဲ့ ဟူသီသူပုန်တွေကို ဆန့်ကျင်နေတဲ့ ယီမင်သမ္မတ မန်ဆောဟာဒီကို ကူညီဖို့ပဲ ဖြစ်ပါတယ်”

သမ္မတဟာ နိုင်ငံအပေါ်ကျူးကျော်လာတဲ့ နိုင်ငံခြားကျူးကျော်မှုကဲ့သို့သော ကန့်သတ်အရေးပေါ်အခြေအနေတွေ ပေါ်ပေါက်လာမှသာ စစ်ဘက်ဆိုင်ရာ ဆောင်ရွက်မှုတွေအတွက် အမိန့်ပေးနိုင်တာပါ။ ယီမင်မှာ ဖြစ်ပွားနေတဲ့ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ပြည်တွင်းစစ်ပွဲတွေဟာ နိုင်ငံကို ကျူးကျော်လာတဲ့ နိုင်ငံခြားကျူးကျော်မှုကဲ့သို့သော အရေးပေါ်အခြေအနေတွေ မဟုတ်ပါဘူး။ ဒါကြောင့် သမ္မတအနေနဲ့ စစ်ဘက်ဆိုင်ရာ ဆောင်ရွက်ချက်တွေ လုပ်ဆောင်ဖို့ အမိန့်



ပေးလို့ မရပါဘူး။


သို့သော်လည်း ၁၉၇၃ ခုနှစ် စစ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်ဥပဒေအရ အမေရိကန်ပြည်ထောင်စု တပ်ဖွဲ့ဝင်တစ်ဦးရဲ့တာဝန်ဟာ စစ်ပွဲဖြစ်နေချိန်မှာ အခြားနိုင်ငံတစ်ခုရဲ့ စစ်ရေးဆိုင်ရာမှာ ကွပ်ကဲအုပ်ချုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပါဝင်ခြင်းတို့ လုပ်ဆောင်လို့ရတယ်လို့ ဖော်ပြထားပါတယ်။ အခုလို တခြားနိုင်ငံတစ်ခုမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲကိစ္စတွေမှာတော့ ကွန်ဂရက်အနေနဲ့ ပါဝင်လို့ မရပါဘူး။ ၂၀၀၁ ခုနှစ် အမေရိကန်တပ်ဖွဲ့အား အသုံးပြုပိုင်ခွင့်ရရှိရေး အခွင့်အာဏာအရ ၉၊၁၁ တိုက်ခိုက်မှုဖြစ်ပြီးကတည်းက ယီမင်နိုင်ငံရှိ မည်သည့်စစ်ရေးဆိုင်ရာလုပ်ဆောင်ချက်မဆို အကန့်အသတ်ရှိကြောင်း ဖော်ပြခဲ့သော်လည်း အာရေဗျကျွန်းဆွယ်မှာရှိတဲ့ အယ်လ်ခိုင်ဒါ သို့မဟုတ် သူ့ရဲ့မိတ်ဖက်များနဲ့ အိုင်အက်စ်ကဲ့သို့သော အကြမ်းဖက်အုပ်စုများနဲ့ ပတ်သက်တဲ့ ဆန့်ကျင်မှုတွေကိုတော့ ခြွင်းချက်အနေနဲ့ လုပ်ပိုင်ခွင့်ပေးထားကြောင်း သိရပါတယ်။


အမှန်တကယ်တော့ ယီမင်စစ်ပွဲမှာ အမေရိကန်ပါဝင်မှုဟာ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နဲ့ မိတ်ဖက်တွေကို တန်ပြန်တိုက်ခိုက်ဖို့ ကြိုးစားတဲ့ သဘောနဲ့ သက်သေပြတာပဲဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ၂၀၁၆ ခုနှစ် အကြမ်းဖက်ဝါဒဆိုင်ရာ တိုင်းပြည်အစီရင်ခံစာမှာ ဘာကိုဖော်ပြခဲ့သလဲဆိုတော့ ဆော်ဒီဦးဆောင်တပ်ဖွဲ့တွေနဲ့ ဟူသီသူပုန်တွေကြား ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေဟာ အယ်လ်ခိုင်ဒါနဲ့ ယီမင်မှာရှိတဲ့ အိုင်အက်စ်တွေအတွက် ယီမင်နိုင်ငံတွင်းမှာ ကျူးကျော်တိုက်ခိုက်မှုတွေကို ပိုပြီးဖြစ်စေခဲ့သလို ဟူသီသူပုန်တွေကို အီရန်က ထောက်ပံ့မှုတွေ လုပ်ဆောင်နေတာကလည်း အဆိုးတကာ့အဆိုးဆုံး အခြေအနေတစ်ရပ်ပဲလို့ ဖော်ပြပါရှိပါတယ်။ အမှန်တကယ် ဖြစ်လာတာကတော့ စစ်ပွဲအခြေအနေ ပိုမိုဆိုးရွားလာခဲ့တာပဲလို့ အဲဒီအစီရင်ခံစာမှာ ဆက်လက်ဖော်ပြထားပါတယ်။


ဒါကြောင့် တကယ့်အကြီးမားဆုံးတာဝန်ကတော့ အမေရိကန်လွှတ်တော်အမတ်တွေဟာ နိုင်ငံကို ခုခံကာကွယ်ဖို့ ဘယ်လိုအခြေအနေ ဘယ်လိုအချိန်အခါတွေမှာ အမေရိကန်ရဲ့ ငယ်ရွယ်တဲ့ မျိုးဆက်သစ်တွေကို (ဆူးခင်းလမ်းထဲ) စေလွှတ်မလဲဆိုတဲ့အပေါ် ဆုံးဖြတ်ချက်ချကြရမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလို ယီမင်မှာဖြစ်ပွားနေတဲ့ အမေရိကန်စစ်ပွဲနဲ့ ပတ်သက်ပြီး (ထောက်ခံ သို့မဟုတ် ကန့်ကွက်) မဲပေးဖို့ ကွန်ဂရက်ကို တိုက်တွန်းတဲ့ ပူးတွဲဆုံးဖြတ်ချက်တစ်ခု အတူတကွ ချမှတ်နိုင်ရေး ဆောင်ရွက်နေရတာပဲ ဖြစ်ပါတယ်။


၉၊၁၁ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပြီးကတည်းက အမေရိကန်နိုင်ငံရေးသမားတွေဟာ ကမ္ဘာအနှံ့အမေရိကန်စစ်ဘက်ရေးရာ ဝင်ရောက်စွက်ဖက်မှုတွေကို ဝင်ရောက်ပြောဆိုဖို့ အလှမ်းဝေးကွာခဲ့ရပါတယ်။ အခုတော့ လွှတ်တော်မှာ အဲလိုလုပ်ဖို့၊ ယီမင်မှာဖြစ်ပွားနေတဲ့ စစ်ပွဲအပေါ် အမေရိကန်ပါဝင်မှု၊ မပါဝင်မှုနဲ့ပတ်သက်ပြီး ပြောဆိုဖို့ အခွင့်အရေးတွေ၊ ထိန်းကျောင်းမှုတွေ လုပ်လာနိုင်တော့မှာပဲ ဖြစ်ပါတယ်။ ■


**ကိုးကား- သည်ဝါရှင်တန်ပို့စ်**
















# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၁)

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ... နေကောင်းတယ်နော်"

"ဟာ... သမီးပါလား၊ မတွေ့တာတောင်ကြာပြီ၊ ဘဘ နေကောင်းပါတယ်ကွယ်၊ သမီးက နယ်မှာတာဝန်ကျနေတာဆိုတော့ အိမ်ကို ခဏခဏမပြန်နိုင်ဘူးပေါ့နော်"

"ဟုတ်ပါတယ်ဘဘ၊ ဒါက...သမီးမိတ်ဆွေပါ၊ သမီးနဲ့ အတူတူအိမ်ငှားပြီးနေပါတယ်၊ မူလတန်းကျောင်းအုပ် ဆရာမကြီးပါ"

"သြော်...အေး ဝမ်းသာပါတယ်ကွယ်"

"မူလတန်းမြန်မာစာသင်ကြားရေးနဲ့ ပတ်သက်ပြီး ဘဘကို မေးချင်တာတွေ ရှိနေတယ်ပြောလို့ သမီးခေါ်လာတာပါ ဘဘ"

"ဟုတ်ပါပြီ၊ ဘဘဆီ တကူးတကနဲ့လာရတာဆိုတော့ မေးချင်တာမေးပါကွယ်"

"ဟုတ်ကဲ့၊ ဝမ်းသာပါတယ်ဘဘ၊ သမီးလည်း သူ့လိုပဲ ဘဘလို့ပဲ ခေါ်ပါရစေ"

"ခေါ်ပါကွယ်"

"သမီးတို့ကျောင်းမှာ ပထမတန်းကို မြန်မာစာသင်တဲ့ ဆရာမတွေက ကလေးတွေကို စာလုံးပေါင်းပြီး ဖတ်ပုံဖတ်နည်း သင်တာ တစ်ယောက်နဲ့တစ်ယောက် ဆိုပုံဆိုနည်းချင်း မတူကြပါဘူးဘဘ"

"ဟေ...ဟုတ်လား၊ ဘယ်လိုမတူတာပါလိမ့်"

"စာလုံးပေါင်းပြီးဖတ်တဲ့အခါ ကကြီးရေးက၊ ကကြီးရေးချကာ၊ ကကြီးရေးချဝစ္စနှစ်လုံးပေါက်ကားလို့ ပေါင်းဖတ်ရမယ်ဆိုပြီး သင်တဲ့သူလည်း ရှိပါတယ်။ အဲဒီလိုမဟုတ်ဘဲ 'က-အာ-ကာ၊ က-အား-ကား' လို့ ဖတ်ရမယ်လို့သင်တဲ့သူလည်း ရှိပါတယ်။ တစ်ယောက်ကတော့ စာလုံးပေါင်းစရာ မလိုဘူး၊ စာလုံးကို ကြည့်ပြီး က၊ ကာ၊ ကားလို့ တန်းပြီးဖတ်ရမယ်လို့ သင်ပြန်ရော ဘဘ"

"သြော်...ဒီလိုကိုး"

"သမီးကတော့ ခုလို တစ်ယောက်တစ်မျိုးဖြစ်နေဖို့ မသင့်ဘူးလို့ထင်လို့ပါ၊ တစ်မူတည်း သတ်သတ်မှတ်မှတ်သင်ရင် ကလေးတွေ နားမရှုပ်ဘူးပေါ့၊ တစ်မျိုးစီသင်နေတော့ ကလေးတွေ ဘယ်ဟာမှတ်ရမှန်း မသိတော့ဘဲ နားရှုပ်သွားမယ် ထင်ပါတယ် ဘဘ"

"ဟုတ်ပါပြီ"

"ဒါကြောင့် သမီးမိတ်ဆွေက ဘယ်လိုဖတ်တာ ပိုကောင်းသလဲဆိုတာ ကွဲကွဲပြားပြားသိချင်လို့ ဘဘဆီလိုက်ခဲ့ဆိုပြီး သမီးခေါ်လာတာပါ ဘဘ"

"ဟုတ်ပါပြီ၊ သမီးက မူလတန်းကျောင်းအုပ်ဆိုတော့ တာဝန်ရှိတာပေါ့ကွယ်၊ ဒီတော့ ဘယ်လိုဖတ်တာကောင်းတယ်ဆိုတာ သမီးစဉ်းစားနိုင်ဖို့ ဘဘကသိသင့်တာတွေကို အရင်ရှင်းပြတာကောင်းမယ်ထင်ပါရဲ့"

"သိပ်ကောင်းပါတယ် ဘဘ၊ အဲဒီလိုရှင်းပြရင် သမီးလည်း သေသေချာချာ နားလည်သွားပြီး သူတို့ကိုညှိပေးလို့ရတာပေါ့၊ ကျေးဇူးတင်ပါတယ်ဘဘ၊ သမီးသိသင့်တာတွေ သင်ကြားပေးပါ ဘဘ"

"ပထမဆုံး ဗျည်းတွေတစ်လုံးချင်းရွတ်ဆိုပုံက စရအောင်၊ ဒါကအခြေခံပဲလေ၊ ပြီးမှအဲဒီဗျည်းတွေနဲ့ သရတွေ စာလုံးပေါင်းပြီး ဖတ်ပုံကိုပြောတာပေါ့"

"ဟုတ်ကဲ့ပါ"

"'က' က 'အ' အထိ ဗျည်း ၃၃ လုံးရှိတယ်လို့ သမီးတို့သိပြီးသားနော်၊ 'အ' ကတော့ အသံက သရဖြစ်ပေမယ့် သုံးတဲ့အခါ တခြားဗျည်းတွေလိုပဲ သုံးနိုင်တာမို့ ဗျည်းထဲမှာရော သရထဲမှာရော 'အ' ကို ရှေးကတည်းက ထည့်ထားတာဆိုတာ သမီးတို့သိတယ်မဟုတ်လား"

"သိပါတယ်ဘဘ၊ အရင်က ဘဘရှင်းပြဖူးပါတယ်၊ ဘဘရေးတာတွေလည်း ဖတ်ရပါတယ်"

"ဟုတ်ပါပြီ၊ အဲဒီဗျည်းတွေကို အစဉ်အတိုင်းဖတ်ရင် 'က၊ ခ၊ ဂ၊ ဃ၊ င' ကစပြီး 'အ' အထိ အစဉ်အတိုင်းဖတ်ရတယ် မဟုတ်လား၊ နောက်တစ်မျိုးကော ဘယ်လိုဖတ်ကြသေးသလဲ သမီး"

"ဟုတ်ကဲ့၊ 'ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င' ဆိုပြီး ဖတ်ကြပါတယ်ဘဘ"

"ဟုတ်ပြီ၊ က ကို ကကြီးလို့ဖတ်တာ၊ တခြားဗျည်းတွေရောပေါ့၊ ဇကွဲတို့၊ ဈကြီးတို့၊ ပစောက်တို့ဆိုတာမျိုးဖတ်တာ ဘာကြောင့်လို့ ထင်သလဲ"

"ဘဘ၊ အဲဒါတွေက အဲဒီဗျည်းတွေရဲ့ နာမည်တွေလို့ ကြားဖူးပါတယ်"

"ဟုတ်ပြီ၊ အဲဒီနာမည်တွေရဲ့အဓိပ္ပာယ်တွေကော သမီးအားလုံးသိသလား"

"အားလုံး သေသေချာချာမသိပါဘူးဘဘ၊ သိချင်ပါတယ်"

"ဘဘက ဗျည်းနာမည်တွေအကြောင်း အရင်ရေးဖူး မြန်မာအဘိဓာန်မှာလည်း စျမျဉ်းဆွဲလို့ပြတယ်၊ ဝေါဟာရတ္ထပကာသနီမှာတော့ မြင်းဇက်မှာတက်ရတဲ့ သံကွင်းမှာချည်တဲ့ ကြိုးကို ခပ်လျော့လျော့ တပ်ထားတဲ့ပုံလို့ ရှင်းပြပြီး စျမြင်းဆွဲလို့ပဲ ရေးတယ်"

"ဟုတ်ကဲ့ပါ ဘဘ၊ မှတ်သားထားပါ့မယ်"

"ဋ ကိုတော့ ရှေ့ကသုံးတဲ့ သန်လျင်းလို့ခေါ်တဲ့ ထမ်းစင်ရဲ့ ချိတ်ကလေးလို အကောက်ကလေးပါလို့ ဋသန်လျင်းချိတ်လို့ ခေါ်တာပဲ၊ ဋခြေဆင်းလို့လည်းခေါ်တယ်၊ အခုတော့ ဋတလင်းချိတ် / တ-တလင်းဂျိတ် / လို့ လွယ်လွယ်ခေါ်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲ...ဝမ်းဘဲကလေးနဲ့တူလို့ ဌဝမ်းဘဲ၊ ရင်ကလေး ကောက်နေလို့ ဍရင်ကောက်၊ ဎသံကောက်လို့လဲခေါ်တယ်။ ရေမှုတ်လေးနဲ့တူလို့ ဎရေမှုတ်ပေါ့"

"ဟုတ်ကဲ့ပါ"

"အသံတူနှစ်လုံးမှာ အကြီးမို့ ဏကြီး၊ အငယ်မို့ နငယ်၊ ဝမ်းပိုက်ပူနေလို့ တဝမ်းပူတဲ့၊ ဆင်နားရွက်ခြေထောက်ကို ခတ်ရတဲ့ ထူးလို့ခေါ်တဲ့ သံကွင်းနှစ်ကွင်းဆက်ထားတာနဲ့ တူလို့

> **"ဗျည်းတွေကို အဲဒီလိုနာမည်တွေပေးခဲ့တာ ရှေးကတည်းကပဲကွဲ့၊ ကုန်းဘောင်ခေတ်က ဒုတိယကျော်အောင်စံထားဆရာတော် ရေးသားပြုစုတဲ့ ဝေါဟာရတ္ထပကာသနီဆိုတဲ့ ကျမ်းကြီးမှာ အဲဒီအကြောင်းတွေ အသေးစိတ်ရှင်းပြထားတယ်"**

ပါတယ်၊ ဒီနေရာမှာတော့ သမီးအခြေခံကစပြီး သိအောင် ပြောပြမလို့ပါ"

"ဟုတ်ကဲ့ပါ"

"ဗျည်းတွေကို အဲဒီလိုနာမည်တွေပေးခဲ့တာ ရှေးကတည်းကပဲကွဲ့၊ ကုန်းဘောင်ခေတ်က ဒုတိယကျော်အောင်စံထား ဆရာတော် ရေးသားပြုစုတဲ့ ဝေါဟာရတ္ထပကာသနီဆိုတဲ့ ကျမ်းကြီးမှာ အဲဒီအကြောင်းတွေ အသေးစိတ်ရှင်းပြထားတယ်"

"ပြောပြပါဘဘ"

"က ကို ကကြီးလို့ ဘာဖြစ်လို့နာမည်ပေးရသလဲဆိုရင် အရွယ်ပမာဏကြီးလို့ အဲဒီနာမည်ပေးတာလေ၊ က၊ ခ၊ ဂ၊ ဃ၊ င ဆိုတဲ့ အက္ခရာ ၅ လုံးစု၊ အဲဒီလို ၅ လုံးစုတစ်စုကို ဝဂ်လို့ ခေါ်တယ်၊ ဝဂ္ဂ ဆိုတဲ့ ပါဠိစကားကိုယူထားတာ၊ ကကြီးကစလို့ ကဝဂ်လို့ခေါ်တာပေါ့၊ ကဟာ ကဝဂ်မှာအရွယ်ပမာဏကြီးတာမို့ ကကြီးလို့ခေါ်တာ-တဲ့၊ ဂနဲ့ယှဉ်ရင် ဂရဲ့နှစ်ဆကြီးလို့ ကကြီးလို့ ခေါ်တာလို့လည်း ဆိုနိုင်တယ်၊ ဗျည်း ၃၃ လုံးမှာ ရှေ့ဆုံးက နေတဲ့ အကြီးအကဲမို့ ကကြီးခေါ်တယ်ဆိုတဲ့ အယူအဆလည်း ရှိတယ်"

"မှတ်သားထားပါတယ် ဘဘ"

"အဲဒီလိုပဲ ခွေခွေ၊ ခွေးခွေးကလေးနေလို့ ခခွေး၊ အရွယ် ငယ်လို့ ဂငယ်၊ အရွယ်ကြီးလို့ ဃကြီးပေါ့၊ ငကိုတော့ နာမည် မပေးဘူး၊ လုံးနေလို့ စလုံး၊ လိမ်လိမ်ကလေးဆွဲရလို့ ဆလိမ်၊ အောက်ကကွဲနေလို့ ဇကွဲပေါ့"

"ဟုတ်တယ်နော် ဘဘ"

"ဈကို 'ဈမြင်ဆွဲ'၊ 'ဈမြင်းဆွဲ' လို့ခေါ်ကြတယ်။ ရိုးရိုး ကြည့်ရင်တော့ နောက်ကမျဉ်းဆွဲထားလို့ ဈမျဉ်းဆွဲခေါ်တယ်ပေါ့၊ ထဆင်ထူးပေါ့၊ ဒထွေးကတော့ နှစ်ဆင့်ရေးရတာမို့ ပါဠိလို ၂ ကို ဒွေးလို့ခေါ်လို့ ဒထွေးလို့ခေါ်တယ်၊ အောက်ကချိုင့် (ခြိုက်) နေလို့ ဓအောက်ခြိုက်...တဲ့"

"ဟင်း... ဓအောက်ခြိုက်ဆိုပြီး အောက်ကလည်း မခြိုက်ဘူးနော် ဘဘ"

"ဟုတ်တယ်၊ သမီးတို့ပြောတာမှန်တယ်၊ ရှေးက ကျောက်စာတွေမှာ ဓ ကိုရေးရင် အောက်ကချိုင့်နေအောင် ရေးရတယ်၊ ဗ ကိုမှောက်ထားတဲ့ပုံမျိုးပေါ့"

"သြော်...သဘောပေါက်ပါပြီ ဘဘ"

"စောက်စောက်ကလေးမို့ ပစောက်၊ ထိပ်ကအကွေး ကလေးက ဦးထုပ်ကလေးနဲ့တူလို့ ဖဦးထုပ်၊ အထက်ကချိုင့် (ခြိုက်) နေလို့ ဗထက်ခြိုက်၊ ကုန်းနေလို့ ဘကုန်း၊ ပက်လက် နေလို့ ယပက်လက်၊ ခြေကောက်နေလို့ ရကောက်၊ အသံတူ ၂ လုံးမှာ အကြီးမို့ ဠကြီးလို့ ခေါ်တာပေါ့ကွယ်"

"ဘဘ... လကိုတော့ လငယ်လို့မခေါ်ဘူးနော်"

"ဠကြီးနဲ့ ယှဉ်ပြောရင်တော့ လငယ်လို့ခေါ်နိုင်ပါတယ်၊ အဲ...ရှေးကရကောက်ကို ရကောက်ကြီး၊ ယကို ယငယ်လို့ ခေါ်တာလည်းရှိတယ်"

"ဘဘ... ဝကိုဝလုံးလို့လည်းခေါ်တယ်နော်"

"ဟုတ်တာပေါ့၊ လုံးလုံးကလေးမို့ ဝလုံးလို့ခေါ်တာလေ၊ တကယ်တော့ မူလတန်းမှာမြန်မာစာသင်တဲ့ ဆရာ ဆရာမ တွေက အဲဒီဗျည်းနာမည်တွေကို ခြေခြေမြစ်မြစ်သိထားဖို့ ကောင်းတာပေါ့၊ ကလေးတွေစိတ်ဝင်စားအောင် ရှင်းပြ နိုင်တာပေါ့"

"ဟုတ်ပါတယ် ဘဘ၊ သမီးတစ်ခုမေးပါရစေ"

"မေးလေ၊ ဘာပါလိမ့်"

"ဗျည်း ၃၃ လုံးမှာ အသံချင်းတူတဲ့အက္ခရာတွေရှိနေတာ ဘာကြောင့်လဲလို့ သိချင်လို့ပါ"

"အင်း...ဒီအချက်လည်း အရေးကြီးတယ်၊ သမီးတို့ သိသင့်တာပေါ့၊ တကယ်တော့ အသံတစ်သံအတွက် အက္ခရာ တစ်မျိုးပဲရှိရင် ရှင်းတာပေါ့နော်"

"ဟုတ်ကဲ့၊ အဲဒီလိုစဉ်းစားမိလို့ပါဘဘ"

"မြန်မာဗျည်း ၃၃ လုံးကို မြန်မာတွေတီထွင်တာလား၊ တခြားကရတာလား၊ သမီးတို့ ဘယ်လိုသိထားသလဲ"

"ပါဠိ ပိဋကတ်တော်တွေကိုရေးတဲ့ အက္ခရာတွေကို မွန်လူမျိုးတွေဆီကတစ်ဆင့် မြန်မာတွေရလာပြီး မြန်မာစာ တီထွင်တာလို့ ကြားဖူးပါတယ်ဘဘ"

"ဟုတ်ပါတယ်၊ အဲဒီဗျည်း ၃၃ လုံးက ပါဠိဘာသာနဲ့ ပိဋကတ်တော်တွေရေးရာမှာ သုံးတဲ့အက္ခရာတွေပါ၊ တစ်နည်း ပြောရရင် ပါဠိဘာသာရဲ့စကားသံတွေကို ရေးတဲ့အက္ခရာ တွေပေါ့"

"ပါဠိဘာသာမှာလည်း ဆရာတို့ သမီးတို့စဉ်းစားသလို အသံတစ်သံစီအတွက် အက္ခရာတစ်မျိုးစီပဲရှိတာပါ၊ အသံတူ အက္ခရာတွေ မရှိပါဘူး"

"ဟင်... ဒါဆိုရင် ပါဠိဘာသာမှာ ဂ နဲ့ ဃ အသံမတူဘူး ပေါ့နော် ဘဘ"

"အေး...ဟုတ်တယ်ကွဲ့၊ မြန်မာစာမှာ အသံတူဖြစ်နေတဲ့ ဂနဲ့ ဃ၊ ဇနဲ့ ဈ၊ ဍနဲ့ ဎ၊ ဒနဲ့ ဓ၊ ဗနဲ့ ဘ ဆိုတဲ့အက္ခရာတွေဟာ ပါဠိဘာသာမှာ အသံမတူဘူးကွဲ့"

"ဘယ်လိုမတူတာပါလဲ ဘဘ"

"အဲဒီ ၂ လုံးတွဲတွေမှာ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ ဆိုတဲ့ အက္ခရာတွေက အသံလျော့တဲ့အက္ခရာတွေ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ ဆိုတဲ့ အက္ခရာ တွေက အသံတင်းတဲ့အက္ခရာတွေ၊ ဘယ်လိုကွာသလဲဆိုတော့ အသံလျော့တွေမှာ ဟသံမပါဘူး၊ အသံတင်းတွေမှာ ဟသံ ပါတယ်"

"သမီးသိပ်နားမလည်ပါဘူး ဘဘ"

"ဒီလိုလေ၊ ပါဠိအသံကို ခဏထားပြီး မြန်မာအသံနဲ့ သာဓကပြပါမယ်၊ ကနဲ့ ခ၊ စနဲ့ ဆ၊ တနဲ့ ထ၊ ပနဲ့ ဖဆိုတဲ့ ၂ သံတွဲ တွေလည်း ဟသံမပါတဲ့ အသံလျော့နဲ့ ဟသံပါတဲ့အသံတင်း ကွာတာပဲ၊ ဒါကြောင့် 'က' ကို 'ဟ' နဲ့တွဲပြီး တစ်ဆက်တည်းဆိုရင် 'ခ' ဖြစ်တယ်။ 'က' ကို အသံအပြည့်မဆိုဘဲ တစ်ဝက်ပဲဆိုပြီး ဟသံတွဲဆိုကြည့်ပါလား။ က်ဟ၊ က်ဟ၊ က်ဟလို့ ဆက်ဆိုရင် 'ခ' ဖြစ်သွားရောလေ"

"က်ဟ၊ က်ဟ၊ က်ဟ၊ ခ၊ ဟာ- ဟုတ်တယ်နော်ဘဘ၊ 'ခ' ဖြစ်သွားပြီ"

"ဟုတ်ပါတယ်။ အဲဒီလိုပဲ 'စ်' နဲ့ 'ဟ' တွဲဆိုရင် ဆ၊ 'တ်' နဲ့ ဟတွဲဆိုရင် ထ၊ 'ပ်' နဲ့ ဟ တွဲဆိုရင် ဖ ဖြစ်တာပေါ့။ အင်္ဂလိပ် စာလုံးနဲ့ အသံလှယ်ပုံကို ကြည့်ရင်လည်း တွေ့နိုင်ပါတယ်။ က၊ စ၊ တ၊ ပ ကို k, s, t, p လို့ရေးပြီး ခ၊ ဆ၊ ထ၊ ဖ ကို kh, sh, th, ph လို့ရေးရတယ် မဟုတ်လား၊ h ဟာ ဟသံပေါ့ကွယ်"

"သြော်...ရှင်းပါတယ်ဘဘ"

"ကဲ...ပါဠိဆီပြန်သွားရအောင်၊ ပါဠိမှာ ဂနဲ့ဃ အသံ မတူဘူး၊ ဂက ဟသံမပါဘူး၊ ဂကိုဟနဲ့တွဲပြီး ဂ်ဟလို့ မြန်မြန်ဆိုရင် ရတဲ့အသံဟာ ဃသံပဲကွဲ့"

"သြော်..."

"အဲဒီလိုပဲ၊ ဇ် နဲ့ 'ဟ' တွဲဆိုမှ ဈဖြစ်တယ်။ ဍ် နဲ့ ဟတွဲဆိုမှ ဎဖြစ်တယ်။ ဒ် နဲ့ ဟတွဲဆိုမှ ဓဖြစ်တယ်။ ဗ် နဲ့ ဟတွဲဆိုမှ ဘဖြစ်တယ်"

"ဟုတ်ကဲ့ပါ"

"သမီးတို့ကြားဖူးတဲ့ သာဓကပြရရင် သံဃာတော်တွေ ကမ္မဝါဖတ်တဲ့အခါ အသံပီပီသသဖတ်ရတာမို့ 'သံဃော' လို့ ဖတ်ရင် 'ဃ' သံကို တင်းတင်းမာမာဖတ်ရတယ်လေ။ ဂ် နဲ့ ဟ ပေါင်းဖတ်တဲ့အသံပေါ့၊ အဲဒီလိုပဲ 'ဗုဒ္ဓ' လို့ဖတ်ရင် 'ဓ' သံကို ဒ် နဲ့ ဟ ပေါင်းဖတ်တဲ့အသံနဲ့ တင်းတင်းမာမာဖတ်ရတယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အဲဒီအသံတွေက ပါဠိမှာ အသံချင်းမတူလို့ အက္ခရာလည်း ကွဲပြားတာပေါ့၊ အဲ...အဲဒီအက္ခရာတွေကို မြန်မာစာအဖြစ် ယူလိုက်တော့ မြန်မာမှာ ဂ နဲ့ ဃ က အသံ အတူတူပဲလေ။ ကျန်တာတွေလည်း အဲဒီလိုပဲ။ ဒီတော့ အသံ တစ်မျိုးတည်းကို အက္ခရာ ၂လုံးဖြစ်နေတာပေါ့။ အသံတူနေ တာပေါ့။ ကဲ...နားကြဦးစို့"

## အားလပ်ရက်ရှည်ကာလ ကော့သောင်းမြို့၌ ပြည်တွင်းပြည်ပခရီးသွားများဖြင့် စည်ကား

**ကော့သောင်း မတ် ၃**

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့သို့ အားလပ်ရက်ရှည်အတွင်း ပင်လယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ယခုအခါ ကော့သောင်းဒေသအတွင်း သဘာဝအလှမပျက်ယွင်း သာယာလှပသည့် ပင်လယ်ကျွန်းများ၊ ခေတ်မီဆန်းသစ်သည့် ဟိုတယ်များ၊ အပန်းဖြေစခန်းများ၊ ပင်လယ်ရေအောက်သဘာဝ ရှုခင်းအလှအပများကို ခံစားရင်း အနားယူအပန်းဖြေရန် စာမေးပွဲများပြီးစီးသည့် ကျောင်းပိတ်ရက်နှင့် အစိုးရရုံးပိတ်ရက်ရှည်ကာလအတွင်း လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများနှင့် ရန်ကုန်မြို့နှင့် ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက် လည်ပတ်ကြသည့် ပြည်ပခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် ပြည်တွင်းခရီးသွားဧည့်သည်များသည် ကော့သောင်း ဒေသပင်လယ်ကျွန်းများရှိ အပန်းဖြေစခန်းနှင့် ဟိုတယ်များသို့ အနားယူ အပန်းဖြေရန်နှင့် ရေငုပ် Snorkeling အပန်းဖြေခြင်းခံစားမှုအား ခရီးသွားလုပ်ငန်းဝန်ဆောင်မှုကုမ္ပဏီများက ကျွမ်းကျင် Snorkeling လမ်းညွှန်များ၏ သင်ကြားပြသမှုဖြင့် ဧည့်သည်ကိုယ်တိုင် Snorkeling ပြုလုပ်နိုင်ခြင်း၊ သဘာဝအလှမပျက် ပင်လယ်ကြမ်းပြင်ရေအောက်ရှုခင်းများ၊ သန္တာကျောက်တန်းများ၊ ရှားပါးလှပသည့် ငါးမျိုးစိတ်မျိုးစုံတို့ကို ကြည့်ရှုခံစားလိုသူများနှင့် ပင်လယ်ရှုခင်းအလှများကို ခံစားရင်း မိသားစုအလိုက် အပန်းဖြေလိုသူများ တစ်နေ့တခြားများပြားလာကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ **ကျော်စိုး (ကော့သောင်း)**



ခရီးသွားဆောင်းပါး

# ဟိုပုံး-ဆီဆိုင်မှသည် ပွန်ချောင်းဂူဆီသို့

**မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း**



တောင်ကြီးမြို့ကအထွက် ဟိုပုံးလမ်းအတိုင်း ကားမောင်းလာတဲ့ ကျွန်တော်တို့ဟာ နံနက်ခင်း ရှမ်းပြည်နယ်အလှတွေကို တစ်ဝကြီးခံစားလို့ရအောင် ဖြည်းဖြည်းမှန်မှန်နဲ့ပဲ ကားကိုမောင်းနှင်လာပါတယ်။ ရှမ်းပြည်နယ်တောင်တန်းတွေ၊ သဘာဝ မြင်ကွင်းတွေ၊ ကြည့်လေတိုင်း စိမ်းညို့နေတဲ့ တောတောင်တွေက တကယ့်ကို အေးမြငြိမ်းချမ်းစရာပါပဲ။ ရာသီဥတုကလည်း ဆောင်းကုန်စ၊ နွေဦးမို့လားမသိ၊ တောင်တန်း၊ တောင်ကြောတွေပေါ်မှာ နှင်းတွေက ဟိုတစ်စ၊ သည်တစ်စ ရစ်ဆိုင်းနေတာမို့ လွမ်းမောစရာကောင်းနေပြန်ပါတယ်။

တောင်ကြီးမြို့ကိုရောက်ခိုက် နောင်ထော်ဒေသမှာရှိတဲ့ ပွန်ချောင်းဂူကို သွားရောက်လေ့လာဖို့ မိတ်ဆွေတွေက တိုက်တွန်းတဲ့အပြင် သူတို့ကိုယ်တိုင်ကားနဲ့လိုက်ပို့ပေးတာကြောင့် ခရီးစဉ်က အဆင်ပြေချောမွေ့သွားပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်ကို နေရာအတော်များများရောက်ရှိ လေ့လာခဲ့ဖူးပြီး သဘာဝလိုဏ်ဂူအချို့ကိုလည်း သွားရောက်လေ့လာခဲ့ဖူးပါတယ်။ ဒါပေမယ့် အခုသွားရောက်မယ့် ပွန်ချောင်းဂူကိုတော့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသေးတဲ့အပြင် ကြားတောင်မကြားမိသေးပါဘူး။ ဒါကြောင့်လည်း နေရာသစ်၊ ခရီးစဉ်သစ်တွေကို စိတ်ဝင်စားတတ်တဲ့ကျွန်တော့်ကို တောင်ကြီးမြို့သား ကျွန်တော့်မိတ်ဆွေတွေဖြစ်တဲ့ စိုင်းသာရင်နဲ့ စိုင်းထွန်းစံတို့က အခုလို ကားနဲ့လိုက်ပို့ပေးခြင်းလည်း ဖြစ်ပါတယ်။

တောင်ကြီး-ဟိုပုံးလမ်းအတိုင်း မောင်းနှင်လာတဲ့ ကျွန်တော်တို့ကားဟာ ဟိုပုံးကို ကျော်ဖြတ်ပြီး နောင်မွန်၊ ဘန်းယဉ်လမ်းအတိုင်း ဦးတည်လာခဲ့ပါတယ်။ ရှမ်းပြည်နယ်တစ်ခွင်မှာ ကားလမ်းတွေကောင်းမွန်လာတာနဲ့အမျှ အရင်က ဖြတ်သွားဖြတ်လာ နည်းပါးတဲ့ကားတွေဟာ အခုတော့ ဥဒဟို မောင်းနှင်သွားလာနေကြတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ အထူးသဖြင့် ခရီးသွားရာသီဖြစ်တဲ့ အခုလို ပွင့်လင်းရာသီကာလတွေမှာ ခရီးသွားမော်တော်ယာဉ်ကြီးတွေ နေ့စဉ်နီးပါးမပြတ်တမ်းလာရောက်ကြတာတွေ့မြင်နေရပါတယ်။ ဒီဒေသဟာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြတာမို့ ဒေသစိုက်ပျိုးထွက်ကုန်တွေကို လတ်လတ်ဆတ်ဆတ်နဲ့ ဈေးနှုန်းသက်သက်သာသာ ဝယ်ယူနိုင်ကြတာကလည်း ခရီးသွားဧည့်သည်တွေအတွက် ဆွဲဆောင်မှုတစ်ရပ်ပါပဲ။


ကျွန်တော်တို့ မော်တော်ယာဉ်က ဆီဆိုင်မြို့ကို ရောက်လာပါတယ်။ ဟိုပုံးကနေဆီဆိုင်အထိ မော်တော်ကားလမ်းက ၂၂ မိုင်ခန့်ကွာဝေးပြီး ဆီဆိုင်ဟာ ဟိုပုံးမြို့ရဲ့တောင်ဘက်စူးစူးမှာ တည်ရှိနေပါတယ်။ ဆီဆိုင်မြို့ဟာ ရှေးမြန်မာဘုရင်များလက်ထက်က စော်ဘွားအုပ်ချုပ်ရာ နယ်မြေဖြစ်ပြီး စည်ကားခဲ့တဲ့ နယ်မြေ တစ်ခုဖြစ်ပါတယ်။ ဆီဆိုင်မြို့ကို ဖြတ်သန်းချိန်မှာတော့ ၁၉၄၇ ခုနှစ်က ပင်လုံစာချုပ်လက်မှတ်ရေးထိုး ခဲ့ရာမှာ ပါဝင်ခဲ့တဲ့ စော်ဘွားဦးဖြူကို သတိရမိပြန်ပါတယ်။ ဝါးတောရွာဇာတိဖြစ်တဲ့ စော်ဘွားဦးဖြူဟာ ပြည်ထောင်စုစိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်မှုကို အလေးထား တန်ဖိုးထားတဲ့ စော်ဘွားတစ်ဦးလည်း ဖြစ်ပါတယ်။

ဆီဆိုင်မြို့ဟာ အခုတော့ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပါဝင်နေပြီး တောင်ကြီးမြို့ကနေ ၄၆ မိုင် ကွာဝေးပေမယ့် ကားလမ်းဆက်သွယ်သွားလာမှု ကောင်းမွန်နေပြီဖြစ်တဲ့ မြို့တစ်မြို့အဖြစ် ရောက်ရှိနေပြီဖြစ်ပါတယ်။ ဆီဆိုင်မြို့ကို ဖြတ်ပြီးတဲ့ နောက်မှာတော့ ကယားပြည်နယ်လမ်းခွဲအတိုင်း မော်တော်ယာဉ်ကို ဆက်လက်မောင်းနှင်လိုက်တဲ့အခါ နောင်ထော်ဆိုတဲ့ဆိုင်းဘုတ်ရှိရာကို ရောက်လာပါတယ်။ နောင်ထော်ဆိုတာ ကျွန်တော်တို့သွားမယ့် ပွန်ချောင်းဂူဆီသို့ သွားရာလမ်း အစပဲဖြစ်တယ်လို့ ကျွန်တော့်မိတ်ဆွေ စိုင်းထွန်းစံက ပြောပြတာမို့ စိတ်လှုပ်ရှားသွားတာတော့အမှန်ပါပဲ။

တောင်ကြီးမြို့ကနေပြီး ပွန်ချောင်းဂူဆီကိုသွားမယ်ဆိုရင် လမ်းနှစ်လမ်းရှိပါတယ်။ ကျွန်တော်တို့အခုလာခဲ့တဲ့ တောင်ကြီး-ဟိုပုံး-နောင်မွန်- ဆီဆိုင်၊ နောင်ထော်လမ်းနဲ့ နောက်တစ်လမ်းက တောင်ကြီး-ကျောက်တစ်လုံးကြီး-ကက္ကူ-ဘန်းယဉ် လမ်းခွဲ-ဆိုက်ခေါင်-ဆီဆိုင်-နောင်ထော် လမ်းပဲဖြစ်ပါတယ်။ ဘယ်လမ်းက သွား သွား အဆင်ပြေတယ်ဆိုပေမယ့် သဘာဝပတ်ဝန်းကျင်မြင်ကွင်းအပြောင်းအလဲ ကြောင့် နှစ်သက်ရာလမ်းက ရွေးချယ်ပြီးသွားရင်ရပါတယ်။ တောင်ကြီးမြို့ကနေပြီး နောင်ထော်အထိဆိုရင်တော့ မိုင် ၆၀ ကျော်ခန့်ကွာဝေးပါတယ်။

နောင်ထော်ကနေပြီး ပွန်ချောင်းဂူအထိ ၁၂ မိုင်ခန့်ဝေးတာမို့ ကားနဲ့ဖြည်းဖြည်းချင်းမောင်းဝင်ရပါတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ ချောက်ကမ်းပါးကြီးတွေရှိနေတာမို့ ကားစီးရတာ စိုးတထိတ်ထိတ်နဲ့ ရင်ဖိုစရာဖြစ်ပါတယ်။ ပွန်ချောင်းဂူရှိရာကို ရောက်တဲ့အခါ အခြားဂူတွေနဲ့ မတူတာကို သတိပြုမိတာမို့ မေးမြန်းကြည့်တဲ့အခါ ပွန်ချောင်းဂူဟာ ရေချောင်းဂူဖြစ်တယ်လို့ သိလိုက်ရပါတယ်။ ဒါကြောင့်မို့ ဂူပင်မလမ်းကြောင်းရဲ့ မြေနိမ့်တဲ့နေရာမှာ ရေစီးဆင်းတဲ့လမ်းကြောင်းတွေမြင်တွေ့နေရခြင်းဖြစ်ပါတယ်။ အဲဒီနေရာဟာ မိုးရာသီဆိုရင် ရေစီးဆင်းရာ စမ်းချောင်းလိုမျိုးဖြစ်သွားတယ်လို့ စိုင်းထွန်းစံကပြောပြပါတယ်။

> “တောင်ကြီးမြို့ကနေပြီး ပွန်ချောင်းဂူဆီကိုသွားမယ်ဆိုရင် လမ်းနှစ်လမ်းရှိပါတယ်။ ကျွန်တော်တို့အခု လာခဲ့တဲ့ တောင်ကြီး-ဟိုပုံး-နောင်မွန်- ဆီဆိုင်၊ နောင်ထော်လမ်းနဲ့ နောက်တစ်လမ်းက တောင်ကြီး-ကျောက်တစ်လုံးကြီး-ကက္ကူ-ဘန်းယဉ်လမ်းခွဲ-ဆိုက်ခေါင်-ဆီဆိုင်-နောင်ထော်လမ်းပဲဖြစ်ပါတယ်”



ကျွန်တော်တို့ ဂူအတွင်းဝင်ရောက်လာခဲ့ရာမှာ ရေတံခွန်လို ရေစီးကျတဲ့ ကျောက်လွှာ အထပ်လိုက်ဖြစ်နေတဲ့ နေရာတစ်ခုကို တွေ့မြင်ရပါတယ်။ လူတွေက တမင်ဖန်တီးပြုလုပ်ထားသလိုမျိုး မြင်ရပေမယ့် ဒါဟာ သဘာဝအတိုင်းဖြစ်တည်နေခြင်းဖြစ်တယ်လို့ သိရှိရပါတယ်။ ဂူအတွင်းမှာတော့ ဂူအပေါ်မျက်နှာကြက်နံရံကနေပြီး သဘာဝအလျောက် ကျဆင်းနေတဲ့ကျောက်တိုင်ကြီးတွေကို တွေ့မြင်နေလို့ ဒီလိုကျောက်ခက်ပန်းဆွဲတွေကို အခုလို ကြီးကြီးမားမားတွေ့ရတာ ပထမဆုံးပါပဲ။

ဂူအတွင်းဝင်ရောက်တဲ့အခါ လျှပ်စစ်မီးရောင်ရှိတဲ့နေရာတွေမှာသာ မြင်ကွင်းကရှင်းရှင်းလင်းလင်း မြင်တွေ့ရပေမယ့် အလင်းရောင် မရောက်တဲ့ဂူတွင်းနေရာတွေကတော့ မည်းမှောင်နေပါတယ်။ ဒီလိုလိုဏ်ဂူအတွင်း ဝင်ရောက်ကြည့်ရှုလေ့လာဖို့အတွက် တောင်အောက်ဂူဆရာတော်ထံ ခွင့်ပန်ပြီး မီးစက်နှိုးပေးခိုင်းဖို့ လျှောက်တင်ခဲ့တာကြောင့် အခုလိုဂူအတွင်းမှာ လျှပ်စစ်မီးလုံးတွေနဲ့ အလင်းရောင်နဲ့မြင်တွေ့ရခြင်းဖြစ်ပါတယ်။

အခုလို လျှပ်စစ်မီးကလည်း ဂူအတွင်းပိုင်း ပေ ၁၀၀၀ ကျော်အထိပဲရှိနေတာမို့ ဒီအတိုင်းအတာအတွင်းမှာပဲ ကြည့်ရှုလေ့လာခွင့်ရရှိတာပဲဖြစ်ပါတယ်။ ဂူအတွင်းကျောက်စက်ပန်းဆွဲတွေ၊ ကျောက်သားအရစ်လိုက် အထပ်လိုက်ဖြစ်နေတဲ့ ဂူနံရံတွေကို မြင်တွေ့ရပြီး ထူးထူးခြားခြားဖြစ်ပေါ်နေတဲ့ ဂူနံရံနေရာအချို့ကိုလည်း မြင်တွေ့ရပါတယ်။ ဒ့ါအပြင် ဂူအတွင်းပေ ၉၀၀ လောက်ဝင်ရောက်သွားတဲ့အခါ ဗုဒ္ဓဆင်းတုတော်အချို့ကို ဖူးတွေ့ရပါတယ်။ သဘာဝလိုဏ်ဂူဖြစ်တာမို့ သဘာဝအတိုင်းဖြစ်တည်နေတဲ့ ဂူအတွင်းပိုင်းကျောက်သားနံရံတွေ၊ ဂူကြမ်းပြင်နဲ့ မျက်နှာပြင်တွေကို ထိတွေ့လေ့လာခွင့်ရရှိစေပါတယ်။

ဂူအတွင်းပေ ၁၀၀၀ လောက်မှာ လျှပ်စစ်မီးရောင်မရှိတော့တာမို့ ကျွန်တော်တို့မှာ အသင့်ပါလာတဲ့ လက်နှိပ်ဓာတ်မီးတွေနဲ့ ရှေ့ကိုထိုးပြီး လေ့လာကြည့်တဲ့အခါ ရေတံခွန်ငယ်တစ်ခုနဲ့ စမ်းချောင်းငယ်တစ်ခုကိုတွေ့ရပါတယ်။ ဂူအတွင်းမှာဖြစ်လို့ ရေကတော့အေးစက် နေတာပါပဲ။ ရေတံခွန်ငယ်တွေရှိနေတာမို့ ပွန်ချောင်းဂူကို ရေချောင်းဂူလို့ သတ်မှတ်တာလားလို့အတွေးဝင်မိပြန်ပါတယ်။

ဂူအတွင်းမှာ ဓာတ်မီးရောင်ပိတ်လိုက်ရင်မှောင်မည်းနေတာမို့ ကျွန်တော်တို့ ဂူအတွင်းပိုင်းအထိ ဆက်မသွားတော့ဘဲ ပြန်လှည့်လာခဲ့ကြပါတယ်။ ဂူအတွင်းပိုင်းပေ ၃၀၀၀ လောက်မှာ ခန်းမကျယ်ကြီး တစ်နေရာကို ရောက်ရှိသွားမှာဖြစ်သလို ရှေ့ဆက်သွားရင် ဒီထက်ကျယ်ပြန့်တဲ့ ဂူအတွင်းပိုင်းနေရာကိုလည်း ရောက်ရှိသွားမှာဖြစ်တယ်လို့ အတူပါလာတဲ့ မိတ်ဆွေတွေက ပြောပြပါတယ်။

ပွန်ချောင်းဂူကို လေ့လာရေးအဖွဲ့တစ်ဖွဲ့က မနက်မှ ညနေစောင်းအထိဝင်သွားပြီး ပြန်ထွက်လာခဲ့တာတောင် ဂူအဆုံးပိုင်းအထိ မရောက်ခဲ့ဘူးလို့ပြောသံလည်း ကြားသိခဲ့ရပါတယ်။

တကယ်တော့ ပွန်ချောင်းဂူဟာ ထူးခြားတဲ့ သဘာဝဂူဖြစ်ပြီး သဘာဝလိုဏ်ဂူတွေကို လေ့လာလိုသူတွေ၊ သဘာဝအလှတရားတွေကို မျက်မြင်ထိတွေ့လေ့လာလိုသူတွေအတွက် သွားရောက်သင့်တဲ့ ခရီးစဉ်တစ်ခုအဖြစ် တည်ရှိနေပါတယ်။ ဒ့ါအပြင် သဘာဝတရားကိုတန်ဖိုးထားလေ့လာလိုတဲ့ နိုင်ငံတကာ ခရီးသွားဧည့်သည်တွေလာရောက်နိုင်ဖို့ ယခုထက်ပိုပြီး ဖြည့်ဆည်းဆောင်ရွက်ထားမယ်ဆိုရင်တော့ စိတ်ဝင်စားစရာကောင်းတဲ့ ခရီးစဉ်သစ်တစ်ခုဖြစ်လာမှာ သေချာပါတယ်။

ပွန်ချောင်းဂူကပြန်ထွက်ချိန်မှာ ညနေ ၃နာရီခန့်ရှိနေပြီဖြစ်ပါတယ်။ အပြန်မှာကားပေါ်က လှမ်းပြီးကြည့်လိုက်တဲ့အခါ စိမ်းညို့နေတဲ့တောင်ကြောပေါ်မှာ ပွန်ချောင်းဂူက ခံ့ထည်တည်ငြိမ်စွာနဲ့ နှုတ်ဆက်နေသလိုပါပဲ။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။**

# ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်မည်

**ခင်ရတနာ**

နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်တစ်ရပ်ဖြစ်သည့် ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်နိုင်ရေးသည် အလွန်အရေးကြီးသည်။ မြန်မာနိုင်ငံသား လူငယ်လူရွယ်များအဖို့ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများသည် ပေါ်ပေါက်လျက်ရှိပြီး ယင်းကို အောင်မြင်အောင်၊ အသုံးချတတ်အောင် လေ့ကျင့်သင်ကြားခြင်းဖြင့် နိုင်ငံသားများ ဝင်ငွေတိုးပွားလာမည် ဖြစ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှလည်း အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်း၊ ပြည်ပတို့တွင် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်စေရေးတို့ကို ဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီအပါအဝင် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၂၅၈ ခုကိုလည်း ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကာတာနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ မကာအိုနိုင်ငံနှင့် ယူအေအီးနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ပေးလျက်ရှိသည်။

ယင်းတို့အနက်မှ လူငယ်များအကြား ရေပန်းစားပြီး ငွေကျပ် ဆယ်သိန်းမျှပင်မကုန်ဘဲ ကြိုးစားလျှင် အခွင့်အရေးရရှိနိုင်သဖြင့် သွားရောက်အလုပ်လုပ်ကိုင်လိုသူ များပြားသည့် ကိုရီးယားသမ္မတနိုင်ငံသို့ တရားဝင်အလုပ်သမားစေလွှတ်မှုကို နှစ်စဉ်ဆောင်ရွက်နေခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက်လည်း အလုပ်လုပ်ခွင့်များ မကြာမီ လျှောက်ထားနိုင်တော့မည်ဖြစ်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးနှင့် တွေ့ဆုံ၍ ကိုရီးယားသမ္မတနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခြင်းဆိုင်ရာများ အကြောင်းကို မေးမြန်းထားပါသည်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံကို အလုပ်သမားစေလွှတ်ဖြစ်တဲ့အကြောင်းကို ပြောပြပေးပါ။**

ဖြေ။ ။ ကိုရီးယားသမ္မတနိုင်ငံကို အလုပ်သမားတွေ စေလွှတ်ဖို့အတွက် ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နဲ့ အလုပ်သမားဝန်ကြီးဌာနရဲ့ တောင်းဆိုချက်နဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ် အမှတ် ၅ ရပ်ကွက် နဂါးရုံဘုရားလမ်းမှာ ၂၀၁၀ ပြည့်နှစ်ကတည်းက အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီကို ဖွဲ့စည်းခဲ့တာပါ။ ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန၊ ကိုရီးယားလူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Human Resource Development Services of Korea- HRD Korea) ကနေ ဒါရိုက်တာတစ်ဦးခန့်ထားပြီး ကျွန်မတို့ဝန်ကြီးဌာန၊ အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီနဲ့အတူ ပူးပေါင်းပြီး အလုပ်သမားတွေ စေလွှတ်ပေးတာဖြစ်ပါတယ်။ အဲလိုစေလွှတ်တဲ့နေရာမှာ အလုပ်လုပ်ကိုင်ခွင့်စနစ် (Employment Permit System) အရ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို ကျွန်မတို့ဝန်ကြီးဌာနနဲ့ ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့ ၂၀၀၇ နိုဝင်ဘာကတည်းက လက်မှတ်ရေးထိုးထားတာဖြစ်ပြီး လုပ်သားဈေးကွက်ရှာဖွေတာ၊ သတင်းအချက်အလက်ဖြန့်ဝေတာ၊ အလုပ်သမားတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ဥပဒေပါ အခွင့်အရေးနဲ့ အကျိုးခံစားခွင့်တွေ ရရှိအောင်ဆောင်ရွက်တာ၊ ကာကွယ်စောင့်ရှောက်ပေးဖို့အတွက် စီစဉ်တာတွေကို လုပ်ခဲ့ပြီး အလုပ်သမားအရေးကိစ္စတွေအတွက်လည်း အလုပ်သမား သံအရာရှိတစ်ဦးကို ဆိုးလ်မြို့မှာ ၂၀၁၁ ခုနှစ်ကတည်းက စတင်ခန့်ထားပေးခဲ့ပါတယ်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်တာက အခြားနိုင်ငံတွေရော ပါသေးလား။**

ဖြေ။ ။ ကိုရီးယားသမ္မတနိုင်ငံက အလုပ်လုပ်ခွင့်စနစ်နဲ့ အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံအပြင် ကာဂျစ်စတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ လာအိုနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ နီပေါနိုင်ငံနဲ့ တရုတ်နိုင်ငံတွေနဲ့လည်း လက်မှတ်ရေးထိုးပြီး အလုပ်သမားတွေကို လက်ခံပေးနေတာဖြစ်ပါတယ်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံမှာ သွားရောက်လုပ်ကိုင်ကြတဲ့ အလုပ်သမားတွေဟာ ဘယ်လိုလုပ်ငန်းတွေမှာ ဝင်ရောက် လုပ်ကိုင်ကြရပါသလဲ။**

ဖြေ။ ။ ကိုရီးယားသမ္မတနိုင်ငံမှာရှိတဲ့ ကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေမှာ အဓိကလုပ်ကိုင်ကြရတာ ဖြစ်ပါတယ်။ အသက် ၁၈ နှစ်ကနေ ၃၉ နှစ်အတွင်းရှိပြီး ကျန်းမာရေးကောင်းမွန်တဲ့ အမျိုးသားတွေ၊ မိမိနိုင်ငံကနေ ပြည်ပကို ထွက်ခွာဖို့အတွက် တားမြစ်ခြင်းမခံထားရသူတွေနဲ့ ကိုရီးယားသမ္မတနိုင်ငံကို ခိုးဝင်ခဲ့ခြင်းမရှိသူတွေ အားလုံးဟာ ကိုရီးယားသမ္မတနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ အခွင့်အလမ်းရှိပါတယ်။




**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံမှာ အလုပ်လုပ်ဖို့အတွက် ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုအတွက် လိုအပ်ချက်တွေ အကြောင်းကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲအတွက် ပြဋ္ဌာန်းစာအုပ်ရှိပါတယ်။ ၂၀၁၅ ခုနှစ်က ထုတ်ထားပြီး The Standard Test Book for EPS-TOPIK ဖြစ်ပါတယ်။ ကိုရီးယားသမ္မတနိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းရဲ့ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ http://www.hrdkorea.or.kr/ 3/3/3/2/1 ; http://epstopik.hrdkorea.or.krhttp://www.facebook.com/WOWHRDKOREA EPS; http:// www. eps.go.kr တွေမှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

**မေး။ ။ ကိုရီးယားဘာသာစကား အရည်အချင်းစစ်အောင်မြင်သွားရင် ဘယ်လိုကျွမ်းကျင်မှုတွေ လိုအပ်ပါသေးသလဲ။**

ဖြေ။ ။ ကိုရီးယားဘာသာစကား အရည်အချင်းစစ် EPS-TOPIK အောင်မြင်ပြီးသွားရင် အခြေခံကျွမ်းကျင်မှုနဲ့ လုပ်ကိုင်နိုင်မှုစွမ်းရည်ကို ထပ်မံစစ်ဆေးခံကြရမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဩဂုတ်လကတည်းက ကိုရီးယားဘာသာစကား အရည်အချင်းစစ်ဆေးတဲ့ စာမေးပွဲရမှတ်အပြင် ယင်းနှစ်ခု ပေါင်းထည့်ပြီး Recruitment Point System ဖြစ်တဲ့ အမှတ်ပေးစနစ်နဲ့ အလုပ်ခန့်ထားမှုကို ပြင်ဆင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အောင်မြင်သူတွေကတော့ အလုပ်လျှောက်လွှာတင်သွင်းတဲ့ အချက်အလက်တွေကို အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီကနေ HRD-Korea ကို သတ်မှတ်ရက်အတွင်း အချိန်မီပေးပို့သွားမှာ ဖြစ်ပါတယ်။ ပြီးရင် ကိုရီးယားသမ္မတနိုင်ငံက အလုပ်ရှင်တွေက အွန်လိုင်းကနေတစ်ဆင့် တန်းစီဇယားမှာ အမည်ပါရှိသူတွေကို ရွေးချယ်ခေါ်ယူပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ သူတို့အလုပ်ရှင်ဘက်က ရွေးချယ်ပြီး အလုပ်ခေါ်စာရရှိခဲ့ရင် ဘယ်လိုလုပ်ငန်းစဉ်တွေ လုပ်ဆောင်ကြရမလဲ သိလိုပါတယ်။**

ဖြေ။ ။ အလုပ်ခေါ်စာရရှိထားသူတွေကို ကိုရီးယားဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဘာသာရပ်တွေကို အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီနဲ့ ကိုရီးယားနိုင်ငံသား သင်တန်းဆရာတစ်ဦး၊ ကိုအီကာက စေတနာ့ဝန်ထမ်းဆရာတစ်ဦးတို့ကနေ Pre-departure Training Course ကို ထပ်မံသင်ကြားပို့ချပေးမှာ ဖြစ်ပါတယ်။ ဒီနောက်မှာ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီနဲ့ အလုပ်သမားတို့အကြား ခံဝန်စာချုပ် ချုပ်ဆိုပြီး ပြည်ဝင်ဗီဇာရရှိတာနဲ့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီက တာဝန်ရှိသူတွေကိုယ်တိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လိုက်ပါပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံကို ရောက်လာကြမယ့် မြန်မာအလုပ်သမားတွေအတွက် အစီအမံတွေရော ရှိသေးလား။**

ဖြေ။ ။ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်ကို ရောက်တာနဲ့ လေဆိပ်မှာ မြန်မာအလုပ်သမားသံအရာရှိနဲ့ HRD Korea က တာဝန်ရှိသူတွေက လာရောက်ကြိုဆိုပေးကြမှာပါ။ ပြီးရင် သင်တန်းကျောင်းမှာ ကျန်းမာရေးစစ်ဆေးတာ၊ သုံးရက်လုပ်ငန်းခွင်သင်တန်းတက်တာတွေ လုပ်ကိုင်ကြရမှာပါ။ သင်တန်းပြီးဆုံးရင် သက်ဆိုင်ရာလုပ်ငန်းခွင်များရှိရာ သွားရောက်အလုပ်လုပ်ကိုင် ကြရမှာဖြစ်ပါတယ်။

**မေး။ ။ အများစုစိတ်ဝင်စားကြတဲ့ အလုပ်ရဖို့အတွက် လိုအပ်ချက်တွေနဲ့ အလုပ်သွားရောက် လုပ်ကိုင်နိုင်ဖို့အတွက် ရွေးချယ်တဲ့ပုံစံကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ အလုပ်ခေါ်စာစောင့်ဆိုင်းနေသူတွေအနေနဲ့ အလုပ်လျှောက်ထားချိန်ကနေစပြီး ကိုရီးယားသမ္မတနိုင်ငံကို ရောက်တဲ့အချိန်အထိ အလုပ်ရှင်ရွေးချယ်တဲ့ နေ့ရက်၊ ဝင်ရောက်ရမယ့် နေ့ရက်တွေအပါအဝင် နှစ်နိုင်ငံဆောင်ရွက်မှုလုပ်ငန်းအားလုံးကို HRD- Korea Website ကနေ လုပ်သားတစ်ဦးချင်းအတွက် ထုတ်လွှင့်ပေးနေပါတယ်။ အင်တာနက်ကနေ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ အလုပ်လုပ်လိုတဲ့ သူတွေဟာ ပဏာမဆေးစစ်မှု အောင်မြင်မှသာ အလုပ်လျှောက်လွှာတင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ အလုပ်လျှောက်လွှာတင်ပြီး လိုအပ်တဲ့အရည်အချင်းပြည့်မီရင် အလုပ်ခေါ်စာရရှိမှာဖြစ်ပါတယ်။ အလုပ်ခေါ်စာရရင် ထပ်မံဆေးစစ်ပြီး ဆေးအောင်သူတွေဟာ ကိုရီးယားသမ္မတနိုင်ငံကို ဝင်ခွင့်ရရှိသွားကာ HRD- Korea သင်တန်းကျောင်းမှာ အပြီးသတ်စစ်ဆေးမှုကို ခံယူပြီး ဆေးအောင်သူတွေဟာ လုပ်ငန်းခွင်ကို ဝင်ရောက်ကြရမှာပါ။ အဆင့်တိုင်းဟာ တိကျမှုရှိပြီး အရေးကြီးတာကြောင့် သွားလိုသူတွေအားလုံး နားလည်သဘောပေါက်ဖို့က အလွန်အရေးကြီးပါတယ်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံမှာ သွားရောက်လုပ်ကိုင်ခဲ့ပြီး နောက်တစ်ခေါက်ထပ်သွားချင်တဲ့ သူတွေအနေနဲ့ ဘယ်လို လုပ်ဆောင်လို့ရပါသလဲ။**

ဖြေ။ ။ အလုပ်သမား ၃၀ အောက်ရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေနဲ့ အလုပ်သမား ၅၀ အောက်ရှိတဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ လုပ်ငန်းဌာနမရွှေ့ပြောင်းဘဲ တစ်ဆက်တည်း လုပ်သက် ၄ နှစ် ၁၀ လလုပ်ခဲ့ပြီး ထပ်မံလုပ်ကိုင်ဖို့အတွက် အလုပ်ရှင်နဲ့ အလုပ်သမားသဘောတူစာချုပ် ချုပ်ဆိုခဲ့သူတွေဟာ မိခင်နေရပ်ကို ပြန်လာပြီး အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီနဲ့ ချိတ်ဆက်ကာ သုံးလကြာတဲ့နောက် EPS-TOPIK စာမေးပွဲဖြေစရာမလိုဘဲ RE- ENTRY SYSTEM နဲ့ နောက်ထပ် အလုပ်လုပ်သက် ၄ နှစ် ၁၀ လ ထပ်မံလုပ်ကိုင်နိုင်တဲ့ ပြန်လည်ထွက်ခွာခွင့်ကို ၂၀၁၂ ခုနှစ်ကတည်းက ခွင့်ပြုပေးခဲ့ပါတယ်။

ဒါတင်မကသေးပါဘူး။ ကိုရီးယားသမ္မတနိုင်ငံမှာ အနည်းဆုံး သုံးနှစ်ထက်ပိုပြီး ကောင်းကောင်းမွန်မွန်နဲ့ အလုပ်လုပ်ကိုင်ခဲ့မယ်၊ ပြန်လာခဲ့မယ်၊ နောက်တစ်ခေါက်ထပ်မံပြီး သွားရောက်လုပ်ကိုင်လိုသူတွေကိုလည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှာ Computer Based Test ဖြေဆိုပြီး အောင်မြင်တယ်ဆိုရင် Special EPS-TOPIK နဲ့ စေလွှတ်ပေးနေပါတယ်။

**မေး။ ။ ၂၀၁၈ ခုနှစ်အတွက် အမှတ်ပေးစနစ်နဲ့ အလုပ်ခန့်ထားမှုအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုလိုသူတွေကို စတင်လက်ခံပေးတော့မယ့် အစီအစဉ်ကိုလည်း ရှင်းပြပေးပါ။**

ဖြေ။ ။ ၂၀၁၈ ခုနှစ်အတွက်က မတ်လ ၁၂ ရက်ကနေ မတ်လ ၁၅ ရက်အထိ အမှတ်ပေးစနစ်နဲ့ အလုပ်ခန့်ထားမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုဖို့ လျှောက်လွှာတွေ ထုတ်ယူတာ၊ တင်သွင်းတာ ပြုလုပ်ကြရမှာပါ။ နေရာကတော့ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၊ ၄၃ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနဲ့ မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၊ အမှတ် ၂၅၀ ကနောင်မင်းသားကြီးလမ်း ၄၇-၄၈ လမ်းကြား စက်မှုဇုန် (၂) ပြည်ကြီးတံခွန်မြို့နယ်တွေမှာ ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ ကိုရီးယားသမ္မတနိုင်ငံကို အလုပ်လုပ်ဖို့ လူငယ်တွေ ဘာကြောင့် စိတ်ဝင်စားကြတာလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ ကိုရီးယားသမ္မတနိုင်ငံရဲ့ အလုပ်လုပ်ခွင့်စနစ် Employment Permit System က အိုင်အယ်လ်အိုရဲ့ စံနှုန်းတွေနဲ့ ကိုက်ညီတဲ့ ကောင်းမွန်တဲ့ အလုပ်အကိုင်ရွေးချယ်မှု စနစ်ဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမားနဲ့ အစိုးရအကြား ပွင့်လင်းမြင်သာတဲ့ အလုပ်ခေါ်ယူမှုစနစ်ဖြစ်ပြီး ခေါ်ယူရာမှာလည်း ကုန်ကျစရိတ် အနည်းငယ်နဲ့ သင့်တင့်ကောင်းမွန်တဲ့ လစာရရှိခံစားနိုင်တဲ့အပြင် ကောင်းမွန်တဲ့အတွေ့အကြုံတွေကိုလည်း မြန်မာအလုပ်သမားတွေ ရရှိလေ့လာဆည်းပူး နိုင်တာကြောင့် အလုပ်သွားရောက် လုပ်ကိုင်ကြတဲ့ ရွှေ့ပြောင်း အလုပ်သမားတိုင်းရဲ့ မျှော်လင့်ချက်တစ်ခု ဖြစ်လာတာပါ။ ကျွန်မတို့အနေနဲ့လည်း မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ အဆင်ပြေပြေနဲ့ လုံခြုံစိတ်ချရစွာ ပြည်ပမှာ အလုပ်လုပ်ကိုင်ကြပြီး မိမိနိုင်ငံကို ပြန်လည်ရောက်ရှိလာတဲ့အခါမှာလည်း မျှဝေအသုံးချတတ်ကြဖို့နဲ့ မြန်မာနိုင်ငံသားတွေအတွက် အခိုင်အမာရရှိပြီးသော ပြည်ပအလုပ်အကိုင်ဈေးကွက်ကောင်းတစ်ခု အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေလိုပါတယ်လို့ စေတနာကောင်းနဲ့ ပြောလိုပါတယ်။ ။

**ကိုရီးယားသမ္မတနိုင်ငံသို့ စေလွှတ်ဦးရေနှင့် တစ်နာရီလုပ်ခလစာအခြေခံနှုန်းများ**

| စေလွှတ်သည့်ခုနှစ် | စေလွှတ်ပြီးသည့်လူဦးရေ | အခြေခံလစာ (တစ်နာရီလုပ်အားခ) |
|---|---|---|
| ၂၀၁၁ | ၁၉၇၀ | ၄၃၂၀ |
| ၂၀၁၂ | ၃၆၆၈ | ၄၅၈၀ |
| ၂၀၁၃ | ၄၀၀၅ | ၄၈၆၀ |
| ၂၀၁၄ | ၄၄၈၆ | ၅၂၁၀ |
| ၂၀၁၅ | ၄၄၇၂ | ၅၅၈၀ |
| ၂၀၁၆ | ၅၇၃၃ | ၆၀၃၀ |
| ၂၀၁၇ | ၅၃၈၉ | ၆၄၇၀ |
| ၂၀၁၈ (ဇန်နဝါရီလအထိ) | ၉၁၇ | ၇၅၃၀ |
| **စုစုပေါင်း** | ၃၀၆၄၀ | |

## ကျောင်းပေါင်း ၅၀၀၀ သို့ အင်တာနက်အခမဲ့ချိတ်ဆက်ပေးမည်

**ရန်ကုန် မတ် ၃**

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာဖြစ်လာသည့် mytel က မြန်မာနိုင်ငံသားများ အသိပညာဗဟုသုတများ ပိုမိုတိုးပွားလာစေရန်အတွက် ရည်ရွယ်ကာ နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များအပါအဝင် ကျောင်းပေါင်း ၅၀၀၀ သို့ အခမဲ့ အင်တာနက်ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းများသို့ အင်တာနက် အခမဲ့ချိတ်ဆက်ပေးရာတွင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလမ်းညွှန်ပေးသော ဖိုက်ဘာဆက်ကြောင်းများနှင့်နီးသော ကျောင်းများကို ဦးစားပေးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် အင်တာနက်ကို ကန့်သတ်ချက်မရှိ အသုံးပြုနိုင်အောင်လည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာ mytel သည် ယခုမတ်လအတွင်းစတင်ကာ အများပြည်သူသို့ဆက်သွယ်ရေးဝန်ဆောင်မှုပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီတွင် ဆက်သွယ်ရေးလိုင်စင်ရရှိခဲ့ကြောင်း၊ ၁၅ နှစ် လိုင်စင်သက်တမ်းဖြစ်ကြောင်း၊ အမေရိကန်ဒေါ်လာနှစ်ဘီလီယံရင်းနှီးမြှုပ်နှံထားကြောင်း၊ မြန်မာနိုင်ငံသားပိုင် ၅၁ ရာခိုင်နှုန်းနှင့် ဗီယက်နမ် ပိုင် ရှယ်ယာ ၄၉ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။ **မြင့်မောင်စိုး**

## အင်းတော်မြို့တွင် မြို့တော်ခန်းမဆောက်လုပ်

**အင်းတော် မတ် ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခန့်မှန်းကုန်ကျငွေ ၃၂ ဒသမ ၈၅ သန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် မြို့တော်ခန်းမ ဆောက်လုပ်မည်ဖြစ်သည်။ အဆောက်အအုံအတိုင်းအတာမှာ (၁၆၅×၈၀) ပေ သံဖရိန်တစ်ထပ်အမျိုးအစားဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမြို့တော်ခန်းမကို အင်းတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖပူးပေါင်းအဖွဲ့တို့က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဆွေ**

## မိုင်းတုံမြို့နယ်ဆေးရုံ တိုးချဲ့လူနာဆောင်သစ်ပေးအပ်ပွဲ ကျင်းပ



**မိုင်းတုံ မတ် ၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်မိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံ၌ တိုးချဲ့လူနာဆောင်ပေးအပ်ပွဲကို မတ် ၂ ရက် နံနက် ၁၀ နာရီက တိုးချဲ့လူနာဆောင်သစ်တွင် ကျင်းပသည်။ အဆိုပါအခမ်းအနားကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုးချဲ့လူနာဆောင်သစ်ဆောက်လုပ်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ လှူဒါန်းငွေကျပ်သိန်း ၂၆၀ အပြင် တိုးချဲ့လူနာဆောင်ဆောက်လုပ်ပြီးစီးသည်အထိ အထွေထွေတာဝန်ယူလှူဒါန်းသည့် ဝမ်ဟုန်ရော်ဘာစိုက်ပျိုးရေးကုမ္ပဏီပိုင်ရှင် ဦးစိုင်းလုံတစ်(ကိုယ်စား) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာက တိုးချဲ့ဆောင်ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီးနောက် ရပ်မိရပ်ဖ ဆရာဦးကျော်ညွန့်က ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် မိုင်းတုံမြို့နယ်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်နှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြစ်သားမြို့တွင် နွေကျောင်းပိတ်ရက် အခမဲ့ပန်းချီအခြေခံသင်တန်းဖွင့်

**မြစ်သား မတ် ၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ပန်းသီတာဥယျာဉ်သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဦးဆောင်ကျင်းပသည့် အခမဲ့ပန်းချီအခြေခံသင်တန်း စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ပန်းသီတာဥယျာဉ်အတွင်း၌ မတ် ၁ ရက် နံနက် ၉နာရီက ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သင်းမြမြသင်းက သင်တန်းတက်ရောက်လာသော ကျောင်းသားလူငယ်များအား အားပေးစကား ပြောကြားပြီး ပန်းသီတာဥယျာဉ်သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ပုံဆွဲစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ဖြန့်ဝေပေးသည်။ ထို့နောက် ပန်းချီဆရာကြီးများက စတင်သင်ကြားပေးရာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသားလူငယ် စုစုပေါင်း ၃၄၀ တက်ရောက် သင်ကြားကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



## ဆံတော်ရှင်ဘုရားရှိရာ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော် တပေါင်းပွဲတော်နှင့် ဇွဲကပင်တောင်ပေါ်သို့တက်ရောက်သူများပြား

**ဘားအံ မတ် ၃**



ကရင်ပြည်နယ်၏အထင်ကရ ဘားအံမြို့တွင်ရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ရှင်အစစ်ကိန်းဝပ် စံပယ်တော်မူသော စေတီတည်ရှိရာ ဇွဲကပင်တောင်အား အစွဲပြု၍ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တပေါင်းလပြည့်တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဇွဲကပင်တောင်ပေါ်သို့ ပွဲတော်ကာလ တက်ရောက်သူများပြားလျက်ရှိကြောင်း သိရသည်။

ဇွဲကပင်တောင် ဆံတော်ရှင် စေတီတော်သည် ကျိုက်ထီးရိုးစေတီ၊ ဇင်းကျိုက်တောင်စေတီနှင့် မုလအိစေတီတော်များနှင့် ဆက်စပ်လျက်ရှိနေပြီး မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် ရသေ့ညီနောင် နှစ်ပါးက မြတ်စွာဘုရားထံတော်မှ ရရှိခဲ့သော ဆံတော်ခြောက်ဆူအနက် ဇွဲကပင်တောင်စေတီတွင် တစ်ဆူ၊ ကျိုက်ထီးရိုး စေတီတော်တွင် သုံးဆူ၊ ဇင်းကျိုက်တောင်စေတီတွင် သုံးဆူ၊ ကေလာသတောင်စေတီတွင် တစ်ဆူ ဌာပနာပြု ပူဇော်ခဲ့သည်ဟု သိရသည်။ ဇွဲကပင်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၃၄ ပေမြင့်ပြီး၊ ဘားအံမြို့၏တောင်ဘက် ခုနစ်မိုင်အကွာတောင်နှင့်မြောက် မိုင် ၂၀ ခန့်မျှ သွယ်တန်း ရှည်လျားလျက်ရှိပြီး တောင်ခြေမှ တောင်ပေါ်ထိ ပုံမှန်နှုန်းဖြင့် ခြေကျင်တက်ရောက်ပါက ၂ နာရီကြာမျှ တက်ရကြောင်း သိရသည်။

ဇွဲကပင်တောင်ဆရာတော် ဦးကဝိဓဇ (ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)အရှင်သူမြတ် ဦးဆောင်ကာ ဇွဲကပင်တောင်တော်ကို သာသနာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ဆံတော်ရှင်အစစ် ကိန်းဝပ်စံပယ်တော်မူသော စေတီတည်ရှိရာ ဇွဲကပင်တောင်ခြေရှိ လုမ္ဗိနီဥယျာဉ်တော်တွင် နှစ်စဉ် တပေါင်းလပြည့်ရောက်တိုင်း တပေါင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တပေါင်းပွဲတော်ကာလရောက်တိုင်း အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသော ဒေသခံ တိုင်းရင်းသားများ ပြန်လည်ရောက်ရှိလာကြပြီး ဆွေမျိုးသားချင်းများနှင့် အတူ တပေါင်းပွဲတော်အား ဆင်နွှဲခြင်းနှင့် ဇွဲကပင်တောင်တော်ပေါ်သို့ တက်ရောက်လေ့ရှိကြသည်။ တပေါင်းပွဲတော်တွင် တပေါင်းလပြည့်မတိုင်ခင် ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ကာ အထူးတရားပွဲများဖြင့် စတင်ခဲ့ပြီး ကရင်၊ဗမာ၊ မွန်ဇာတ်များ ထည့်သွင်းခြင်း၊ ပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲများဖြင့် လုမ္ဗိနီဥယျာဉ်တော်အတွင်း စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဇွဲကပင်တောင်ပေါ်သို့ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်နှင့် အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင်လူ ပြည်သူများ ဘုရားဖူးရန် နေ့စဉ်တက်ကြသူများ ရှိသော်လည်း ယခုကဲ့သို့ နှစ်စဉ် တပေါင်းလပြည့်နေ့ တပေါင်းပွဲတော်ရက်များတွင် နံနက်ပိုင်းမှစတင်ကာ ညပိုင်းတစ်ညလုံး တက်ရောက်ကြသူများ ပိုမိုများလျက်ရှိသည်။ ဇွဲကပင်တောင် ဆရာတော်ကြီးသည် ဇွဲကပင်တောင်ခြေတွင် လုမ္ဗနီဥယျာဉ်တော်မှ မြင့်မား မတ်စောက်သော ဇွဲကပင်တောင်ပေါ်သို့ ခုနစ်ရက် သားသမီးများ စေတီတော်အား ပင်ပန်းဆင်းရဲမှုကင်းစွာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် Cable Car စီမံကိန်းကိုလည်း စီစဉ်ဆောင်ရွက်နေလျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့် Cable Car စီမံကိန်း ပြီးစီးသွားပါက ဇွဲကပင် ဆံတော်ရှင်စေတီတော်မြတ်ကြီးကို လာရောက် ဖူးမြော်ကြသူများသည် ပင်ပန်းဆင်းရဲမှုမရှိစေဘဲ Cable Car စီးပြီး အမြင့်မှ ဒေသရှုခင်းများကို ကြည့်ရှုခံစားကာ ဇွဲကပင် ဆံတော်ရှင် စေတီတော်မြတ်ကြီးကို ဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးထားသော မွန်ပြည်သစ်ပါတီအားဂုဏ်ပြုထောက်ခံ

**မော်လမြိုင် မတ် ၃**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ကြီးမှူးကျင်းပသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးထားသော မွန်ပြည်သစ်ပါတီအား ဂုဏ်ပြုထောက်ခံပွဲကိုချောင်းဆုံမြို့ အနောက်ရပ်ကွက် စိန်ပါတီ ဘုန်းတော်ကြီး ကျောင်းရှေ့၌ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးဝင်းမော်ဦး၊ ခရိုင်မြို့နယ်များရှိ ဥက္ကဋ္ဌများ၊အဖွဲ့ဝင်များ၊ သဘာပတိ



အဖြစ် နိုင်အောင်သန်းနှင့် လေးဦး စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ဂုဏ်ပြုခဲ့ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ သဘာပတိက အဖွင့်အမှာစကားပြောကြားခြင်း၊ မွန်ဘာသာဖြင့် နန်ကြည်ခိုင်က (NCA) လက်မှတ်ရေးထိုးထားသော မွန်ပြည်သစ်ပါတီအား ထောက်ခံကြိုဆိုကြောင်း အဆိုတင်သွင်းခြင်း၊ မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင် မသီတာစိုးနှင့် မွန်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖွဲ့ဝင် ဒေါ်မေသူဝင်းတို့က မြန်မာဘာသာဖြင့် ထောက်ခံကြောင်း အဆိုကို တင်သွင်းဆောင်ရွက်ခဲ့ကြသည်။

မွန်ပြည်သစ်ပါတီက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး(NCA)လက်မှတ်ထိုးထားခြင်းနှင့် ပတ်သက်ပြီး မွန်ပြည်နယ်မှာလည်းဖြစ်တယ်။ နောက်တစ်ခါ မွန်ပြည်နယ် သထုံခရိုင်ဘက်မှာဆိုလျှင်(KNU)ရှိတယ်၊ ဒီဘက်မှာဆိုလျှင်မွန်ပြည်သစ်ပါတီရှိတယ်။ ဒီနှစ်ဖွဲ့လုံးက(NCA)လမ်းကြောင်းပေါ်မှာ ရောက်လာသည့်အတွက် တစ်နိုင်ငံလုံးပြည်သူတွေ မျှော်လင့်နေသော ငြိမ်းချမ်းရေး အခွင့်အလမ်းများ ပေါ်ထွက်လာပြီး ကျွန်တော်တို့ပါတီအနေနှင့်လည်း ငြိမ်းချမ်းရေးကိစ္စဖြစ်သည့်အတွက် ကျွန်တော်တို့ ပါတီအနေနှင့်တာဝန်ရှိတယ်လို့ခံယူထားပြီး ယခုလိုကြိုဆိုဂုဏ်ပြုထောက်ခံပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ဦးဝင်းမော်ဦးက ပြောကြားသည်။ **တင်ထွဋ် (မော်လမြိုင်)**

## နွေရာသီကျောင်းပိတ်ရက်များတွင် အခြေခံအားကစားနည်းများသင်ကြားပေး

**ဘားအံ မတ် ၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား နွေရာသီ ကျောင်းပိတ်ချိန်များတွင် အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်ပြီး နွေရာသီအားကစားသင်တန်းဖွင့်လှစ်ပေးမည်ဖြစ်ရာ မတ် ၁ ရက်၊ နံနက် ၈ နာရီက ဘားအံမြို့မိုးလုံလေလုံအားကစားရုံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

အဆိုပါ နွေရာသီ အားကစားသင်တန်းများတွင် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်သည် အားကစားနည်းများဖြစ်ကြသည့် အေရိုးဗစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ ဂျူဒို၊ အားကစားနည်းများတွင် စိတ်ဝင်စားရာ အားကစားနည်းအလိုက် ပါဝင်သင်တန်း တက်ကြမည်ဖြစ်ပြီး ကရင်ပြည်နယ်ရှိ မြန်မာ့လက်ရွေးစင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ရွေးစင် အားကစားသမား နည်းပြများက မတ် ၁ ရက်မှ ၁၅ ရက်အထိ သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ရှေးဟောင်းသမိုင်းဝင် ရွှေဂူမြင့်စေတီတော်ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူ



**ကန့်ဘလူ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာ(မြေထူးမြို့ဟောင်း)ရှေးဟောင်းသမိုင်းဝင်ရွှေဂူမြင့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁ ရက် နံနက် ၉ နာရီက စေတီတော်၌ကျင်းပရာ မြေထူးကျေးရွာအနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ ဒေသခံပြည်သူများက ပင့်သံဃာတစ်ရာကျော်နှင့်သီလရှင်ဆရာလေးများအားစုပေါင်းလောင်းလှူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များထံမှ လှူဒါန်းမှုအစုစုတို့အတွက် သာဓု အနုမောဒနာတရား နာယူကြည်ညိုကြပြီး ရေစက်ချ အမျှပေးဝေကြသည်။ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းနှင့်အချိုပွဲများ ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါ ရှေးဟောင်းသမိုင်းဝင် မြေထူးမြို့ဟောင်း ရွှေဂူမြင့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# လှိုင်ကော်မြို့၌ မြို့လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူ

**လှိုင်ကော် မတ် ၃**

နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သည့် သီရိမင်္ဂလာတောင်တော် (တောင်ကွဲ)စေတီတော်မြတ် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်ကြီး (၄၉) ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကို မတ် ၁ ရက် ညနေ ၃ နာရီက သီရိမင်္ဂလာတောင်တော် (တောင်ကွဲ)စေတီတော်မြတ် တောင်တော်ပတ်လည်တွင် စုပေါင်းလောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာနေ မိဘပြည်သူတို့က ပင့်သံဃာ၊ သီလရှင် ဆရာလေးအပါး ၁၅၀၀ ကျော်တို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# စည်သူချောင်းကို ဖြတ်သန်းမည့် မေတ္တာရှင်ပေါင်းကူးတံတားကို ဒေသခံများ စုပေါင်းဆောက်လုပ်

**မိတ္ထီလာ မတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရတနာမာရ်အောင်ရပ်ကွက်အတွင်းရှိ စည်သူချောင်းကို ဖြတ်သန်းသွားလာသည့် မေတ္တာရှင် ပေါင်းကူးတံတားကို ဒေသခံများမှ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ရတနာမာရ်အောင်ဘုရားအနောက်ဘက်မှ နေ၍ ရတနာမာရ်အောင်ရပ်ကွက် နယ်မြေ ၁-၂ နှင့် ၃-၄ အကြားရှိ စည်သူချောင်းကူးတံတားမှာ ယခင်ကသစ်သားတံတားတည်ရှိသော်လည်း ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် မိုးကြီးရေလျှံ၍ တံတားပျက်စီးသွားပြီး ကားများ၊ ဆိုင်ကယ်များသွားလာရအခက်အခဲကြုံတွေ့နေရသောကြောင့် အဆိုပါ ချောင်းကို ဖြတ်သန်းသွားလာရ အဆင်ပြေစေရန် ရတနာမာရ်အောင်ရပ်ကွက်အတွင်းရှိ နယ်မြေ ၁၊ ၂၊ ၃၊ ၄ နယ်မြေများမှ ရပ်မိရပ်ဖ များ ကကော်မတီဖွဲ့စည်းပြီး ရပ်ကွက်နေပြည်သူများက စုပေါင်း၍ အရှည် ပေ ၂၀၊ အကျယ် ၉ ပေ၊ အမြင့် ၈ ပေရှိ RC အမျိုးအစား မေတ္တာရှင်ပေါင်းကူးတံတားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင် ဆောက်လုပ်လျက်ရှိရာယခုဆိုလျှင် ၈၀ ရာခိုင်နှုန်း ပြီးစီးဖြစ်သည်။



အဆိုပါ မေတ္တာရှင် ပေါင်းကူးတံတား တည်ဆောက်ပြီးစီးပါက ရပ်ကွက်အတွင်းရှိ ဒေသခံများမှာ စည်သူချောင်းအား ရာသီမရွေးဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း တံတားဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြထွန်းကပြောကြားခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# နွေရာသီပန်းချီ(အခမဲ့)သင်တန်းဖွင့်

**ကသာ မတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းဖွင့်လှစ်သော နွေ ရာသီပန်းချီ(အခမဲ့) သင်တန်းကို မတ် ၁ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြမွန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြော ကြားသည်။

ထို့နောက်ပန်းချီဆရာကြီး ဦးခင်မောင်ရင်က တက်ရောက်လာသော ကလေးသူငယ်ကျောင်းသား ကျောင်းသူလေးများအား ပန်းချီပညာအား တစိုက်မတ်မတ် လေ့လာသင်ယူရန်နှင့် ပန်းချီပညာ၏ ဝေါဟာရများကို ပြောကြားသည်။

အဆိုပါ နွေရာသီပန်းချီ (အခမဲ့) သင်တန်းတွင် စေတနာရှင် ပန်းချီဆရာများဖြစ်သော ဆရာ ဦးခင်မောင်ရင်၊ ဆရာ ဦးဝင်းခိုင်သော်နှင့် ဆရာဦးကျော်ဆွေတို့က သင်ကြားမည်ဖြစ်သည်။ သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးခန့် တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။ **ခရိုင် (ပြန်/ဆက်)**

# မိုးညှင်းမြို့နယ်၌ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

**မိုးညှင်း မတ် ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းက သင်တန်းသား သင်တန်းသူများထံသို့ သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းကာလအတွင်းဆောင်ရွက်ခဲ့သည့် ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ၏ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး သင်တန်းကာလအတွင်း ပြုလုပ်ဆောင်ရွက်ခဲ့သည့် ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ကျေးလက်နေပြည်သူလူထု လူငယ်လူရွယ်များ အလုပ်အကိုင်ရရှိစေရေး၊ မိသားစုဝင်ငွေတိုးပွားရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့်သင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၇ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သက်ငယ်မုဒိမ်း အသိပညာပေးဟောပြော



**သထုံ မတ် ၃**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးညွှန်ကြားမှု၊ သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းကြီးကြပ်မှုဖြင့် မတ် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက သထုံမြို့နယ် ဝီယော်ကျေးရွာ ဒေသခံများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် နယ်မြေခံစခန်းမှူး ရဲအုပ်သိန်းနိုင်တို့က မှုခင်းအသိပညာပေးယာဉ်ဖြင့် သက်ငယ်မုဒိမ်း ကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောခဲ့ကြသည်။ **၁၃၈**

# တပေါင်းလပြည့်နေ့တွင် ပြင်ဦးလွင်၌ ဗုဒ္ဓပူဇနီယပူဇော်ပွဲများ ကျင်းပ

**ပြင်ဦးလွင် မတ် ၃**

မတ် ၁ ရက် တပေါင်းလပြည့်နေ့၌ ပြင်ဦးလွင်မြို့တွင် ဗုဒ္ဓပူဇနီယပူဇော်ပွဲများနှင့် သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၅ ဇိနမာန်အောင်လွတ်လပ်ရေးအောင်စေတီတော်မြတ်ကြီး၏ (၁၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် သံဃာ့ဒါန ဆွမ်းဆန်တော်လောင်းလှူပွဲအဖြစ် သံဃာတော် ၁၀၈ ပါးကို ပြင်ဦးလွင်မြို့ပေါ်ရှိ တပ်၊ ဌာနအသီးသီးနှင့် ဘာသာရေး၊ လူမှုရေး အဖွဲ့အစည်းများ၊ မြို့နေပြည်သူလူထုများ စုပေါင်း၍ ဆွမ်းဆန်တော်မှအစ အခြားလှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တပေါင်းလပြည့်နေ့ နံနက်တွင်ပင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၀ ရှိ ကံ့ကော်တစ်ထောင် မြမဥ္ဇူလေးမျက်နှာဘုရား၌ သံဃာတော်များကို သံဃာ့ဒါနအဖြစ် ဆွမ်းဆန်တော်များလောင်းလှူခဲ့ကြကြောင်းသိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာရှိ တောင်သူများ နွေစပါးစံကွက်ရိတ်သိမ်း

**ကဝ မတ် ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ တောင်သူ ဒေါ်အေးမူ၏ ကွင်းအမှတ် ၁၁၃၀၊ ဦးပိုင် ၁/၂ ရှိ လယ်မြေ (၅.၀၀)ကေတွင် ဖေဖော်ဝါရီ ၂၇ ရက်က နွေစပါးသီးထပ်ရင်စပါးအား မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လွင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မြေစာရင်း၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရန်အောင်နှင့် တောင်သူများမှ စံကွက်ရိတ်သိမ်းရာ တစ်ဧကအစိုအထွက်နှုန်း (၁၃၉.၂၈) တင်း ထွက်ရှိကြောင်း သိရသည်။



ကဝမြို့နယ်အတွင်း နွေစပါး တစ်ဧကပျမ်းမျှတင်း (၁၀၀)နှင့်အထက် ထွက်ရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဌာနမှ နွေစပါးစိုက်တောင်သူတစ်ဦးချင်းတွေ့ဆုံပြီး နည်းပညာ အကူအညီနှင့် လိုအပ်ချက်များအား ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**မြန်မာ့အလင်း**

## တရားမဝင် ဆေးဝါးများ ရောင်းဝယ်ဖြန့်ဖြူးမှု ရှိ မရှိ စစ်ဆေး

**စေတုတ္တရာ မတ် ၃**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မြို့မစခန်းမှူး ဒုရဲမှူးသန်းဆွေ ခေါင်းဆောင်သော အဖွဲ့သည် မြို့နယ်ရှိ ဆေးဆိုင်များမှ စံမညီဆေးဝါးများ၊ တရားမဝင် ဆေးဝါးများနှင့် ဆေးဝါးအတုများ ရောင်းဝယ်ဖြန့်ဖြူးမှု ရှိ မရှိကို မတ် ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့သည် မြို့နယ်အတွင်း ရောင်းချလျက်ရှိသော ဆေးဆိုင်များကို လိုက်လံစစ်ဆေးခဲ့ကြပြီး အဖွဲ့တွင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အစားအသောက်ဆေးဝါးကွပ်ကဲရေးဌာနမှ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

**ကျိုက်ထို မတ် ၃**

ကျိုက်ထိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ပူပြင်းရာသီ ကျရောက်လာသည့်အတွက် မီးဘေးအန္တရာယ်ကြိုတင် အသိပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မတ် ၁ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ပြည်သူ့ဈေး၌ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

မီးငြိမ်းသတ်ခြင်းဇာတ်တိုက်လေ့ကျင့်မှုကို ဈေးဝင်းအတွင်းရှိ ဈေးရုံ (၂)နှင့် ဈေးရုံ (၃)လမ်းကြား၌ ပြုလုပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မြင့်သိန်းဦးက မြို့နယ်အတွင်း မီးလောင်မှုဖြစ်စဉ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို ရှင်းလင်းပြသသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာ ဝန်ထမ်းများက မီးသတ်ယာဉ်သုံးစီးနှင့်အတူ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုကို ဇာတ်တိုက်သရုပ်ပြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့်ဝန်ထမ်းများ၊ ကံ့ကော်ရပ်ကွက် အုပ်ချုပ်ရေးမှူးဦးမင်းမင်းအောင်နှင့်ဈေးသူဈေးသားများနှင့် မြို့မိမြို့ဖများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

**မီးဘေးရှောင် မလောင်ခင်တား**

## လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဖီပြဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲကျင်းပ

**လွိုင်လင် မတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ သမိုင်းဝင်မွေတော်ဖီပြဘုရား တပေါင်းလပြည့်နေ့ ဗုဒ္ဓပူဇနိယ တပေါင်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ကျင်းပကြောင်းသိရသည်။ သမိုင်းဝင်မွေတော်ဖီပြဘုရား တပေါင်းပွဲတော်အဖြစ် နံနက်ပိုင်းတွင် ပဋ္ဌာန်းသိမ်းအောင်ပွဲ၊ အရဏ်ဆွမ်းတော်ကြီးကပ်လှူပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ညပိုင်းတွင် ဆီမီးတစ်ထောင်လှူဒါန်းပွဲများ ကျင်းပပြုလုပ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**အောင်လံ မတ် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညိုနှင့်အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်ရဲမှူးများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ မတ် ၁ ရက် နံနက် ၉ နာရီက စမ်းချောင်းရပ်ကွက် ပြည်လမ်းရှိ သမိုင်းဝင်ကုသိနာရုံတောင်တော်ဘုရားကြီး ဗုဒ္ဓမြတ်စွယ်တော်တိုက်ကိုသွားရောက်ဖွင့်လှစ်ပြီးနောက် စက်ရုံရပ်ကွက်ရှိ စခန်းသာပရဟိတ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုကာ အလှူငွေများကို လှူဒါန်းခဲ့သည်။



ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဝန်ထမ်းအိမ်ရာလေးထပ် အဆောက်အအုံတည်ဆောက်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်သော သရက်တောရပ်ကွက် (၄)လမ်း ကွန်ကရစ်ခင်းခြင်းနှင့် အုတ်ရေမြောင်းတည်ဆောက်ခြင်း၊ (၃)လမ်း ကွန်ကရစ်ခင်းခြင်း၊ မြို့မဈေးကြီးအနောက်ဘက် ဧရာဝတီမြစ်ကမ်းဘက် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**


# အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

RGK+ Z & A Group မှ Group CEO/ Chairman ဖြစ်သူ သီဟသုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၈ရက်နေ့ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၈) အရ နိုင်ငံတော်မှ ချီးမြှင့်သော သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ထပ်မံချီးမြှင့်ခံရသည်ကို ကျွန်တော်တို့၏ ကုမ္ပဏီများအနေဖြင့် အထူးလှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

သီရိသုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Group CEO/ Chairman) သည် သက်ရှည်ကျန်းမာစွာဖြင့် တိုင်းပြည်အကျိုး သာသနာအကျိုး ကုမ္ပဏီအကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍ အောင်အောင်မြင်မြင်ဖြင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ကျွန်တော်တို့၏ ကုမ္ပဏီများအားလုံးမှ ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာ ထပ်လောင်းဂုဏ်ပြုအပ်ပါသည်။

**True Visions Co.,Ltd.**
**Myanmar ComBiz Group**
**MBC Software Development Co.,Ltd.**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **“ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်ထမ်းဆောင်လျက်ရှိကြသော အခွန်ထမ်းများအနက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်၅၀ ဦး၏စာရင်း”**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဒေါ်မာမာဦး-ဦးဇော်ဝင်း | အမှတ် ၉၁၊ မန္တလေးလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | Production | |
| ၂ | ပထမထိပ်တန်းကုန်ထုတ်သမဝါယမအသင်းလီမိတက် | တိုက် ၆၈/A၊ ဗဟိုစည်အိမ်ရာ၊ ၁၀ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | သမဝါယမအသင်း | |
| ၃ | အေးချမ်းမြေအထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း | တိုက် ၄၈၊ ဗဟိုစည်အိမ်ရာ၊ ၁၀ ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | သမဝါယမအသင်း | |
| ၄ | ဒေါ်တင်လေးနွယ် | အမှတ် ၄၅/ခ၊ သဇင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | Trading | |
| ၅ | ဦးကျော်မြင့် | အမှတ် ၉၈၊ ဗဟိုလမ်းနှင့်မာလာမြိုင်(၇)လမ်းထောင့်၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေ+အဆောက်အဦရောင်းချခြင်း | |
| ၆ | ဦးခင်မောင်စော-ဒေါ်ဝင်းဝင်း | အမှတ်၂၀၊ အနော်ရထာလမ်း၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေ+အဆောက်အဦငှား | |
| ၇ | ဦးကိုကိုထွေး | အမှတ် ၃၅၅၊ ဦးဝိစာရလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၈ | Mr.Mansoor Ali (PEPSICO) | အမှတ် ၄၁/၁၀အေ၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၉ | ဦးလှ-ဒေါ်ရွှင်ကြည် | အမှတ် ၃၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၁၀ | ဦးသိန်းဝင်းဇော် | အမှတ် ၁၀/၁၇၉၊ ရတနာမွန်အိမ်ရာ၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အဆောက်အဦငှားရမ်းခြင်း | |
| ၁၁ | ဦးကျော်ဇော၊ ဒေါ်မြစိန် | အမှတ် ၄၇၅-စီ/၈-ဘီ+၄၇၅-စီ/၉-ဒီ+၄၇၅-စီ/၁၀-ဘီ)၊ ဓမ္မစေတီလမ်း(လမ်းသွယ်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၁၂ | ဦးရိုးရိုချိန်(ခ)ဦးကျော်စိန်လင်း | အမှတ် ၃၄၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၁၃ | ဦးကျော်မြင့်(ခ)လင်အိပိန်း | အမှတ် ၂၉၊ ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေကွက်ငှားရမ်းခြင်း | |
| ၁၄ | Mr.Rajesh Balraj Ahuja (Australia and New Zealand Banking Group Ltd-Rep; Office) | အမှတ် ၆၈/ဘီ၊ ဆရာစံ၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၁၅ | ဦးကြည်စိုး | အမှတ် ၂၁၊ စက်ရုံလမ်းသွယ်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေ/တိုက်ခန်းရောင်းချခြင်း | |
| ၁၆ | ဦးအောင်ဇော်+၁ | အမှတ် ၁၁၅/Q၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်းအိမ်ရာ၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၁၇ | Mr.Jasper Lisandro Camacho (P.E.S Myanmar) | အမှတ် ၀၄-၀၁၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၁၈ | ဒေါ်နန္ဒာမော်နိုင် | အမှတ် ၈၁(စီ-၃)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၁၉ | ဒေါ်စန္ဒာဝင်း | အမှတ် ၆၆၊ သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ ၁၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၂၀ | ဒေါ်ခင်အေး | အမှတ် ၅၆/ဒီ-၁၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်ငှားရမ်းခြင်း | |
| ၂၁ | ဦးဇော်ဝင်း ပါ(၄)ဦး | အမှတ် ၁၃၈-၁၃၉၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြနန္ဒီရေခဲစက်နှင့်ပုလင်းသွတ် | |
| ၂၂ | Ajjaay Advani | UNITED SPIRITS SINGAPORE PTE LTD အမှတ် ၆၊ အောင်ဆန်းကွင်းအရှေ့၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၂၃ | ဦးအောင်စိုးဦး-ဒေါ်ချိုချိုထွန်း | အမှတ် ၁၄၂၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၂၄ | ဒေါ်လီလီမြင့် | အမှတ် ၈၈၊ တက္ကသိုလ်ရိပ်သာလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၂၅ | ဒေါ်အမရာသီရိမြိုင် | အမှတ် ၈၀/အေ၊ အင်းလျားလမ်း၊ ၁၀ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၂၆ | ဦးသိန်းထိုက် | အမှတ် ၉၊ ရွှေတောင်ကြားရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၂၇ | ဒေါ်ခိုင်ပြည့်စုံကြိုင် | အမှတ် ၃၆၂၊ ယင်းမာမြိုင်လမ်းသွယ်(၂)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၂၈ | Mr.Jens Helmut GertKnoke | အမှတ် ၂၆၊ မြေနုလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၂၉ | ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်အေးအေးမော် | အမှတ် ၇၂၊ ဘုန်းကြီးလမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းငှားရမ်း | |
| ၃၀ | ဦးလှဝေ(ပလတ်စတစ်) | အမှတ် ၃၁၊ ရွှေဟင်္သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | ပလတ်စတစ် | |
| ၃၁ | Pui Thai Chong (ပီစီမြန်မာ-ဟောင်ကောင်) | အမှတ် ၁၆၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၃၂ | မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး | အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | စုပေါင်းလုပ်ငန်း | |
| ၃၃ | ဒေါ်ခင်ညို | အမှတ် ၂၉၊ တက္ကသိုလ်ရိပ်သာလမ်းသွယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းမှမြတ်စွန်းငွေ | |
| ၃၄ | ဒေါ်စန်းမြင့် | အမှတ် (၉/အေ)၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၃၅ | ဦးခင်မောင်မြင့် | အမှတ် ၆/စီ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေရောင်း | |
| ၃၆ | ဒေါ်တင်ကြည်-ဦးရေအေး | အမှတ် ၂၉၊ ပြည်လမ်း(၇ မိုင်)၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေ/တိုက်ခန်းရောင်းချခြင်း | |
| ၃၇ | ဂျာရန်းအနက်အန်ဒမ်(ပီစီမြန်မာ-ဟောင်ကောင်) | ၁၆၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၃၈ | ဦးကျော်ဇင်လှ-ဦးနေမျိုးလှ | အမှတ် ၅/အေ၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေ/တိုက်ခန်းရောင်းချခြင်း | |
| ၃၉ | ဦးအောင်ဇော်-ဒေါ်ယဉ်ယဉ်မြတ် | အမှတ် ၂၈/က၊ မလိခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | အိမ်မြေ/တိုက်ခန်းရောင်းချခြင်း | |
| ၄၀ | Mr.Dominic Sheek Wing Lum(P.E.S Myanmar) | ၀၄-၀၁၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၁ | Mr.Kohji Maruyama (MITSUBISHI ELECTRIC) | 04-05, UBC ၊နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၂ | Azian Bin Mohd Sabirin (ပီစီမြန်မာ-ဟောင်ကောင်) | ၁၆၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၃ | Micheal Toh(P.E.S Myanmar) | ၀၄-၀၁၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၄ | မစ္စတာနီတင်ကူးမားမီရှာရာ (P.E.S Myanmar) | ၀၄-၀၁၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၅ | Mr.Seiro Tokunaga (OJI Asia Packaging Sdn Bhd) (Myanmar) | အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၆ | ဦးမင်းမော် | အမှတ် ၄၁၊ အသံလွှင့်စက်ရုံလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေရောင်းချခြင်း | |
| ၄၇ | Mr.Wong Chee Keong (မြန်မာဂျပန်စီးကရက်) | အမှတ် ၂၃၆၊ (ဒီ-၃)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၈ | Mr.Yuro Kisaka (AEON Microfinance Myanmar Co.,Ltd) | တိုက်(ဘီ)၊ အခန်း (ဂျီ-၁/၁၈)၊ ပုလဲကွန်ဒို၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |
| ၄၉ | ဒေါ်မူမူဝင်း | အမှတ် ၄၀၄၊ အင်ကြင်းမြိုင်လမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | မြေ+အိမ်ရောင်းချခြင်း | |
| ၅၀ | Mr.Hugh Raebvrn (P.E.S Myanmar) | အမှတ် ၀၄-၀၁၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး | လစာ | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်အများဆုံးထမ်းဆောင်သည့် အခွန်ထမ်းများရွေးချယ်ရာတွင် အခွန်အမျိုးအစားအလိုက် အခွန်အများဆုံးပေးဆောင်ခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် စည်းကြပ်တောင်းခံသည့်အခွန်ငွေများကို စည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များအညီ အခွန်အရပ်ရပ်ကြိုတင်ခွန်များကို သတ်မှတ်ထားသည့်ကာလအတွင်း မပျက်မကွက်ပေးဆောင်ခဲ့ခြင်း၊ အခွန်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအညီ ဝင်ငွေကြေညာလွှာများကို သတ်မှတ်ထားသည့်အချိန်ကာလအတွင်း အချိန်မီတင်သွင်းခဲ့ခြင်း၊ ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အပါအဝင် နှစ်အဆက်ဆက်စည်းကြပ်တောင်းခံသည့် အခွန်ငွေများအားလုံးကို အခွန်ကြွေးကျန်မရှိ အပြေအကျေပေးဆောင်ခဲ့ခြင်း စသည့်အချက်များနှင့် စိစစ်ရွေးချယ်ခဲ့ရာ **"ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် အခွန်ထမ်းဆောင်လျက်ရှိကြသော အခွန်ထမ်းများအနက် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သော မြန်မာကုမ္ပဏီ/လုပ်ငန်းရှင်၅၀ ဦး၏စာရင်း"**အား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သူ မြန်မာကုမ္ပဏီ/နိုင်ငံခြားကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Websiteဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးနှင့် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်/မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်သည့်လုပ်ငန်းရှင် (၅၀)ဦးစာရင်း**

| စဉ် | အခွန်ထမ်းအမည် | လိပ်စာ | ရုံး/ဌာန တိုင်းဒေသကြီး/ပြည်နယ်/ ပြည်ထောင်စုနယ်မြေ | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | မာမာဦး/ဒေါ်+ဇော်ဝင်း/ဦး (Royal Myawaddy Distillery Group) | အမှတ်-၉၁၊ မဥ္ဇူလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | Production | |
| ၂ | ပထမထိပ်တန်းကုန်ထုတ် သမဝါယမအသင်းလီမိတက် | တိုက်-၆၈/ A၊ ဗဟိုစည်အိမ်ရာ၁၀ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | သမဝါယမအသင်း | |
| ၃ | ဦးတင်ရွှေ | အမှတ်-၁၄၃-၁၄၄ မဟာ့ရာမင်းသားကြီးလမ်း၊ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေမြန်မာ အရက်ပုလင်းသွတ် | |
| ၄ | အေးချမ်းမြေအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း | တိုက်-၄၈၊ ဗဟိုစည်အိမ်ရာ၊ ၁၀ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | သမဝါယမအသင်း | |
| ၅ | ဒေါ်ခင်ခင်စံ | အမှတ်-၁၆(ဘီ)၊ ပါရမီလမ်း၊ ၆-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | မင်းလမ်းမုန့်တီ | |
| ၆ | ဦးဝင်းငွေ(Fuji Japanese Restaurant)၊ (ရွှေပလ္လင်)အင်ဂျင်ဝိုင်ရောင်းလုပ်ငန်း | အမှတ်-၃၇၊ဟံသာဝတီလမ်း၊ Junction Square၊ ၇-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၇ | ဦးတင်စိုး (မြင်းနီတံဆိပ်အရက်ပုလင်းသွတ်) | အမှတ်-၁၄၈၊ ရန်ပြေ-၁၀လမ်း၊ ၃-ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ထုတ်လုပ်မှုလုပ်ငန်း | |
| ၈ | ဦးသန်းဝင်း | အမှတ်-၅၁၈၊ ကင်းတားလမ်း၊ ဇုန်-၃တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ကားထုတ်လုပ်ရေး | |
| ၉ | ဦးစိုးညီညီ | အမှတ်-၆၈၊ တော်ဝင်လမ်း၊ ၄-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | Feel စားသောက်ဆိုင် | |
| ၁၀ | ဦးမြင့်ထွန်း | အမှတ်-၅၁၈၊ ကင်းတားလမ်း၊ ဇုန်-၃၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | မော်တော်ယာဉ်ထုတ်လုပ်ရေး | |
| ၁၁ | ဦးတင်ရွှေ | အမှတ်-၄၂/၈၃၊ စက်မှုလမ်း၊ စက်မှုဇုန်-၁၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အရက်ချက် | |
| ၁၂ | ဦးခင်မောင်စော-ဒေါ်ဝင်းဝင်း | အမှတ်-၂၀၊ အနော်ရထာလမ်း၊ အနော်ရထာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | မြေ+အဆောက်အဦငှားရမ်းခြင်း | |
| ၁၃ | ဒေါ်အိမေလွင်+(၂)ဦး (Happy Cafe & Noodles) | အမှတ်-၁၀၄/ဘီ၊ အင်းလျားလမ်း၊ ၉-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၁၄ | ဦးဝေလင်း | အမှတ်-၄၂/၁၇၀(ခ)၊ စက်မှုလမ်း၊ ဇုန်-၁၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အရက်ချက် | |
| ၁၅ | ဦးစိုးညီညီ(Feel မြန်မာထမင်းဆိုင်+)Tasteစားသောက်ဆိုင် | အမှတ်-၁၂၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ပြည်အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၁၆ | ဦးမောင်မောင်မြင့်+၁(ပုဂံမင်း) | ၁၂၃+၁၂၄+၁၂၅၊ ကနောင်-၇လမ်း၊ ရွှေပေါက်ကံ-၁၉ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ထုတ်လုပ်မှုလုပ်ငန်း | |
| ၁၇ | ဦးမြတ်ဆွေမြင့် | အမှတ်-၄၇၊ ဗဟိုလမ်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၁၈ | ဦးတင်ဝင်း | အမှတ်-၄၂/၁၆၉၊ စက်မှု ၁ လမ်း၊ စက်မှုဇုန်-၁၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အရက်ချက် | |
| ၁၉ | ဦးမျိုးသိန်းထွေး+ဦးအောင်လင်း(My Garden Restaurants) | ပြည်သူ့ရင်ပြင်ဝင်း၊ ပြည်လမ်း၊ အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၂၀ | ဦးအောင်ကျော်ဝင်း | အမှတ်-၇၀၁၊ မဟာဗန္ဓုလလမ်း၊ ၁-ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေနန်းတော်ရွှေဆိုင် | |
| ၂၁ | ခင်မောင်ဦး/ဦး | ၈-မိုင်လမ်းဆုံ၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေဘဲစားသောက်ဆိုင် | |
| ၂၂ | ဦးမောင်မောင်ဝင်း+2 | အမှတ်-၆၇၈၊ မဟာဗန္ဓုလလမ်း(စုံ)၊ ၄-ရပ်ကွက်၊ လသာမြို့နယ်။ | ရန်ကုန်တိုင်းဒေသကြီး | စိန်ဂေဟာစူပါမားကတ် | |
| ၂၃ | ဦးကိုကိုကြီး | အမှတ်-၄၂/၁၀၅၊ အမှတ်-၄လမ်းမကြီး၊ ဇုန်(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စက်သုံးဆီ | |
| ၂၄ | ဦးစိုးလွင် | တံတားဦးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ထုတ်လုပ်မှု | |
| ၂၅ | ဦးတင်လှ | အမှတ်-၁၇၀/၁၇၁/၁၇၆/၁၇၇/၁၇၈၊ သဇင်လမ်း၊ ၆၃-ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | သံထည်ရောင်း | |
| ၂၆ | ဒေါ်ဖြူဖြူဝင်း(ခ)ဒေါ်အေးအေးမော် | အမှတ်-၇၂၊ ဘုန်းကြီးလမ်း၊ ၆-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အခြေပစ္စည်းငှားရမ်း | |
| ၂၇ | ဦးခင်မောင်ဦး(ရွှေဘဲစားသောက်ဆိုင်) | အမှတ်-၁/၅ အီး၊ ဆရာစံလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင်လုပ်ငန်း | |
| ၂၈ | တင်ထွန်းထွန်း/ဦး | အမှတ်-၄၈၊ ကမ္ဘာအေးဘုရားလမ်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ယူနန်အသားကင်ဆိုင် | |
| ၂၉ | ချိုချိုအောင်တင်/ဒေါ် (Myanmar Vigour Group) | R-No-411,Level-4,Strand Square No,53,Strand Road, ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အကျိုးဆောင်ရှေ့နေ | |
| ၃၀ | ဒေါ်သန်းသန်းအေး | အမှတ်-၁၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗိုလ်ချို-၁ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင်လုပ်ငန်း | |
| ၃၁ | အောင်လင်း/ဦး(My Friends Unplugged & Restaurant) | တပ်ထိန်း(၃)ဝင်း၊ ပါရမီလမ်း၊ ၁၅-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၃၂ | ဒေါ်သန်းသန်းအေး/ဒေါ်ညိုချော(ရွှေကောင်းဟော့ပေါ့) | နာနတ်တောလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ၇-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၃၃ | ဦးခင်မောင်ဦး(ရွှေဘဲစားသောက်ဆိုင်) | ကန်တော်မင်္ဂလာပန်းခြံ၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၃၄ | ဝါဝါဦး/ဒေါ် | ဂျန်းရှင်း(နေပြည်တော်)၊ ပြည်သူ့ရင်ပြင်ဝင်း၊ အိုးရှင်း၊ ၉-မိုင်၊ ပြည်လမ်း၊ ၄-ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ပန်းစွယ်တော်ကဖီး | |
| ၃၅ | ဦးခင်မောင်ဦး | အမှတ်-၂၂၂/၂၂၄၊ ကမ်းနားလမ်း၊ နန်းသီတာဆိပ်ကမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၃၆ | တင်လှ(ခ)အာမက်/ဦး+တင်မြင့်နီ/ဦး | အမှတ်-၂၁၆-ပါ(၂၃)ဆိုင်၊ အနော်ရထာလမ်း၊ ၁၁-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | နီလာ ဒံပေါက် | |
| ၃၇ | ဦးတင်ဝင်း | အမှတ်-၁၅၀၊ ဘောဂဗလလမ်း၊ ၈-ရပ်ကွက်(ဇုန်)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ထုတ်လုပ်မှုလုပ်ငန်း | |
| ၃၈ | ဦးငွေမြင့်အောင်+ဦးဇော်မိုးဝင်း | အမှတ်-၁၂၉-ဘီ/ သံချက်ဝန်ဦးညွန့်လမ်း၊ စက်မှုဇုန်-၂၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အရက်ပုလင်းသွင်း | |
| ၃၉ | ဦးတင်ဦး-ဒေါ်လှမြင့် | အမှတ်-၇၄၅/၇၄၆/၇၅၇/၇၃၁၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ရွှေစင်ရွှေဆိုင် | |
| ၄၀ | စိုးထွန်း/ဦး (TEN MILES) | အမှတ်-၁၄၅၊ ၁၀-မိုင်၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | service | |
| ၄၁ | ဒေါ်စန္ဒာခင်(ဇက်ဖာစားသောက်ဆိုင်) | အမှတ်-၂၈၊ အင်းလျားလမ်း၊ ၉-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၄၂ | အိုက်ပန်း/ဦး | မြကျွန်းသာပန်းဥယျာဉ်၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ခိုင်လီ စားသောက်ဆိုင် | |
| ၄၃ | ဦးမျိုးသိန်း(ခ)ငွေသိန်း | ၄၂/၄၈(ခ)အင်ကြင်းမြိုင်လမ်း၊ စက်မှုဇုန်-၁၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အရက်ချက် | |
| ၄၄ | ခင်ခင်ဝင်း/ဒေါ်(Super Winစားသောက်ဆိုင်) | အမှတ်-၆၇၊ အင်းစိန်လမ်း၊ ၉-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၄၅ | အောင်ချို/ဦး | မြကျွန်းသာဝင်း၊ ၁၀-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ဖူမာန်လုံ စားသောက်ဆိုင် | |
| ၄၆ | ဒေါ်ယုယုလွင် | အမှတ်-၂၈၊ ဆရာစံလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင်လုပ်ငန်း | |
| ၄၇ | ဒေါ်တင်စုစုမာ | အမှတ်-၈၉၊ သိမ်ဖြူလမ်း၊ ၆-ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | အမှတ်တရပစ္စည်းအရောင်းဆိုင် | |
| ၄၈ | ဦးဝင်းကြည်+ဦးစန်းယု | အမှတ် ၂၀၊ ပုလဲလမ်း၊ ရွှေ/၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင်လုပ်ငန်း | |
| ၄၉ | သန်းကြည်/ဒေါ် | အမှတ် ၁၃၂၊ အထက်ပန်းဆိုးတန်းလမ်း၊ ကန်မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | စားသောက်ဆိုင် | |
| ၅၀ | ထွန်းထွန်းဝင်း/ဦး(ဇော်ကားထုတ်လုပ်ရေး) | အမှတ်-၈၁၊ မြန်မာ့ဂုဏ်ရည်လမ်း၊ စက်မှုဇုန်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ရန်ကုန်တိုင်းဒေသကြီး | ထုတ်လုပ်မှုလုပ်ငန်း | |

# ပြည်လမ်း၊ ဇူမိုင်မှ ခြေလျှမ်း 500 ခန့်သာ

# အသစ်စက်စက် (၂) ထပ် လုံးချင်းတိုက် ကို

# ကွန်ဒိုဈေးနှုန်းဖြင့်သာ ဝယ်ယူနိုင်မည်

# သိန်း 2990 ခန့်





**KBZ Bank**

နှင့် ချိတ်ဆက်ပြီး

(၁၅) နှစ်

အရစ်ကျစနစ်ဖြင့်လည်း

ဝယ်ယူနိုင်ပါသည်

- (၄.၃.၂၀၁၈) မှ (၁၁.၃.၂၀၁၈) အထိ
  (သောကြာ၊ စနေ၊ တနင်္ဂနွေ)
- နံနက် (၉) နာရီမှ ည (၉) နာရီ
- @ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်ဘက်မုဒ်ရှေ့ "Myanmar Culture"
- @ အမှတ် (9/A)၊ ယိုးဒယားလမ်း၊ မရမ်းကုန်းမြို့နယ်။

www.igreendeveloper.com

မြန်မာနိုင်ငံသားများပိုင်ဆိုင်သော
iGREEN DEVELOPMENT & ENGINEERING GROUP

09 799 089 042, 09 775 509 173, 09 763 672 613

# မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်အကြီးမားဆုံးကျင်းပပြုလုပ်သော

## 2nd THE LARGEST DIGITAL INKJET PRINTING, MEDIA & ADVERTISING SIGN EXPO IN MYANMAR (2018)

**VENUE : TAMADAW HALL,U WISARA ROAD** **DATE : MARCH 9TH TO 11TH 2018** **TIME : 9:00 TO 5:30**

- ကြိုတင်စာရင်းပေးသွင်းထားသော visitor များကိုပြပွဲရက်အတွင်း Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။
- ပြပွဲတွင်လာရောက်ကြည့်ရှုသော visitor များအနေဖြင့် Game အစီအစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ပြီး လက်ဆောင်ပစ္စည်းများ ရယူနိုင်ပါသည်။
- ( ကံစမ်းမဲဖောက်ပေးမည့်အချိန် : နံနက် 11:00 နာရီမှ 12:00 နာရီ ထိ ၊ နေ့လည် 2:00 နာရီမှ 3:00 နာရီ ထိ)

ORGANIZED BY - myanmar Gh we care your future

ပါဝင်ပြသမည့်ပစ္စည်းများ
- Indoor/ Outdoor Digital Inkjet Printers
- UV Roll to Roll / Flatbed Inkjet Printers
- Textile Printing Machine
- HP Latex Printers
- HP Design Jet Printers
- EPSON Printers
- CNC Cutting Machine
- Display Products
- LED
- Original Light Boxes



(ပြပွဲတွင်ပါဝင်ပြသလိုသော လုပ်ငန်းရှင်ကြီးများ အောက်ပါ Hot Line ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။)

**HOT LINE : 09-777588878 , 09-777588898**

MAIN SPONSOR: GOLDEN HEROES
GOLD SPONSOR: Gandamar Business Solutions
CO-SPONSOR: iPentum TECHNOLOGY; AUNG WONDER (AUNG WONDER Trading Co., Ltd.); AOD Advertising Co.,Ltd (A&T)
MEDIA SPONSOR: hp Designjet D5800; Myanmar Apple

myanmargh.118@gmail.com
www.facebook.com/ myanmargh
www.myanmargh.com , www.digitalinkjetprinting sign expo myanmar.com , www.media&advertising sign expo myanmar.com



MYANAUTO INTERNATIONAL AUTO PARTS, ACCESSORIES, SERVICE AND REPAIR EQUIPMENT EXHIBITION 2018 | National Skills Standards Authority

## Myanmar Skill Competition (Automobile Technology) ပြိုင်ပွဲလျှောက်လွှာခေါ်ယူခြင်း

Myanmar Skill Competition ပြိုင်ပွဲ၏ Automobile Technology စွမ်းရည်ပြိုင်ပွဲကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉၊ ၃၀၊ ၃၁ ရက်နေ့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၂၂ နှစ်ထက် မကျော်လွန်သော မြန်မာနိုင်ငံသားများ ဝင်ရောက် ယှဉ်ပြိုင်နိုင်ပါသည်။ ယှဉ်ပြိုင်မည့်သူများသည် မိမိ၏အလုပ်ရှင် (သို့) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက် ပါရှိရပါမည်။

(က) မော်တော်ယာဉ်ဆိုင်ရာ အထွေထွေဗဟုသုတ ရေးဖြေ (ခ) အင်ဂျင်အိုဗာဟောနှင့် Measurement လက်တွေ့ (ဂ) Automatic Tranaxle (U 340 E) Overhaul နှင့် Measurement လက်တွေ့

(ဃ) Body Electrical Wiring (Simulator Board) Trouble Shooting လက်တွေ့တို့ ဖြစ်ပါသည်။

ပြိုင်ပွဲကျင်းပမည့် နေရာမှာ မကွေး(သို့) ရန်ကုန်တွင် ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယ နှင့် အကောင်းဆုံး ယှဉ်ပြိုင်သူဆုအဖြစ် (၄)ဦးကို ဆုချီးမြှင့်မည်ဖြစ်ပါသည်။

အဆိုပါ (၄)ဦးကို ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပမည့် Asean Skills Competition သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် (၄)လကြာ စခန်းသွင်း လေ့ကျင့်မည်ဖြစ်ပါသည်။

Myanmar Skill Competition လျှောက်လွှာများနှင့် အသေးစိတ်အချက်အလက်တို့ကို အောက်ပါပုဂ္ဂိုလ်များထံတွင် ရယူနိုင်ပါသည်။

၁။ ဦးအောင်ကြည်မောင် (ရန်ကုန်) , Assessor, NSSA , 09-43202011
၂။ ဦးအောင်အောင်ဦး , Assessor, NSSA , 09- 441 009 485
၃။ ဒေါ်ချယ်ရီထွန်း , Assessment Centre Manager , Assessment Centre (Magway) 09-440226551;09-793989783

လျှောက်လွှာများကို ၂၀၁၈ ခုနှစ် မတ်လ ၂၀ ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ပေးပို့ရန် ဖြစ်ပါသည်။


### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဟိန်းမင်းဇော် ၉/မလန(နိုင်)၁၃၁၂၅၄၏ Passport No (MC931700) သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၄၅၀၀၅၃၁

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၇၀၆၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံမြို့)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၄၉၃)၊ ဧရိယာ ၀ဒသမ၀၈၂၈က ဦးကိုကို ၉/ပဗသ(နိုင်)၀၀၄၀၅၇ (ဘ) ဦးကြောင်နီအမည်ပေါက် ပါမစ်မြေကွက်ကို ဦးကျော်ကျော်လတ် ၉/ပမန(နိုင်)၁၈၃၆၆၆ (ဘ) ဦးအောင်ချင်းမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ် စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ဦးမျိုးသန်းထွန်း ၁၂/သဃက(နိုင်)၀၀၀၆၉၆ နှင့် ဒေါ်ကြည်ကြည်မွန် ၁၂/လကန(နိုင်) ၀၃၇၆၂၆တို့သည် ၂၀-၂-၂၀၁၈ရက်တွင် သဘောထားချင်းမတိုက်ဆိုင်သောကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်မွန်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ န၀ဒေးအိမ်ရာစီမံကိန်း)၊ မြေကွက်အမှတ် ၁၃၇၃-ခ၊ ဧရိယာ ၀ဒသမ ၀၄၄၈ကရှိ ဒေါ်ဆန်းယဉ်နု အမည်ပေါက် မြေကွက်အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်ထုတ်ပေးရေးကို ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၃၆၃)နေ ဦးအောင်ကိုဦး ၁၂/တမန(နိုင်)၁၁၄၀၀၁နှင့် တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် (၃၁၁)၊ သုံးလွှာနေ ဦးမင်းခန့်ဟိန်း ၉/အမဇ(နိုင်)၀၁၁၈၇၅တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ အမှတ် (၄၀၃)၊ ပထမထပ် (A) တိုက်ခန်းမှာ ဦးအောင်ကိုဦး၊ ဦးမင်းခန့်ဟိန်းတို့က ၁-၇-၂၀၁၆ ရက်တွင် မူလပိုင်ရှင် ဦးမျိုးကျော်တင့် TME -၀၃၇၅၄၄ထံမှ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဦးအောင်ကိုဦး၊ ဦးမင်းခန့်ဟိန်းတို့၏ သဘောတူခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ဦးအောင်ကိုဦး၊ ဦးမင်းခန့်ဟိန်းတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက်က တစ်နည်းနည်းဖြင့် ဆောင်ရွက်ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဦးအောင်ကိုဦး၊ ဦးမင်းခန့်ဟိန်း**
**(လွှဲအပ်ညွှန်ကြားသူများ)**

**ဦးမျိုးညွှန့် LL.B (ဖျာပုံ)**
**တရားလွှတ်တော်ရှေ့နေ (၈၇၂၆)**
**အမှတ် (၄၂) (၅လွှာ)၊ (၁၃၇)လမ်း**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၂**

# GENERAL PAINTS

GENERAL PAINTS & CHEMICALS INDUSTRIES CO.,LTD

Super Q All Seasons

ISO 9001:2015

GENERAL PAINTS COMPANY မှ ထုတ်လုပ်ဖြန့်ချီသော Super Q All seasons ဆေးပုံးများ အတွင်းတွင်
သုံးစွဲသူ Customer များအတွက် ၊ ငွေသားကံစမ်းမဲများ အပြင် Super Q All seasons POINTS CARD
ငွေသား လက်ဆောင်များကိုလည်း ထည့်သွင်းပေးထားပါသည်။




များများစု
များများရ

PROMOTION ကာလ ( 01 / 01 / 2018) မှ (30 / 06 / 2018) အထိ

၄င်း POINTS CARD များကို GENERAL PAINTS အရောင်း ကိုယ်စားလှယ်ဆိုင်များတွင် လဲလှယ်ရယူနိုင်ပါသည်။ POINTS CARD များ၏ ခံစားခွင့် အမျိုးမျိုးကို POINTS CARD ကဒ်၏နောက်ကျောတွင် ရေးသားထားပါသည်။

TEL : 01-3685831, 3687884, 3687886, 3687906, 3687947, 3687948, 3684810

MADE IN MYANMAR



မ SEVEN စ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊ "ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၆ယ/၅၁၀၄၆ Honda Wave S-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနန္ဒာလှိုင် ၈/မကန(နိုင်)၁၅၀၆၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/7955 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8038 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/4677 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9623 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**


ဇော် မိတ္တူ/ကွန်ပျူတာ
Copy & Computer

ဇော် မိတ္တူ၏ မိတ်ဟောင်း၊ မိတ်သစ် အပေါင်းတို့ ခင်ဗျား ...
ဇော် မိတ္တူ/ကွန်ပျူတာ၏ ဆိုင်ခွဲ(၆)ကို အမှတ်(၅/ခ) ဗေဒါသီရိလမ်း၊ ကမာရွတ်၊ လှည်းတန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။ Customer များ၏ ကျေးဇူးကိုတုံ့ပြန်သောအားဖြင့် 20% Special Discount ကို(၃၁-၃-၂၀၁၈)ရက်အထိ စီစဉ်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Door to Door Delivery
20% Discount
High Quality, Low Price!



အသည်းရောဂါအမျိုးမျိုးအတွက် အစွမ်းထက် သဘာဝသမြားနီဥဖြင့် ခေတ်မီနည်းစနစ်တကျ ထုတ်လုပ်ထားတဲ့




ဆရာမြင့်၏ စကြာမင်း အမှတ်တံဆိပ် သမြားနီ အသည်းဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 013845(1020)

သမြားနီတွင် ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Anti-oxidant property) ပါရှိခြင်းကြောင့် အသည်းပျက်စီးမှုကို ကာကွယ်အထောက်အကူပြုနိုင်ပြီး အသည်း၏ လုပ်ငန်းဆောင်တာ စွမ်းဆောင်ရည်များကို ကောင်းမွန်စေပါသည်။

ပင်ရင်း -စကြာမင်း တိုင်းရင်းဆေးဝါးစက်ရုံ - အမှတ် ၂၆၁၊ (၆)လမ်း၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၇၃၀၄၅၁၁၉။

စကြာမင်း ဆေးတိုက်နှင့် ဆေးကုဌာန - အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၉၇၅၂၄။



POLARIS ACADEMY

"မိတများထံသို့ အသိပေးနှိုးဆော်လွှာ"

ဆရာကြီးယ်ခင်ကိုကို (M.A, Eng.,) (UK) ဦးစီးတည်ထောင်သော English Composition Class မှ သင်ကြားပေးပါမည်။
(၈၊ ၉၊ ၁၀ တန်းတက်မည့် ကျောင်းသား/သူများ ၂၀၁၈ပညာသင်နှစ်အတွက်အထူးသင်တန်း) (သင်ကြားမည့် အစီအစဉ်)

၁။ English Composition - နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Composition) ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်းအကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ ရေးသားတွေးခေါ်ပုံ၊ ဘာသာပြန်ဆိုပုံနှင့် Sentence(4)မျိုး၊ Clause(5)မျိုး၊ Speech(2)မျိုး၊ Voice(2)မျိုး၊ Usage(4)မျိုး၊ Phrase(12) မျိုးတို့ကို ပညာရှင် တစ်ယောက်ဖြစ်သည်အထိ သင်ကြားပေးခြင်း။

၂။ Letters & Essays - International တန်းဝင်သည့် Letters/Essays တို့ကို တစ်ဆင့်ခြင်း နားလည် သဘောပေါက်ပြီး ကိုယ်ကိုယ်တိုင်ရေးသားနိုင်အောင် သင်ကြားပေးခြင်း။

၃။ English Text Book - ကျောင်းတွင်ပြဋ္ဌာန်းထားသော အင်္ဂလိပ်စာအုပ်။

၄။ Phonetics - Phonetics အသံထွက် သင်္ကေတတို့ ဖြစ်ပါသည်။

"သင်တန်းချိန်" တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ
Section (1) နံနက်(၉း၃၀)နာရီမှ(၁၁း၃၀)နာရီထိ။(၅. ၃. ၂၀၁၈)စမည်(၃)လသင်တန်း
Section (2) ညနေ(၄း၀၀)နာရီမှ(၆း၀၀)နာရီထိ။(၅. ၃. ၂၀၁၈)စမည်(၃)လသင်တန်း

(၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇)တန်းတက်မည့်သူများအတွက် Fun for Starters, Movers, Flyers, 4-Skills, Grammar, Essay, English Text Book တို့ကို သင်ကြားပေးမည်။
"သင်တန်းချိန်" တနင်္လာ၊အင်္ဂါ၊ကြာသပတေး၊သောကြာ
နံနက်(၇း၃၀)နာရီမှ (၉း၃၀)နာရီထိ (၅. ၃. ၂၀၁၈)စမည်။ (၃)လသင်တန်း

(Senior ဆရာမများမှ အိမ်ပိုင်းများကိုပါ လက်ခံသင်ကြားပေးသည်)

နေရာ - တိုက်အမှတ်(4)A-2(ပထမထပ်)၊ ဆ/က ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဘုရားလမ်းမှတ်တိုင်၊စုပါဆေးခန်းနှင့် ဆေးဘုရင်ကြား)
ဖုန်း- ၀၉-၄၂၀၁၀၄၈၀၀၊ Facebook Name: Polaris Academy



ဝိတိုရိယ ဆေးရုံ
Victoria Hospital

HVC နှလုံးနှင့်သွေးကြောဌာန

၁.၃.၂၀၁၈ မှစ၍
ဝိတိုရိယဆေးရုံ၊ နှလုံးနှင့် သွေးကြောဌာနတွင်

နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram) ၁၀ သိန်း

နှလုံးသွေးကြောချဲ့ကုသခြင်း (Angioplasty) ၄၃ သိန်း

24/7 Emergency Services

BOOKING - HUNT LINE : +95 1 9666141, HOT LINES : +95 9 783666 141~4, EXT - 7080 (OR) 2

## မာတိကာ

ညောင်ချောင်းသာကမ်းခြေ၌ အစိုးရရုံးပိတ်ရက်များတွင် လာရောက်လည်ပတ်သူ ပိုမိုများပြား စာ ၇

တရားမဝင်သစ်များ သယ်ဆောင်သည့် ယာဉ်ဖြင့် တိုက်မိမှုကြောင့် နမ့်ခမ်းမြို့ အဝင်မှခ်ဦး ပြိုကျမှုဖြစ် စာ ၁၂

သတင်းထောက်တစ်ဦး အသတ်ခံရသည့်အပေါ် တရားမျှတမှုရှိအောင် စုံစမ်းဖော်ထုတ်ရေး ဆလိုဗက်ပြည်သူများ ဆန္ဒပြ စာ ၁၄



# ရုံးပိတ်ရက်ရှည်ကာလ ကျွန်းအပန်းဖြေ ခရီးသွားပြည်သူများ ပိုမိုများပြား

မြိတ် မတ် ၃

တပေါင်းလပြည့်နေ့၊ တောင်သူလယ်သမားနေ့နှင့် စနေ၊ တနင်္ဂနွေနေ့တို့သည် အစိုးရရုံးပိတ်ရက်ကာလ တစ်ဆက်တည်းဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ကျွန်းအပန်းဖြေခရီးထွက်လာသူများ ခရီးသွားလေယာဉ်၊ ယာဉ်ကြီး ယာဉ်ငယ်များဖြင့် မြိတ်မြို့သို့ လာရောက်ကြရာ ပုံမှန်ထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

မြိတ်ကျွန်းစုတွင် ကျွန်းအပန်းဖြေခရီးသွားရောက်နိုင်သည့် ကျွန်းများမှာ လေးကျွန်း၊ ဒုံးကျွန်း၊ ဒုံးရေတံခွန်၊ နတ်သမီး ရေတွင်းကျွန်း၊ ပါပန့်ကျွန်း၊ တောင်ပံကြီးကျွန်း၊ လိပ်ဥစောင်ကျွန်း၊ ကြယ်လိပ်ကျွန်း၊ ခနသိဒ္ဓိကျွန်း၊ သဲနက်တန်း (နှစ်ဖက်လှ)ကျွန်း စသောကျွန်းများရှိရာ *စာမျက်နှာ ၇ ကော်လံ ၁* ❀

# ရတနာပုံအသင်း အဝေးကွင်း၌ သရေကျ

ရန်ကုန် မတ် ၃

**၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပရာ မကွေးအသင်းအနိုင်ရပြီး Southern နှင့် ရတနာပုံအသင်း သရေကျခဲ့သည်။**

မော်လမြိုင်ကွင်း၌ ကျင်းပသော ပွဲတွင် Southern နှင့် ရတနာပုံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်း ရှုံးပွဲနှင့် ကြုံတွေ့မှုကို ရတနာပုံအသင်း အခွင့်ကောင်းမယူနိုင်ခဲ့ဘဲ ယခုပွဲသရေရလဒ်ကြောင့် ဒုတိယနေရာမှ တတိယနေရာသို့ ဆင်းပေးခဲ့ရသည်။ ပြီးခဲ့သည့်ရာသီက ရတနာပုံကို အိမ်ကွင်း၌ အနိုင်ကစားထားခဲ့သည့် Southern အသင်းသည် ယခုပွဲတွင်လည်း ရလဒ်ကောင်း ထပ်မံရယူနိုင်ခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ-စိုးညွန့်

ရတနာပုံအသင်းသည် အဝေးကွင်းတွင် အတောင့်တင်းဆုံး လူစာရင်းဖြင့် ပွဲထွက်လာခဲ့ပြီး Southern အသင်းမှာလည်း အိမ်ကွင်းတွင် နိုင်ပွဲဆက်နိုင်ရန် လူစုံအသုံးပြုခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် ရတနာပုံအသင်း ဂိုးစရခဲ့ပြီး ရှိုင်းသူရက သွင်းယူခဲ့ခြင်းဖြစ်သည်။ Southern အသင်းသည် ဂိုးပေးလိုက်ရသော်လည်း ကစားကွက်ပျက်မသွားဘဲ ချေပဂိုးရရန် ပြန်ဖိကစားလာခဲ့ပြီး မိနစ် ၂၀ တွင် ရန်နိုင်ထွေးက ဂိုးပြန်သွင်းခဲ့သည်။ ၃၁ မိနစ်တွင် ရတနာပုံအသင်းမှ ရဲကိုဦးနှင့် Southern အသင်းမှ ဇော်လင်းထက်တို့ အချင်းများသဖြင့် နှစ်ဦးစလုံး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် Southern အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ရတနာပုံအသင်းသည် သရေရလဒ်ကို ထိန်းကစားခဲ့ရသည်။ *စာမျက်နှာ ၁၃ ကော်လံ ၂* ✪

# AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ဖိလစ်ပိုင်သို့ထွက်ခွာ

**ရန်ကုန် မတ် ၃**

၂၀၁၈ AFC Cup ပြိုင်ပွဲ အုပ်စု (F) တတိယပွဲအဖြစ် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် အဝေးကွင်းယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်းသည် ယနေ့နံနက်ပိုင်းက ဖိလစ်ပိုင်နိုင်ငံ ဘာကိုလော့မြို့သို့ ထွက်ခွာသွားသည်။

ရှမ်းယူနိုက်တက်အသင်းတွင် Operation **မန်နေဂျာအဖြစ်** ဦးရဲမျိုးထွန်း၊ **အုပ်ချုပ်သူအဖြစ်** ဦးခင်မောင်ထွန်း၊ **နည်းပြချုပ်အဖြစ်** ဦးစိုးမြတ်မင်း ၊ **လက်ထောက်နည်းပြအဖြစ်**- ဦးအောင်ကျော်ထွန်း၊ ဦးဟန်ဝင်းအောင်၊ **ဂိုးနည်းပြအဖြစ်**- ဦးအောင်သက်၊ **မီဒီယာတာဝန်ခံအဖြစ်** ဦးအောင်ကျော်ကျော်၊ **အကြောကျွမ်းကျင်အဖြစ်** ဦးမင်းမင်း၊ ကစားသမားများအဖြစ် **ဂိုးသမား**- သီဟစည်သူ၊ မျိုးမင်းလတ်၊ **နောက်တန်း**- ထိုက်ထိုက်အောင်၊ ဟိန်းဖြိုးဝင်း၊ ဝင်းမင်းထွဋ်၊ ဇီလုံ၊ ဇော်လင်း၊ ဟိန်းသီဟဇော်၊ **အလယ်တန်း**-နေလင်းထွန်း၊ အောင်ရှိုးသာမောင်၊ ချစ်စုမို၊ ရန်နိုင်ဦး၊ လီဟန်ကွတ်၊ ဇင်မင်းထွန်း၊ **ရှေ့တန်း**-ခရစ္စတိုဖာ၊ ဒွေးကိုကိုချစ်၊ စိုးမင်းဦး၊ ပက်ထရစ်တို့ ပါဝင်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (F) တွင် အန်ကော (ကမ္ဘောဒီးယား)၊ ဆီရက်စ် (ဖိလစ်ပိုင်)၊ ဟုမ်းယူနိုက်တက် (စင်ကာပူ)တို့နှင့် ကျရောက်နေပြီး နှစ်ပွဲကစားသုံးမှတ် ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပွဲတွင် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသော်လည်း ဒုတိယပွဲတွင် ကမ္ဘောဒီးယားကလပ် အန်ကောအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ *စာမျက်နှာ ၁၃ ကော်လံ ၆* ❍

